# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်၊ ၂၀၁၂ ခုနှစ်၊ ဧပြီ ၁၃ ရက်၊ သောကြာနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၉၆)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

# နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ဖွင့်ပွဲကျင်းပ

## မြို့တော်ခန်းမအတွင်းရှိ ပဟိုမဏ္ဍပ်၊ ဟိုတယ်ဇုန်ရှိ ရေကစားမဏ္ဍပ်များနှင့် ပျော်ပြေရေးမဏ္ဍပ်များတွင် နေပြည်တော်ရှိ မြို့တော်သူ မြို့တော်သားများ စည်ကားသိုက်မြိုက်ပျော်ရွှင်စွာရေကစားနိုင်





### ကြည့်ရှုအားပေး

နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော် မြို့တော်ဝန် ဦးသိန်းညွန့်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများ နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ် ဖွင့်ပွဲ အခမ်းအနားတွင် အနုပညာရှင်များ သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၁၂

**၁၃၇၃ ခုနှစ် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၅ နာရီခွဲတွင် နေပြည်တော် မြို့တော်ခန်းမရှေ့၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ ကုမ္ပဏီများနှင့် နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်များမှ ယိမ်းအကအဖွဲ့များ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်က နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အခမ်းအနားသည် မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ်၏ နှစ်ဟောင်းကုန်ဆုံးပြီး နှစ်သစ်သို့ကူးပြောင်းသော မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို နေပြည်တော်၌ တတိယအကြိမ် ခမ်းခမ်းနားနား ကျင်းပဖွင့်လှစ်သည့် အခမ်းအနားကြီးပင် ဖြစ်ပါကြောင်း။

ယခုကဲ့သို့ မဟာသင်္ကြန်ပွဲတော်ကြီးသည် ရှေးမြန်မာမင်းများလက်ထက် ခေတ်အဆက်ဆက်မှစ၍ မပျက်မကွက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်ကြီးလည်း ဖြစ်သည့်အပြင် ဆယ့်နှစ်လရာသီပွဲတော်များအနက် အလွန်လေးနက်ထူးခြားလှသည့် အမျိုးသားရေးအနှစ်သာရများဖြင့် ကျင်းပသော မြန်မာတစ်မျိုးသားလုံး၏ ပွဲတော်ကြီးလည်းဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အုပ်ချုပ်ရေးရုံးများ ရုံးစိုက်ရာ မြို့တော်ဖြစ်သော နေပြည်တော်၌ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းမိသားစုများ၊ ဟိုတယ်နှင့် ကုမ္ပဏီများမှ မိသားစုများ၊ မြို့တော်သူ မြို့တော်သားများက တပျော်တပါး ပါဝင်ဆင်နွှဲကြမှာလည်း ဖြစ်ပါကြောင်း။

*စာမျက်နှာ ၇ ကော်လံ ၁* *



နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဧပြီ ၁၃ ရက်)

# သင်္ကြန်ကုသိုလ်နှင့် ဓမ္မအတွေး

မြန်မာတို့အနေဖြင့် နှစ်ဟောင်းမှနှစ်သစ်ကူးပြီဆိုလျှင် ကုသိုလ်ဒါနအမျိုးမျိုးပြုလေ့ရှိကြသည်။ နှစ်ဟောင်းက မကောင်းမှုအကုသိုလ်အညစ်အကြေးများ ငြိမ်းအေးပပျောက်စေခြင်းအလို့ငှာ ကုသိုလ် အမျိုးမျိုး၊ ဒါနအဖုံဖုံပြုကြခြင်းပင်ဖြစ်သည်။ ဒုလ္လဘရဟန်းခံသည်၊ သီလရှင်ဝတ်သည်၊ တရားစခန်းဝင်သည်၊ စတုဒိသာကျွေးမွေးသည် စသည်ဖြင့် ကုသိုလ်အမျိုးမျိုးပြုလုပ်ကြခြင်းပင်ဖြစ်၏။

ဘာပဲလုပ်လုပ် ကိုယ့်အတွက်အမြတ်တစ်ခုတော့ ကျန်ရမည်ဆိုသည့်စကားရှိ၏။ သင်္ကြန်ကာလ ကုသိုလ်ဒါနပြုသည်ဆိုရာတွင် အားလပ်ရက်တစ်ခဏဆိုသော်လည်း တစ်ဘဝအတွက် အကျိုးရှိစေမည့် အလုပ်များသာဖြစ်၏။ တစ်ခဏအတွင်းရလာသည့် ဓမ္မအသိကို တစ်ဘဝအတွက် အနှစ်သာရရှိရှိစွဲမြဲစွာ ကျင့်သုံးသင့်၏။ သင်္ကြန်ကာလကုသိုလ်ပြုကြသူတိုင်းသည် ဓမ္မအသိတစ်ခုခုကို ရရှိစေမည်မှာ သေချာသည်။ ထိုအသိကို အရှည်သဖြင့် ဆက်လက်ကျင့်သုံးသင့်၏။

ဥပမာအားဖြင့် တရားစခန်းဝင်သည် ဆိုပါစို့။ တရားစခန်းဝင်သူတိုင်းသည် ဝိပဿနာရှုနည်း၊ တရားရှုမှတ်နည်း၊ တရားထိုင်နည်းများကို သိရပေမည်။ ထိုဓမ္မသုတ၊ ဓမ္မအသိများသည် တစ်ခဏတာ လုပ်ရမည့် အလုပ်မဟုတ်။ အမြဲတမ်းစွဲစွဲမြဲမြဲလုပ်ရမည့်အလုပ်ဖြစ်သည်။ တစ်နေ့အိပ်ရာမဝင်မီ အနည်းဆုံး ၁၀ မိနစ်၊ ၁၅ မိနစ်ခန့် အာနာပါန ဝင်လေသိ ထွက်လေသိ တရားထိုင် တရားရှုမှတ်ခြင်းကို ပြုသင့်၏။ ဤသို့တရားရှုမှတ်ပွားများခြင်းသည် လောကီလောကုတ် နှစ်ဖြာသောအကျိုးတရားကိုဖြစ်စေနိုင်သည်ဟု ဆရာတော် သံဃာတော်များက မကြာခဏဟောကြားလေ့ရှိသည်။

တစ်ခါ ဓမ္မနှင့်ပတ်သက်၍ လမ်းသုံးလမ်းရှိကြောင်းကိုလည်း ဆရာတော် သံဃာတော်များ ဟောကြားသည်ကို မှတ်သားနာယူခဲ့ဖူးသည်။ ထိုလမ်းသုံးလမ်းသည်ကား ကံလမ်း၊ ဈာန်လမ်းနှင့် ဉာဏ်လမ်းတဲ့။ ဒါနသီလပြုခြင်းက ကံလမ်း။ကံလမ်းအတိုင်းသွားလျှင် လူ့ပြည်နှင့်နတ်ပြည်ကို ရောက်သည် ဆို၏။ သမထတရားများအားထုတ်ခြင်းက ဈာန်လမ်း။ ဈာန်လမ်းအတိုင်းသွားလျှင် ဗြဟ္မာပြည်ရောက်သည် ဆို၏။ ဝိပဿနာအားထုတ်ပွားများခြင်းက ဉာဏ်လမ်း။ ဉာဏ်လမ်းကသွားလျှင် နိဗ္ဗာန်ကိုရောက်နိုင်သည်ဟု ဆို၏။ ကဲ-ဘယ်လမ်းကသွားချင်သလဲ ကြိုက်ရာလမ်းက သွားကြပေတော့။ အားလုံးလမ်းကောင်း တွေချည်းပါပဲ။

ပုထုဇဉ်လူသားပေမို့လားမသိ။ လူအများစုကတော့ ကံလမ်းက သွားချင်ကြပုံများ၏။ "နိဗ္ဗာန်မလိုချင်သေးပါဘူးကွာ…။ ၃၁ ဘုံထဲမှာ ကျင်လည်ဦးမယ်…။ ကာမဂုဏ်စည်းစိမ်ဥစ္စာတွေ ခံစားမယ်…။ ရယ်မယ်၊ ငိုမယ်၊ ဒီလင် ဒီမယား ဒီသားသမီးတွေနဲ့ ဘဝဆက်တိုင်းတွေ့ချင်သေးတယ်" ဟူ၍ ပြောကြဆိုကြသူများ၏။ ဘာပဲဖြစ်ဖြစ် ဗုဒ္ဓဘာသာဝင်တစ်ဦး၏ပန်းတိုင်သည် နိဗ္ဗာန်ဆိုသည်ကို မမေ့သင့်ပေ။

သို့ဖြစ်၍ ဤသင်္ကြန်ကာလအတွင်းရရှိလာသည့် ဓမ္မအသိ၊ ဓမ္မသုတများသည် ဘဝတစ်သက်တာလုံး လိုက်နာကျင့်သုံးသွားရမည့် တရားများဖြစ်သည်။ အရှည်သဖြင့် ကျင့်ကြံပွားများရမည်သာဖြစ်ပါသည်။ ဒါနကုသိုလ်ဖြစ်စေ၊ သီလကုသိုလ်ဖြစ်စေ၊ ဘာဝနာကုသိုလ်ဖြစ်စေ နေ့စဉ်တစ်ခုခုကို ပြုကျင့်ထိုက်ပေ၏။ ဗုဒ္ဓဘာသာဝင်တစ်ဦးအနေဖြင့် ဘာသာရေးအလုပ်ကိုလည်း နေ့စဉ်ပြုကျင့်သင့်ပါကြောင်း အသိပေး တိုက်တွန်းလိုက်ရပါသည်။ ။

## ကန်ကြီးထောင့်မြို့နယ်၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကျင်းပ

**ကန်ကြီးထောင့် ဧပြီ ၁၂**

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် နန္ဒင်းဂရက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးသစ်နှင့် လင်းရောင်ခြည်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၈ ရက် နံနက် ၉ နာရီက အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပသည်။ ရှေးဦးစွာ ကန်ကြီးထောင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြို့ဆောင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မာဦး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ကြိုင်နှင့် ရပ်မိရပ်ဖ ဦးငြိမ်းအေး တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ကြသည်။ **(အောက်ပုံ)**

ထို့နောက် စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲကို စာကြည့်တိုက်အတွင်း ဆက်လက်ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးအကြောင်း ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် လင်းရောင်ခြည်စာကြည့်တိုက်အတွက် စာအုပ်စာစောင်များပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက လက်ခံယူသည်။ အဆိုပါအဆောက်အအုံမှာ အကျယ်ပေ ၅၀×၂၀ရှိ တစ်ထပ်အုတ်ညှပ်၊ သွပ်မိုးအဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**



## လားရှိုးမြို့နယ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆွေးနွေး

**လားရှိုး ဧပြီ ၁၂**

လားရှိုးမြို့နယ် ပန်ဆပ်ကျေးရွာအုပ်စု၌ သစ်တောဦးစီးဌာနမှ ဦးဆောင်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် တောရိုင်းတိရစ္ဆာန်များ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ ဆွေးနွေးပွဲကို မတ် ၂၉ရက် နံနက် ၉နာရီခွဲက ကျင်းပသည်။ ဆွေးနွေးပွဲတွင် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးလှဦးနှင့် တောအုပ်ကြီးဦးစိုင်းထွန်းလူတို့က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်တောရိုင်းတိရစ္ဆာန်များ ကာကွယ်ထိန်းသိမ်းရေးတို့ကို ရှင်းလင်းဆွေးနွေးကြပြီး နယ်မြေခံတောအုပ်ကြီးဦးစိုးလှက သစ်တောဥပဒေ၊ နည်းဥပဒေနှင့် တောရိုင်းတိရစ္ဆာန်ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(၄၀၁)**

# မြန်မာ-ထိုင်း စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် ဧပြီ ၁၂**

ထိုင်းနိုင်ငံ The Federation of Thai Industries(FTI) မှ ဥက္ကဋ္ဌ Mr.Payungsak Chartsutipol ဦးဆောင်၍ အဖွဲ့ဝင် ၈၁ ဦး ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၂၅ ရက်မှ ၂၈ ရက်အတွင်း မြန်မာနိုင်ငံသို့ လာရောက်ကြမည်ဖြစ်သည်။

အထက်ပါ FTI ကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပူးပေါင်း၍ မြန်မာ-ထိုင်း စီးပွားရေးလုပ်ငန်းရှင်များအကြား စီးပွားရေးဆိုင်ရာတွေ့ဆုံပွဲနှင့် ကုန်ပစ္စည်းလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲကို ဧပြီ ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် အသင်းချုပ်ရုံး၌ကျင်းပမည်ဖြစ်သည်။

ထိုင်းကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးလိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် UMFCCI ဖုန်း- ၂၁၄၃၄၄၊ ၂၁၄၃၄၉၊ Ext- ၁၂၁၊ ၁၂၂ တို့သို့ ဆက်သွယ်၍လည်းကောင်း၊ ကိုယ်တိုင်သို့မဟုတ် ကိုယ်စားလှယ်များစေလွှတ်၍လည်းကောင်း ဧပြီ ၂၄ ရက်အရောက် အမည်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(ကုန်သည်/စက်မှုအသင်းချုပ်)**

## ဝန်ထမ်းများအား လုပ်အားယှဉ်ပြိုင်ဆုပေးအပ်

**ရန်ကုန် ဧပြီ ၁၂**

ရန်ကုန်အရှေ့ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကော်မတီ၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဝန်ထမ်းများအား ထောက်ပံ့ကြေး ပေးအပ်ခြင်းနှင့် ယာဉ်လိုင်းအလိုက် လုပ်အားယှဉ်ပြိုင်ဆုပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ဧပြီ ၇ ရက် နံနက် ၉ နာရီက သဃ်္ဃန်းကျွန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက အမှာစကားပြောကြားသည်။ ဆက်လက်၍ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ရန်ကုန် အရှေ့ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌက ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ထောက်ပံ့ကြေးငွေ ပေးအပ်ခြင်း၊ လုပ်အားယှဉ်ပြိုင်ဆု ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဌာနခွဲအလိုက် ဝန်ထမ်းများအား ထောက်ပံ့ကြေးငွေများချီးမြှင့်သည်။ **(အောက်ပုံ)** ယင်းနောက် တာဝန်ရှိသူများက အကောင်းဆုံး ယာဉ်ပိုင်ရှင်ဆု၊ ယာဉ်မောင်းဆုနှင့် ယာဉ်နောက်လိုက်ဆုရ ခရိုင်ယာဉ်လိုင်း ၁၅ လိုင်းမှ ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား စုစုပေါင်း ငွေကျပ် ၁၅၈၅၀၀၀၀ ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(၀၂၅)**



## အခွန်ဆိုင်ရာ ရှင်းလင်းတင်ပြပွဲ ကျင်းပ

**မော်လမြိုင်ကျွန်း ဧပြီ ၁၂**

မော်လမြိုင်ကျွန်းမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှ ကြီးမှူးကျင်းပသော အခွန်ဆိုင်ရာ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပွဲကို ဧပြီ ၉ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန မော်ရာခန်းမ၌ ကျင်းပရာ မြို့ပေါ်ရှိ ဌာနဆိုင်ရာ ၃၃ ဌာနနှင့် အခွန်ထမ်းပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်က အမှာစကား ပြောကြားပြီး မြို့နယ်ပြည်တွင်းအခွန်များ ဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဒေါ်ခင်အေးအေးမော်က မြို့နယ်ဌာနဆိုင်ရာများနှင့်အခွန်ထမ်းပြည်သူများ သိရှိရမည့် အခွန်ဆိုင်ရာ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာများနှင့် အခွန်ထမ်းပြည်သူများ၏ မေးမြန်းချက်များကို မြို့နယ် ပြည်တွင်းအခွန်ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရှိရသည်။ **(ဝ၆၅)**

စာအုပ်စာပေ လူ့မိတ်ဆွေ

## ယင်းမာပင်၌ အမျိုးသမီးအိမ်တွင်းမှုသင်တန်းများဆင်း

**ယင်းမာပင် ဧပြီ ၁၂**

ယင်းမာပင်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၁၅)၊ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၉) သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၂၃ ရက် နံနက် ၁၁ နာရီခွဲက အဆိုပါသင်တန်းကျောင်း ခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကြည်နိုင်က သင်တန်းဆင်းအမှာစကားပြောကြားသည်။ ဆက်လက်ပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက **(ယာပုံ)** အပ်ချုပ်စက်တစ်စုံစီပေးအပ်ချီးမြှင့်သည်။ ထို့နောက်သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းကျောင်းအုပ် ဆရာမကြီး ဒေါ်မြမြအေးက ပေးအပ်ရာ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက လက်ခံယူသည်။

အခမ်းအနားအပြီးတွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် အဖွဲ့သည် သင်တန်းသူများ၏ လက်ရာပစ္စည်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရှိရသည်။ **(အိမ်တွင်းမှု)**



## မော်တော်ယာဉ်လိုင်းသစ်ဖွင့်

**တောင်ကြီး ဧပြီ ၁၂**

တောင်ကြီးမြို့ အမှတ်(၆)မော်တော်ယာဉ်လိုင်း လိုင်းသစ်ဖွင့်ပွဲကို မတ် ၃၀ ရက် နံနက် ၈ နာရီက ချမ်းမြသာစည်ရပ် အောင်တော်မူကျောင်းတိုက်အနီး ကားဂိတ်၌ ကျင်းပသည်။ အခမ်းအနားတွင် မ. ထ. သ ဥက္ကဋ္ဌ ဦးကျော်သန်းနှင့်ချမ်းမြသာစည်ရပ်ကွက် အုပ်ချုပ်ရေးမှူးဦးမောင်မောင်တာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**အခမဲ့ပြေးဆွဲ**

အဆိုပါ လိုင်းသစ်ခရီးစဉ်မှာ အောင်တော်မူကျောင်းဂိတ်မှ မြို့မဈေး၊ မြို့မဈေးမှ အောင်တော်မူကျောင်းဂိတ်သို့ အသွားအပြန် မိနစ် ၂၀ လျှင်တစ်စီး၊ ဂိတ်မှထွက်ခွာ ပြေးဆွဲမည်ဖြစ်ပြီး ချမ်းမြသာစည်၊ ရတနာသီရိ၊ ရွှေတောင်၊ စိန်ပန်းရပ်ကွက်များသို့ ဖြတ်သန်းပြေးဆွဲကာ ယာဉ်စီးခနှုန်းမှာ တစ်ဦးလျှင်ငွေကျပ် ၁၅၀ ဖြစ်ကြောင်း၊ နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ပြေးဆွဲပေးမည်ဖြစ်ပြီး ဖွင့်ပွဲနေ့တစ်ရက်လုံး ခရီးသည်များအား ယာဉ်စီးခမယူဘဲ အခမဲ့ပြေးဆွဲပေးခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

# ရွှေတောင်စိုက်ပျိုးရေးသုတေသနခြံရှိ စိုက်ကွင်းများ

## ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ကြည့်ရှုအားပေး

**နေပြည်တော် ဧပြီ ၁၂**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်သည် ဧပြီ ၁၁ ရက် ညနေ ၄ နာရီတွင် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရွှေတောင် စိုက်ပျိုးရေးသုတေသနခြံ ဘာစမာတီ ပုလဲသွယ် စပ်မျိုးစပါး မျိုးစေ့ထုတ် ဧက ၁၀၀ စိုက်ကွင်း၌ ဝတ်မှုန်ကူးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးရာ အိန္ဒိယနိုင်ငံမှ စိုက်ပျိုးရေးပညာရှင် Mr. Mohamad C.D Siddqui နှင့် မြန်မာပညာရှင် ဦးနိုင်ကြည်ဝင်းတို့က မျိုးစေ့ထုတ် စိုက်ခင်းများ၏ အောင်မြင်ဖြစ်ထွန်းမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အိန္ဒိယနေကြာစပ်မျိုး (SURYA KIRAN)မျိုးစေ့ထုတ်စိုက်ခင်း ဧက ၁၀၀ ၌ သဘာဝနည်းဖြင့်သာမက လူ့အကူအညီ (MAN - MADE) ဖြင့် ဝတ်မှုန်ကူးဆောင်ရွက်နေမှုများ၊ **(ယာပုံ)** စပ်မျိုး နေကြာအောင်မြင်စွာ မျိုးကူးစပ်ဝတ်မှုန်ကူး ဆောင်ရွက်နိုင်မှုများ၊ တစ်ဧကအတွက် အဖိုလိုင်း (R)လိုအပ်ချက်၊ အမလိုင်း (A) လိုအပ်ချက်များကို အိန္ဒိယပညာရှင်နှင့် မြန်မာစပ်မျိုးနေကြာ ကျွမ်းကျင် ပညာရှင်ဒေါ်မြင့်မြင့်အေးတို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ငွေချည် (၆) ချည်မျှင်ရှည်ဝါ ဧက ၁၀၀ မျိုးစေ့ထုတ်စိုက်ကွင်း၏ ၃၅ ရက်သား သက်တမ်းတွင် ပန်း စတင်ပွင့်နေမှုများကိုလည်းကောင်း၊ မြန်မာပုလဲသွယ်စပ်မျိုးစပါး ဧက ၁၀၀ မျိုးစေ့ထုတ် စိုက်ကွင်း၌ တရုတ်ပညာရှင်များနှင့် မြန်မာပညာရှင်များ ပူးပေါင်း၍ ဝတ်မှုန်ကူးဆောင်ရွက်နေမှုများကို လည်းကောင်း ကြည့်ရှုအားပေးပြီး စိုက်ကွင်းအနီးရှင်းလင်းဆောင်၌ ခင်းကျင်းပြသထားသည့် ဘာစမာတီ ပုလဲသွယ်စပ်မျိုးစပါး၊ မြန်မာပုလဲသွယ်စပ်မျိုးစပါး၊ ဝါသီးနှံ၊ နေကြာသီးနှံ စပ်မျိုးစပါးမျိုးစေ့များနှင့် မျိုးစေ့ထုတ်လုပ်ပုံအဆင့်ဆင့် ပြသထားမှုများကို ကြည့်ရှုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများအား တွေ့ဆုံ၍ ပုလဲသွယ်စပ်မျိုးစပါး အပါအဝင် နေကြာ၊ ချည်မျှင်ရှည်ဝါ မျိုးစေ့များအား တောင်သူလယ်သမားများ ရာနှုန်းပြည့် ယုံကြည်စိတ်ချစွာ စိုက်ပျိုးအသုံးပြုနိုင်ရေးအတွက် အပင်ပေါက်နှုန်းအပါအဝင် ရာနှုန်းပြည့် အာမခံနိုင်သည့် (QUALITY SEED) များကို အရည်အသွေးဦးစားပေး ထုတ်လုပ်သွားရန် လိုအပ်ကြောင်း၊ နိုင်ငံနှင့် အဝန်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော ဈေးကွက်ဝင်၊ ဝင်ငွေတွက်ခြေကိုက်မည့် မျိုးစေ့များ ထုတ်လုပ်ပေးသွားရန် (SEED PRODUCTION) တာဝန်ကို ပညာရှင်များ အနေဖြင့် အရှိန်အဟုန်မြင့်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း။

ဈေးကွက်တွင် ကမ္ဘာ့အဆင့်အတန်းမီ QUALITY ယှဉ်ပြိုင်နိုင်သည့် မျိုးစေ့ကို တောင်သူများ ကျယ်ပြန့်စွာ အသုံးပြုနိုင်မှသာ မိမိတို့နိုင်ငံမှ တင်ပို့ရောင်းချသောသီးနှံများ ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ပြီး ရေရှည်တည်တံ့ခိုင်မြဲသော ဈေးကွက်ကို ရရှိမည်ဖြစ်ကြောင်း။

၎င်းတာဝန်ကို ထမ်းဆောင်ရာတွင် နိုင်ငံနှင့် အမျိုးသားအကျိုးစီးပွားအတွက် မြင့်မြတ်ဂုဏ်ယူဖွယ်ရာ တာဝန်တစ်ရပ် ထမ်းဆောင်နေသည်ဟု အလေးအနက် ခံယူကြပြီး စိတ်ဓာတ်ကောင်းကောင်းဖြင့် တိုးတက်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း။

ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်သည်အထိ လေ့လာဆည်းပူးကြရန်နှင့် ပညာရှင်များထံမှရရှိသည့် အတွေ့အကြုံများကို စာတမ်းများပြုစု၍ သုတေသနစာစောင်များ ရေးသားဆောင်ရွက်ထားရှိကြရန် လိုအပ်မည်ဖြစ်ကြောင်း။

**ဆွေးနွေးမှာကြား**

နိုင်ငံတော်သမ္မတ၏ သုတေသနပညာရပ်များကို တောင်သူလယ်သမားများ လက်ဝယ်အရောက် FROM LAB TO FARM အဖြစ် အကောင်အထည်ဖော်ရန် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အပေါ် တိတိကျကျလိုက်နာပြီး ပညာရပ်များကို လက်ဆင့်ကမ်း ပို့ဆောင်ပေးခြင်းဖြင့် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပညာရှင်များနှင့် စိုက်ကွင်းဝန်ထမ်းများအား နှစ်သစ်ကူးလက်ဆောင်အဖြစ် ဂုဏ်ပြုထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်

## ချင်းပြည်နယ် အခမဲ့မျက်စိခွဲစိတ်ကုသမှုလုပ်ငန်းအတွက် အလှူငွေပေးအပ်

**နေပြည်တော် ဧပြီ ၁၂**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ချင်းပြည်နယ် အခမဲ့မျက်စိခွဲစိတ်ကုသမှုလုပ်ငန်းအတွက် အလှူငွေပေးအပ်ပွဲကို ဧပြီ ၅ ရက် နံနက် ၈ နာရီခွဲတွင် ချင်းပြည်နယ် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်က မျက်စိခွဲစိတ်ကုသမှုလုပ်ငန်းအတွက် အလှူငွေလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အခမဲ့ မျက်စိခွဲစိတ်မှုလုပ်ငန်းအတွက် အလှူငွေကျပ် ၃၁၅၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာဘမောင်က လက်ခံပြီး ခွဲစိတ်ကုသပေးသော မျက်စိအထူးကုဆရာဝန်သုံးဦးနှင့် ခွဲစိတ်ကုသအဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်၍ ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးအတွက် ငွေကျပ်ငါးသိန်းနှင့် ခွဲစိတ်ကုသခံလူနာများအတွက် ထောက်ပံ့ငွေများကို တစ်ဦးချင်းစီ ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်း၊ ဒေါ်မြသီဂီနှင့်အဖွဲ့ဝင်များသည် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သော နွေရာသီ အမျိုးသမီးစက်ချုပ်သင်တန်းနှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ပိုင် ပညာအလင်းစာကြည့်တိုက်တို့သို့သွားရောက်၍ စာအုပ်များလှူဒါန်းကြသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမြင့်နှင့် ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်က လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယကများနှင့် ဥက္ကဋ္ဌတို့က ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့သို့ ငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဟားခါးမြို့ ဇေသလဘိုးဘွားရိပ်သာသို့သွားရောက်ပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်နာယကများနှင့်ဥက္ကဋ္ဌတို့က ငွေကျပ် ၁၄၈၆၀၀၀ နှင့် အဘိုးအဘွားများအား တစ်ဦးချင်းစီ လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ယဉ်ကျေးမှုပြတိုက်ကို လေ့လာကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယကများနှင့် ဥက္ကဋ္ဌတို့သည် ဧပြီ ၆ ရက်တွင် အရင်းမပျောက် မတည်ငွေဖြင့် ဆောင်ရွက်နေသူ ဒေါ်ငိုက်တလဲမ်၏ ဥယျာဉ်ခြံ၊ ချင်းရိုးရာ ဂျပ်ခုပ်လုပ်ငန်းဆောင်ရွက်နေသည့် ဒေါ်ကြာဘန်းနှင့် ဒေါ်ထာလုံပါရ်တို့၏ ဂျပ်ခုပ်လုပ်ငန်း၊ ဝက်မွေးမြူသူ ဒေါ်ခင်မာလာနှင့် ဒေါ်တီာလ်ကူးတို့၏ ဝက်မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုအားပေးကြပြီး ကျုံးကျုံးပရဟိတ ဖွံ့ဖြိုးရေးဂေဟာကျောင်းသို့သွားရောက်၍ ကျောင်းအတွက် ငွေကျပ်ရှစ်သိန်းနှင့် ကျောင်းသား ကျောင်းသူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဇိအုန်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် အလှူငွေကျပ် ရှစ်သိန်းနှင့် လက်ဆောင်ပစ္စည်းများကို လည်းကောင်း၊ ခေမာစာရီသီလရှင်ကျောင်းအတွက် အလှူငွေကျပ် ခြောက်သိန်းကိုလည်းကောင်း၊ သာသနာ့ရက္ခိတ တပ်ဦးကျောင်း ရဟန်းခံရှင်ပြုပွဲအတွက် ငွေကျပ်တစ်သိန်းနှင့် ဘုန်းကြီးကျောင်းအတွက် ငွေကျပ် ၂၈၀၀၀၀ ကိုလည်းကောင်း၊ သစ္စာအောင်မြေကုန်းစေတီတော်ကျောင်းတိုက်အတွက် အလှူငွေကျပ် ၁၈၀၀၀၀ ကိုလည်းကောင်း လှူဒါန်းခဲ့ကြသည်။

ဧပြီ ၇ ရက် နံနက် ၈ နာရီခွဲတွင် ဟားခါးမြို့ လာခူ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာသို့ သွားရောက်ကြပြီး ပရဟိတဂေဟာအတွက် အလှူငွေကျပ် သုံးသိန်းပေးအပ်ကာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမြင့်၊ ဖလမ်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သီတာတို့နှင့်အတူ ဖလမ်းမြို့ လုံပီးတောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ သီတင်းသုံးတော်မူခဲ့သော တောရကျောင်း ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တသိရဒ္ဓအား ဖူးမြော်ကြည်ညို၍ အလှူငွေကျပ် ၂၅၀၀၀၀ လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက်ရှိ နာဇရက်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာခန်းမ၌ ဂေဟာမှတာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ခရိုင်/မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များအား တွေ့ဆုံကာ ဂေဟာအတွက် ငွေကျပ် ၇၅၀၀၀၀ ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက်နှင့် တလန်လိုရပ်ကွက်ရှိ အသေးစား ချေးငွေဖြင့်လုပ်ကိုင်လျက်ရှိသော ချင်းရိုးရာဂျပ်ခုပ် ရက်ကန်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုလေ့လာအားပေးကြပြီး ညနေပိုင်းတွင် ဖလမ်းမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု သီလရှင်စာသင်တိုက်သို့သွားရောက်ကာ သီလရှင်များအား အလှူငွေကျပ် ၃၅၀၀၀၀ လှူဒါန်းခဲ့ကြသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယကများဖြစ်ကြသည့် ဒေါ်နီနီဝင်းနှင့် ဒေါ်မြသီဂီ၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ဖြူသန့်ပိုင်တို့သည် ဧပြီ ၉ ရက်တွင် ကလေးမြို့ ချမ်းမြေ့အောင်စည်ရပ်ကွက်ရှိ အေးရိပ်မွန် (၄) အမျိုးသမီးငယ်များ မိဘမဲ့ဂေဟာ၌ကျင်းပသည့် ယဉ်ကျေးလိမ္မာမျိုးမြန်မာသင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်ကာ ဆုရရှိသူများအား ဆုများချီးမြှင့်၍ မိဘမဲ့ဂေဟာအတွက် အလှူငွေကျပ် သုံးသိန်းကို ပေးအပ်ကာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌက အားပေးစကားပြောကြားသည်။

ယင်းနောက်အင်ဒိုင်းကုန်းရပ်ကွက်ရှိ ဆင်းရဲမှုလျှော့ချရေးအတွက် အမျိုးသမီးရေးရာအဖွဲ့က အသေးစားမတည်ရင်းနှီးငွေဖြင့် ဆောင်ရွက်ပေးထားသည့် အောင်မြင်နေသော "ဖြိုး" ပဲလှော်လုပ်ငန်းကိုကြည့်ရှုကာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)ရိပ်သာ၌ ကလေးခရိုင်အတွင်းရှိ မြို့နယ်သုံးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ခွဲများအတွက် ရန်ပုံငွေကျပ်သုံးသိန်းကို ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



### ကြည့်ရှုအားပေး

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် နာယကများနှင့် ဥက္ကဋ္ဌတို့ ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးတွင် ခွဲစိတ်ကုသခံလူနာများအား ကြည့်ရှုအားပေးစဉ်။**

(သတင်းစဉ်)

# ၂၀၁၁ ခုနှစ်အတွက် အမျိုးသားစာပေဆုမှစတင်၍ အင်္ဂလိပ်ဘာသာစာအုပ်ဆု နှစ်ဆုချီးမြှင့်မည်

**နေပြည်တော် ဧပြီ ၁၂**

၂၀၁၀ ခုနှစ်အတွက် အမျိုးသားစာပေဆုများတွင် အင်္ဂလိပ်ဘာသာစာအုပ်ဆုတစ်ဆု တိုးမြှင့်ချီးမြှင့်ခဲ့ပြီးဖြစ်ရာ ယခု ၂၀၁၁ ခုနှစ်အတွက် အမျိုးသားစာပေဆုများမှစတင်၍ အဆိုပါ အင်္ဂလိပ်ဘာသာစာအုပ်ဆုတွင် သုတနှင့် ရသ (Fiction and Non-fiction) ဟူ၍ ခွဲခြားကာ နှစ်ဆုချီးမြှင့်သွားမည် ဖြစ်သည်။

၂၀၁၀ ခုနှစ်နှင့် ၂၀၁၁ ခုနှစ် အတွက် ဖွဲ့စည်းခဲ့သော အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက ၂၀၁၀ ခုနှစ်အတွက် အမျိုးသားစာပေဆုများ စိစစ်ရွေးချယ်ရေးစုံညီပထမအကြိမ်အစည်းအဝေးတွင် မြန်မာဘာသာဆုများအပြင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထုတ်ဝေသော စာအုပ်များကိုလည်း ဆုချီးမြှင့်သင့်ကြောင်း၊ အင်္ဂလိပ်စာတိုးတက်ရေးကိုလည်း အထောက်အကူပြုရာ ရောက်ကြောင်း တင်ပြခဲ့ရာမှ အဆိုပါ အင်္ဂလိပ်ဘာသာစာအုပ်ဆုကို ၂၀၁၀ ခုနှစ်အတွက် အမျိုးသားစာပေဆုများတွင် စတင်တိုးချဲ့ ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

အင်္ဂလိပ်ဘာသာစာအုပ်ဆုအတွက် စဉ်းစားရာတွင် မြန်မာနိုင်ငံသားက အင်္ဂလိပ်ဘာသာဖြင့် ရေးသားသော ပင်ကိုရေးစာအုပ် ဖြစ်ရမည်ဖြစ်ပြီး သုတဖြစ်စေ၊ ရသဖြစ်စေ သတ်မှတ်ချက်များနှင့် ကိုက်ညီသော အကောင်းဆုံးတစ်အုပ်ကို ရွေးချယ်၍ ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ယခုနှစ်တွင်မူ ပြန်ကြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့်အညီ အဆိုပါအင်္ဂလိပ်ဘာသာစာအုပ်များအား သုတနှင့်ရသ (Fiction and Non- fiction)ခွဲခြား၍ ဆုနှစ်ဆုအဖြစ် စတင်ချီးမြှင့်တော့မည်ဖြစ်သည်။

မြန်မာနိုင်ငံသားများ အင်္ဂလိပ်စာတိုးတက်မြင့်မားရေးကို အထောက်အကူပြုရန်၊ မြန်မာနိုင်ငံသမိုင်း၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့အနုပညာဆိုင်ရာများ၊ ကမ္ဘာ့နိုင်ငံများက ကျယ်ကျယ်ပြန့်ပြန့် သိရှိစိတ်ဝင်စားလာစေရန်နှင့် စာပေလောကနှင့် စာပေလောကသားများကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန် ရည်ရွယ်ချက်များဖြင့် အင်္ဂလိပ်ဘာသာစာအုပ်ဆုကို သုတရော ရသပါ နှစ်ဆုခွဲခြားချီးမြှင့်ရန် သတ်မှတ်ခြင်းဖြစ်သည်။ အလားတူ ၂၀၁၁ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများတွင် အင်္ဂလိပ်ဘာသာစာအုပ်ဆုတစ်ဆု စတင်ချီးမြှင့်တော့မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဝတ်စုံပြည့်ဖြင့် တာဝန်ထမ်းဆောင်နေကြသည့် စာပို့လုလင်နှင့် ကြေးနန်းပို့လုလင်များအား ရေပက်ကစားခြင်း မပြုရန် မေတ္တာရပ်ခံထား

**နေပြည်တော် ဧပြီ ၁၂**

နှစ်သစ်ကူး မဟာသင်္ကြန်ရက်များအတွင်း ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ် နှစ်သစ်ကူး မဟာသင်္ကြန်ရက်များအတွင်း မဟာသင်္ကြန်အကြတ်နေ့ဖြစ်သော ဧပြီ ၁၅ ရက် (တနင်္ဂနွေနေ့) နှင့် နှစ်သစ်ကူး ရုံးပိတ်ရက်ဖြစ်သည့် ဧပြီ ၂၀ ရက် (သောကြာနေ့) တို့တွင် အများပြည်သူတို့၏ အကျိုးစီးပွားအလို့ငှာ စာဝေလုပ်ငန်းနှင့် ကြေးနန်းစာဝေလုပ်ငန်းများကို နားရက်မယူဘဲ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အမြန်ချောပို့လုပ်ငန်းကိုလည်း နှစ်သစ်ကူးမဟာသင်္ကြန်ရုံးပိတ်ရက်များတွင် ပိတ်ရက်မရှိ နေ့စဉ် ဖွင့်လှစ်ဆောင်ရွက်ပေးမည် ဖြစ်သည်။

အဆိုပါရက်များအတွင်း ဝတ်စုံပြည့်ဖြင့် တာဝန်ထမ်းဆောင်နေကြသည့် စာပို့လုလင်များ၊ ကြေးနန်းပို့လုလင်များအား ရေပက်ကစားခြင်း မပြုကြရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



### ဖဲကြိုးဖြတ်ဖွင့်လှစ်

**ဧပြီ ၉ ရက်က လှိုင်မြို့နယ် အမှတ် (၁၂) ရပ်ကွက် တတိယအကြိမ်မြောက် စုပေါင်းရှင်ပြုပွဲ အခမ်းအနားကျင်းပရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအုန်းမြင့်နှင့် ရပ်ကွက်သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးကျော်မြင့်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**

(၁၂၂)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်



# မြေအောက်၌ တစ်ပတ်ခန့်ပိတ်မိနေသော ပီရူးမိုင်းလုပ်သားများ ပြန်လည်လွတ်မြောက်လာ

လီမာ ဧပြီ ၁၂

ပီရူးနိုင်ငံမြောက်ပိုင်း ကျောက်ဆောင်ပြိုကျရာ မိုင်းတွင်း၌ တစ်ပတ်ခန့် ပိတ်မိနေသော မိုင်းလုပ်သားကိုးဦးသည် ဧပြီ ၁၁ ရက် နံနက်ပိုင်းက ပြန်လည်လွတ်မြောက်ခဲ့ပြီဖြစ်သည်။

ပြီးခဲ့သည့် ဧပြီ ၅ ရက်က ကာဘီဇာဒီနီဂရို ရွှေနှင့်ကြေးနီတူးဖော်ရာ မိုင်းတွင်း၌ ကျောက်ဆောင်ပြိုကျမှုဖြစ်ပြီး မိုင်းလုပ်သားကိုးဦး မြေအောက် မီတာ ၂၀၀ ခန့်တွင် ပိတ်မိနေခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

**တွေ့ဆုံအားပေး**

လွတ်မြောက်ခဲ့သည့်နံနက်ပိုင်းက မိုင်းလုပ်သားကိုးဦးသည် ဆွေမျိုးသားချင်းများနှင့် ပြန်လည်ဆုံတွေ့ခဲ့သည်။ နိုင်ငံ၏သမ္မတ အိုလန်တာဟူမာလာ ရောက်ရှိလာပြီး လွတ်မြောက်မိုင်းလုပ်သားများအား တွေ့ဆုံအားပေးခဲ့သည်။

မိုင်းလုပ်သားတို့၏ ကျန်းမာရေးအခြေအနေ ဒေါင်ဒေါင်မြည်ကောင်းမွန်လျက်ရှိကြောင်း၊ မြေအောက်အမှောင်ထုအတွင်း ကြာမြင့်စွာ ပိတ်မိနေခဲ့သူများဖြစ်၍ နေ့အလင်းရောင်၏စူးရှမှုကို မခံနိုင်သဖြင့် နေကာမျက်မှန်များ တပ်ဆင်ထားကြကြောင်း သတင်းတွင်ဖော်ပြသည်။

လွတ်လမ်းအပေါက်မှ စောင်များခြုံထားသော မိုင်းလုပ်သားများ တစ်ဦးပြီးတစ်ဦး ထွက်လာကြကြောင်း၊ မိုင်းလုပ်သားတစ်ဦးမှာ ချည့်နဲ့လျက်ရှိပြီး လမ်းပင် ကောင်းကောင်းမလျှောက်နိုင်ဘဲ အောက်ဆီဂျင်မျက်နှာဖုံးစွပ်လျက်သား ဝတ်ဆင်ထားလျက်ရှိသည်ကို တွေ့ရှိခဲ့ရကြောင်း မျက်မြင်တချို့က သတင်းဌာနသို့ ပြောကြားသည်။ **(အင်တာနက်)**

# တောင်တရုတ်ပင်လယ်ပြင်တွင်ကင်းလှည့်ရန် ဖိလစ်ပိုင်စစ်သင်္ဘောတစ်စင်းစေလွှတ်

မနီလာ ဧပြီ ၁၂

ဖိလစ်ပိုင်နိုင်ငံမှ ဒုတိယမြောက်စစ်သင်္ဘောတစ်စင်းသည် တရုတ်စစ်သင်္ဘောနှစ်စင်းနှင့်အတူ တောင်တရုတ်ပင်လယ်ပြင်တွင် ကင်းလှည့်မှုများပြုလုပ်ရန် ဧပြီ ၁၂ ရက်နံနက်က ထွက်ခွာသွားကြောင်း ဖိလစ်ပိုင်စစ်ဘက်မှ သတင်းထုတ်ပြန်သည်။

အဆိုပါ စစ်သင်္ဘောများသည် ရေပြင်ပိုင်နက်လုံခြုံရေးနှင့်တောင်တရုတ်ပင်လယ်ရေပြင်အတွင်း တရားမဝင် ငါးဖမ်းခြင်းများကို ဟန့်တားနိုင်ရန်အတွက် တရုတ်နှင့်အတူ အခြားအိမ်နီးချင်းနိုင်ငံများနှင့် ပူးတွဲကင်းလှည့်မှုများပြုလုပ်သွားမည်ဖြစ်သည်။ **(ယာပုံ)**



ထိုသို့ ဖိလစ်ပိုင်နှင့် တရုတ်စစ်သင်္ဘောများအနေဖြင့် သတ်မှတ်ရေပြင်ဧရိယာအတွင်းကင်းလှည့်စဉ် တရားမဝင် ငါးဖမ်းသင်္ဘောရှစ်စင်းကို တွေ့ရှိခဲ့ကြရသည်ဟု သတင်း၌ဖော်ပြသည်။တောင်တရုတ်ပင်လယ်ပြင်တွင် တရုတ်၊ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကင်းလှည့်စောင့်ကြပ်မှုများ ပြုလုပ်လျက်ရှိသည်။ **(အင်တာနက်)**

# အင်ဒိုနီးရှား၌ ငလျင်လှုပ်မှုကြောင့် တံတားတစ်စင်းပြိုကျ အိမ်များပျက်စီးပြီး သေဆုံးဒဏ်ရာရမှုဖြစ်ပေါ်



ဂျကာတာ ဧပြီ ၁၂

အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်ကမ်းလွန်တွင် ဧပြီ ၁၁ ရက်က ရစ်ချ်တာစကေး ၈ ဒသမ ၇ ရှိအင်အားပြင်းငလျင်လှုပ်မှုကြောင့် တံတားတစ်စင်းပြိုကျပြီး ငါးဦးသေဆုံးကာ အခြားလေးဦးဒဏ်ရာရရှိခဲ့ကြောင်း ဧပြီ ၁၂ ရက်က သတင်းထုတ်ပြန်သည်။ ငလျင်ဒဏ်ကြောင့် နေအိမ်အချို့ ပြိုကျပျက်စီးခဲ့ပြီး **(ဝဲပုံ)** သေဆုံးသူများမှာ ဘင်ဒါအာချေးမြို့တွင်တစ်ဦး၊ အာချေးဘီဆာမြို့တွင်သုံးဦးနှင့် ဟိုစီမီဝီမြို့၌ တစ်ဦးဖြစ်သည်ဟု အင်ဒိုနီးရှားသဘာဝဘေး စီမံခန့်ခွဲရေးဆိုင်ရာ အရာရှိတစ်ဦးက ပြောကြားသည်။ ထို့အတူ ဘင်ဒါအာချေးမြို့တွင်ရှိသော အကျဉ်းထောင်တစ်ခု၏ နံရံတစ်ဖက်လည်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည်။ အာချေးပြည်နယ်အနောက်ပိုင်းရှိ တံတားတစ်စင်းငလျင်ဒဏ်ကြောင့် ပြိုကျမှုဖြစ်ပွားခဲ့ရာတွင် လေးဦးဒဏ်ရာရရှိခဲ့သည်။

ငလျင်ဒဏ်ကို အာချေး၊ အနောက်ဆူမားတြားနှင့် မြောက်ဆူမားတြားပြည်နယ်တို့၌ ကြုံတွေ့ခံစားခဲ့ရသဖြင့် ကယ်ဆယ်ရေးအဖွဲ့များစေလွှတ်ထားပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

# အီရတ်ဒုတိယသမ္မတ အယ်ဟာရှိမီ တူရကီနှင့်ဆွေးနွေးရန်ရောက်ရှိ



အစ္စတန်ဘူလ် ဧပြီ ၁၂

အကြမ်းဖက်မှုများတွင် ပါဝင်ပတ်သက်မှုဖြင့် အီရတ်အစိုးရက အလိုရှိနေသည့် တရားခံပြေးများကိစ္စနှင့်ပတ်သက်ပြီးဆွေးနွေးရန် အီရတ်ဒုတိယသမ္မတ တာရစ်အယ်ဟာရှိမီမှာ တူရကီနိုင်ငံသို့ ရောက်ရှိလာသည်။ အီရတ်ဒုတိယသမ္မတ တာရစ်အယ်ဟာရှိမီသည် အစ္စတန်ဘူလ်နိုင်ငံတကာလေဆိပ်သို့ ဧပြီ ၁၀ ရက်က ရောက်ရှိလာသည်။

ဒုတိယသမ္မတ အယ်ဟာရှိမီ၏ရုံးမှထုတ်ပြန်သည့်ကြေညာချက်အရ ဒုတိယသမ္မတအယ်ဟာရှိမီ **(ဝဲပုံ)** သည် ဒေသတွင်းဖြစ်ပေါ်တိုးတက်မှုများနှင့်စပ်လျဉ်း၍ တူရကီဝန်ကြီးချုပ် အာဒိုဂန်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

တူရကီသို့ခရီးမဆက်မီ အီရတ်ဒုတိယသမ္မတ အယ်ဟာရှိမီသည် ကာတာနိုင်ငံသို့ သွားရောက်ခဲ့သည်။ **(အင်တာနက်)**

# ဖို့ဒ်မော်တော်ကားစီးရေ တစ်သိန်းကျော် ဝိုက်ပါချွတ်ယွင်းမှုကြောင့် ပြန်လည်သိမ်းဆည်း

ချီကာဂို ဧပြီ ၁၂

ဖို့ဒ်မော်တော်ကားကုမ္ပဏီကြီးသည် အမေရိကန်နိုင်ငံတွင် ဖို့ဒ်ကားစီးရေ ၁၄၀၁၁၂ စီးကို ပြန်လည်သိမ်းဆည်းလျက်ရှိကြောင်း ဧပြီ ၁၀ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။ သိမ်းဆည်းမည့်ကားများမှာ 2012 Ford Focus မော်ဒယ်အမျိုးအစားကားများဖြစ်ပြီး ယင်းမော်ဒယ်ကားများ၏ wiper (ဝိုက်ပါ) များတွင် ချွတ်ယွင်းမှုရှိနေ၍ ဖြစ်ကြောင်း အမေရိကန်အမျိုးသားယာဉ်ကြောလမ်းများ ဘေးကင်းချောမွေ့ရေးစီမံရေးရာဌာနက ပြောကြားသည်။

**ယာဉ်တိုက်မှုများဖြစ်စေနိုင်**

ဖို့ဒ်ကုမ္ပဏီထုတ် ထိုမော်ဒယ်အမျိုးအစားကားများရှိ ဝိုက်ပါအားလည်ပတ်စေမည့် မော်တာတွင် ချွတ်ယွင်းမှုရှိနေကြောင်း၊ လျှပ်စစ်ပြတ်တောက်မှုဖြစ်ပြီး ဝိုက်ပါမလည်နိုင်တော့ပါက မိုးရွာချိန်ကားမှန်မြင်ကွင်းအား ကြည်လင်ရှင်းလင်းနေရန် ဝိုက်ပါများအလုပ်မလုပ်တော့သဖြင့် မြင်ကွင်းဝေဝါးကာ ယာဉ်တိုက်မှုများဖြစ်စေနိုင်ကြောင်း အဆိုပါဌာနက ပြောကြားသည်။

လက်ရှိအချိန်အထိ ယင်းဝိုက်ပါချွတ်ယွင်းမှုပြဿနာကြောင့် ယာဉ်မတော်တဆဖြစ်ပွားမှု မရှိသေးကြောင်း ဖို့ဒ်ကားကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

# ယီမင်နိုင်ငံရှိ ဆော်ဒီရေနံပိုက်လိုင်းဖောက်ခွဲခံရ

ဆာနာ ဧပြီ ၁၂

ယီမင်နိုင်ငံအရှေ့ပိုင်း ရှာဘွားပြည်နယ်ရှိ ဆော်ဒီအာရေဗျနိုင်ငံမှ နီမာရေနံကုမ္ပဏီပိုင် ရေနံပိုက်လိုင်း တစ်စိတ်တစ်ဒေသကို အကြမ်းဖက်သမားများက ဖောက်ခွဲဖျက်ဆီးလိုက်သည်ဟု ယီမင်လုံခြုံရေးအရာရှိများက ပြောကြားသည်။

ရှာဘွားပြည်နယ် မာရက်အယ်ဆာအစ်ခရိုင်ရေနံပိုက်လိုင်းကို ဧပြီ ၁၀ ရက် ညက ဖောက်ခွဲခြင်းဖြစ်ကြောင်း၊ ရေနံပိုက်လိုင်း **(ယာပုံ)**မှာ ရှာဘွားပြည်နယ်မှ ရေနံစိမ်းများကို ပင်လယ်ကွေ့ အေဒင်မြို့ ကာအလီသို့သွယ်ပို့ပေးသည့် ရေနံပိုက်လိုင်း ဖြစ်သည်။

**မီးလောင်**

မျက်မြင်တွေ့ရှိသူများ၏ ပြောပြချက်အရ လက်နက်ကိုင်အုပ်စုတစ်စု ရောက်လာပြီး ရေနံပိုက်လိုင်းကို ဒုံးပစ်လောင်ချာများဖြင့် သုံးကြိမ်ပစ်ကြောင်းသိရသည်။ ယင်းနောက် ထိမှန်ပြီး မီးလောင်ခြင်းဖြစ်သည်။ **(အင်တာနက်)**



# ဂျော်ဂျီယာပြည်တွင်းထုတ် မောင်းသူမဲ့ လေယာဉ် စမ်းသပ်ပျံသန်း



တီဘီလီစီ ဧပြီ ၁၂

ဂျော်ဂျီယာနိုင်ငံက ပြည်တွင်းထုတ်မောင်းသူမဲ့လေယာဉ်တစ်စင်းကို ဧပြီ ၁၁ ရက် နံနက်က စတင်စမ်းသပ်ပျံသန်းခဲ့ကြောင်း ဂျော်ဂျီယာအရာရှိများက ပြောကြားသည်။

ဂျော်ဂျီယာသမ္မတ မီခေးလ်ဆာခါရှီဗီလီ၏ ကမ္ဘာ့အဆင့်မီ မောင်းသူမဲ့လေယာဉ်ထုတ်လုပ်ရေးအားပေးမှုကြောင့် အကောင်အထည်ဖော်နိုင်ခြင်းဖြစ်ကြောင်း၊ ၎င်းလေယာဉ်သည် ဝေဟင်အမြင့်မီတာ ၁၀၀ နှင့် ၃၀၀၀အကြား၌ တစ်နာရီလျှင် ကီလိုမီတာ ၆၀ မှ ၁၆၀ အထိ ပျံသန်းနိုင်ကြောင်း ဂျော်ဂျီယာကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိများက ပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ မောင်းသူမဲ့လေယာဉ်သည် သတင်းထောက်လှမ်းခြင်းနှင့် တိုက်ခိုက်ရေးအတွက်လည်း အသုံးပြု၍ရသည့်အပြင် ကင်းလှည့်လေယာဉ်အဖြစ်လည်း လုပ်ငန်းများဆောင်ရွက်နိုင်သည်။ ၎င်းမောင်းသူမဲ့လေယာဉ်ကို ဂျော်ဂျီယာစစ်ဘက်ပညာရှင်များနှင့် အင်ဂျင်နီယာများက တီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်။

ယင်းလေယာဉ်တွင် နောက်ဆုံးပေါ်အဆင့်မြင့်နည်းပညာများနှင့် ခေတ်မီကိရိယာများထည့်သွင်းတပ်ဆင်ထားသည်။ လာမည့်နှစ်အတွင်း အစွမ်းထက်သော ခေတ်မီမောင်းသူမဲ့လေယာဉ်များ ဆက်လက်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ဂျော်ဂျီယာစစ်ဘက်က ပြောကြားသည်။ **(အင်တာနက်)**

# အာဖဂန်နစ္စတန်၌ တိုက်ခိုက်မှုများဖြစ်ပွား

ကဘူးလ် ဧပြီ ၁၂

အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း သီးခြားတိုက်ခိုက်မှုများတွင် ရဲတပ်ဖွဲ့ဝင်ရှစ်ဦးအပါအဝင် အနည်းဆုံး ၂၀ သေဆုံးကြောင်း အင်တာနက်တွင် ဖော်ပြပါရှိသည်။

ဟယ်မန်ပြည်နယ် မူဆာကာလာခရိုင် လုံခြုံရေးအဆောက်အအုံအတွင်း အသေခံဗုံးခွဲသူသုံးဦးတို့က ဖောက်ခွဲတိုက်ခိုက်သဖြင့် ရဲတပ်ဖွဲ့ဝင်ရှစ်ဦး သေဆုံးကြောင်း ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဒါဝတ်အမာဒီက ဧပြီ ၁၁ ရက်တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဟီရတ်ပြည်နယ် ဂူဇာရာခရိုင် အစိုးရရုံးကို ဖောက်ခွဲပြီးနောက် နာရီပိုင်းအတွင်း မှာပင် မူဆာကာလာခရိုင်၌ အသေခံဗုံးခွဲမှုများ ဖြစ်ပွားခြင်းဖြစ်သည်။ ဂူဇာရာခရိုင် အစိုးရရုံးဖောက်ခွဲမှုတွင် အနည်းဆုံး ၁၂ဦးသေဆုံးခဲ့ရာ ဟီရတ်ပြည်နယ်တွင် ဖောက်ခွဲမှုမှာ သူတို့လက်ချက်ဖြစ်သည်ဟု တာလီဘန်တို့က ကြေညာသည်။ **(အင်တာနက်)**

# KNU ဆက်ဆံရေးရုံးများတွင်အသုံးပြုရန် မော်တော်ယာဉ်နှစ်စီးလွှဲပြောင်းပေးအပ် ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆက်လက်ဖော်ဆောင်နိုင်ရေး ဆွေးနွေး

## ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ မော်လမြိုင်မြို့၌ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဧပြီ ၁၂**

ကရင်အမျိုးသား အစည်းအရုံး (KNU) ဆက်ဆံရေးရုံးများတွင် အသုံးပြုရန် မော်တော်ယာဉ်နှစ်စီး လွှဲပြောင်းပေးအပ်ပွဲကို ဧပြီ ၁၀ ရက် ညနေပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ဟိုတယ်၌ကျင်းပရာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့မှ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးအောင်မင်းနှင့်ဦးခင်ရီ၊ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်း၊ ကရင်ပြည်နယ် ဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကရင်အမျိုးသားအစည်းအရုံး (KNU) မှ အထွေထွေအတွင်းရေးမှူးချုပ် နော်စီဖိုးရာစိန်နှင့် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး ဦးဆောင်သည့်အဖွဲ့ဝင်များနှင့် နှစ်ဖက်ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘားအံမြို့နှင့် ထားဝယ်မြို့တို့ရှိ ဆက်ဆံရေးရုံးများတွင် အသုံးပြုရန် စက်မှုဝန်ကြီးဌာနက လှူဒါန်းသော GRAND TIGER နှစ်စီးကို စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းကိုယ်စား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက KNU မှ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုးထံသို့ စာရွက်စာတမ်းများနှင့်အတူ လွှဲပြောင်းပေးအပ်သည်။

**(အပေါ်ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ဝင်များ၊ KNU ငြိမ်းချမ်းရေးဖော်ဆောင်ရေး အဖွဲ့မှ နော်စီဖိုးရာစိန်နှင့် ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး ဦးဆောင်သည့် အဖွဲ့ဝင်များသည် ပြည်နယ်အဆင့်ငြိမ်းချမ်းရေး ဆက်လက်ဖော်ဆောင်နိုင်ရေးကိစ္စအား တွေ့ဆုံဆွေးနွေးကြရာ အပစ်အခတ်ရပ်စဲရေး ရေရှည်တည်တံ့ခိုင်မြဲရေး၊ ဆက်ဆံရေးရုံးများ ဖွင့်လှစ်ထားရှိရေး ကိစ္စများကို ဆွေးနွေးခဲ့ကြပြီး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်နှင့် ကရင်အမျိုးသားအစည်းအရုံး(KNU)မှ ဗဟိုကော်မတီဝင် စောသောသီဘွဲ့တို့က အစည်းအဝေးမှတ်တမ်းကို လက်မှတ်ရေးထိုးကာ အပြန်အလှန်လဲလှယ်ခဲ့ကြသည်။

ဧပြီ ၁၁ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့တို့သည် ငြိမ်းချမ်းရေး ဆက်လက်ဖော်ဆောင်နိုင်ရေး တွေ့ဆုံဆွေးနွေးပွဲကျင်းပရာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်မင်းနှင့် ဦးခင်ရီ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်တင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်မှူးကြီးဇော်နိုင်ဦး၊ ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့မှ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဌေးမြင့်အောင်၊ ပြည်နယ်ဥပဒေချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးကျော်မြင့်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဦးရွှေသောင်း၊ မွန်ပြည်သစ်ပါတီ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ တွဲဖက်အထွေထွေအတွင်းရေးမှူး(၁) နိုင်အောင်မင်း ဦးဆောင်သည့် အဖွဲ့ဝင်များနှင့် နှစ်ဖက်ငြိမ်းချမ်းရေး အကျိုးတော်ဆောင်များ တက်ရောက်ကြသည်။



တွေ့ဆုံဆွေးနွေးပွဲတွင်ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့သည် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲနိုင်ရေး၊ မွန်ပြည်သစ်ပါတီနှင့်အပစ်အခတ်ရပ်စဲမှု ရေရှည်တည်တံ့ခိုင်မြဲရေး၊ နယ်မြေဒေသဖွံ့ဖြိုးရေးနှင့် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ မွန်ပြည်သစ်ပါတီနှင့် ဆက်နွှယ်သော အကျဉ်းသားများနှင့် အခြားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အကျဉ်းသားများ ပြန်လည်လွတ်မြောက်ရေး၊ ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲအား နောက်တစ်ကြိမ် ဆက်လက်ဆွေးနွေးနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် မွန်ပြည်သစ်ပါတီ ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့မှ တွဲဖက် အထွေထွေအတွင်းရေးမှူး(၁) နိုင်အောင်မင်းတို့သည် ဆွေးနွေးပွဲမှတ်တမ်းကို အတည်ပြုလက်မှတ်ရေးထိုးကာ အပြန်အလှန် လဲလှယ်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

## သကြ္န်တွင်း စုပေါင်းရဟန်းခံ ရှင်ပြုပွဲကျင်းပ

**မော်လမြိုင်ကျွန်း ဧပြီ ၁၂**

မော်လမြိုင်ကျွန်းမြို့ ဘုရားကြီးတိုက် မဟာစည်သာသနာ့ရိပ်သာက ကြီးမှူးကျင်းပသော သင်္ကြန်တွင်း (၃၅)ကြိမ်မြောက် မဟာသတိပဋ္ဌာန် အဓိဋ္ဌာန်(၇)ရက် တရားစခန်းနှင့် စုပေါင်းရဟန်းခံရှင်ပြုပွဲ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၂ ရက် ညနေ ၃ နာရီက ဘုရားကြီးတိုက် မဟာစည်သာသနာ့ရိပ်သာရှေ့မျက်နှာစာ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်၊ ဘုရားကြီးတိုက်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာလှဟန်နှင့် ဟိတကာရီအမျိုးသမီးယောဂီအသင်းဥက္ကဋ္ဌ သီရိသုဓမ္မသီရီ ဒေါ်ရွှေစိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းမဟာသတိပဋ္ဌာန်အဓိဋ္ဌာန် (၇)ရက် တရားစခန်းတွင် ဆရာတော်ဘဒ္ဒန္တကဝိနန္ဒ (ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ)က မဟာသတိပဋ္ဌာန်တရားတော်များကို ဟောပြောဆုံးမမည်ဖြစ်ပြီး ရဟန်း၊ ယောဂီနှင့် လူပုဂ္ဂိုလ် ၂၅၀ တရားစခန်း ဝင်ရောက်ကြပြီး ဒုလ္လဘရဟန်း ၆၅ ပါးနှင့် သာမဏေ ၁၇ ပါးတို့အား စုပေါင်းရဟန်းခံရှင်ပြုကြသည်။ **(ဝ၆၅)**

နိုင်ငံတကာသတင်းသုတ နိုင်ငံတကာသတင်းသုတ နိုင်ငံတကာသတင်းသုတ နိုင်ငံတကာသတင်းသုတ

## အန္တရာယ်ကင်း၍စဉ်ဆက်မပြတ်စည်ပင်သည့် ကမ္ဘာကြီးတည်ဆောက်ကြစို့

**သတင်းမှတ်စု - တိုး**

*ကမ္ဘာကြီးတစ်ခုလုံး စဉ်ဆက်မပြတ်စည်ပင်ပြီး အန္တရာယ်ကင်းနေစေဖို့ မြေမြှုပ်မိုင်းများကိုဖယ်ရှားပြီး စစ်ပွဲအကြွင်းအကျန် ဖောက်ခွဲရေးပစ္စည်းများကို မြေလှန်၍ရှာဖွေရှင်းလင်းကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက လောလောလတ်လတ် တိုက်တွန်းနှိုးဆော်ထားသည်။*

*တိုက်တိုက်ဆိုင်ဆိုင်ပင် ပထမအကြိမ် နိုင်ငံတကာ မိုင်းရှင်းလင်းဖယ်ရှားရေးညီလာခံကို အီရန်နိုင်ငံ တီဟီရန်မြို့တော်၌ ကျင်းပပြီးစီးသည်မှာ ၁၀ ရက်ပင်မပြည့်သေးပေ။*

*နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ လူသတ်မိုင်းများဖယ်ရှားရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းရသည့် တစ်ချိန်တည်းမှာပင် ဤခြိမ်းခြောက်မှု၏ အကြောင်းဇာစ်မြစ်တို့ကို အမြစ်ကပါဆွဲထုတ် ဟန့်တားရမည်ဖြစ်ကြောင်း အီရန်ကာကွယ်ရေးဝန်ကြီးက ညီလာခံ၌ပြောကြားလိုက်သည်။*

### ထင်ဟပ်ဖော်ပြ

*မြေမြှုပ်ဗုံးများရှိသည့်နေရာများမှ မပေါက်ကွဲသေးသည့်ဗုံးများကို ဖယ်ရှားပစ်ရာ၌ နိုင်ငံတကာကြက်ခြေနီကော်မတီ(အိုင်စီအာရ်စီ)က ကူညီရန်အသင့်ရှိကြောင်း အိုင်စီအာရ်စီတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ တကယ်တော့ ဤပြောကြားချက်က ကမ္ဘာပေါ်တွင် မြေမြှုပ်မိုင်းများ၏ အန္တရာယ်မည်မျှကြီးမားကြောင်းကို ထင်ဟပ်ဖော်ပြနေကြသည်မဟုတ်ပါလား။*

*စစ်ပွဲအတွင်းမှာ မြှုပ်ခဲ့၊ ထောင်ခဲ့သည့် မြေမြှုပ်မိုင်းများသည် ဆယ်စုနှစ်များပင် ကြာမြင့်ခဲ့သည်မှန်သော်လည်း ထိုမြေမြှုပ်မိုင်းများက နှစ်စဉ်နှစ်တိုင်း ကမ္ဘာ့ပြည်သူ ၂၀၀၀၀ နီးပါး၏အသက်ဇီဝိန်ကို ဆက်လက်ခြွေနေသည်ကို တွေ့နိုင်သည်။*

### အသုံးပြုရန်ဖြစ်

*မြေမြှုပ်မိုင်းအသုံးပြုရာ၌ အဓိကရည်ရွယ်ချက်နှစ်ခုရှိသည်။ ပထမရည်ရွယ်ချက်မှာ တိုက်ခိုက်လာသည့် ရန်သူ၏တပ်များကို ကြိုတင်ပြင်ဆင်ထားသည့် သတ်ကွင်းအတွင်းသို့ဝင်လာစဉ် ချေမှုန်းရန် သို့မဟုတ် ကျူးကျော်တပ်များချီတက်ရာ၌ စစ်ကူများအမြန်ရောက်မလာစေရေးအတွက် ဟန့်တားသည့် ခံစစ်နည်းဗျူဟာအဖြစ် အသုံးပြုရန်တို့ ဖြစ်သည်။ ဒုတိယရည်ရွယ်ချက်မှာ မိမိ၏ဒေသကာကွယ်ရေး အရေးမလှဖြစ်လာသည့်အခါ ထိုဒေသ၊ ထိုပစ္စည်းများကို ရန်သူအသုံးမပြုနိုင်အောင် ဟန့်တားသည့် လက်နက်အဖြစ် အသုံးပြုရန်ဖြစ်သည်။*

*လောလောဆယ် အလုံးအရင်းဖြင့် မြေမြှုပ်မိုင်းများ အသုံးပြုနေခြင်းမှာ ပထမရည်ရွယ်ချက်အတွက်ဖြစ်သည်။ ထိုမိုင်းကြောင့်ပင် ဆိုက်ပရပ်၊ အာဖဂန်နစ္စတန်နှင့်ကိုရီးယားတို့ကဲ့သို့သော ပေါက်ကွဲလုနီးပါးအခြေအနေဆိုက်ပုံရနေသည့် ဒေသများ၏စစ်မဲ့ဇုန်များ၌ မြေမြှုပ်ဗုံးများကို ကျယ်ပြန့်စွာသုံးနေခြင်းဖြစ်သည်။*

*မြေမြှုပ်မိုင်းဟူသောအမည်မှာ ရှေးခေတ်က ရန်သူ ခံတပ်များ သို့မဟုတ် တပ်ဖွဲ့များအောက်တွင် စစ်အင်ဂျင်နီယာများက လိုဏ်ခေါင်းတူးတိုက်ခိုက်ရာမှ ဆင်းသက်လာခြင်းဖြစ်သည်။ လူသတ်လိုဏ်ခေါင်း(မိုင်း)များတူးရာမှ နောက်ပိုင်း အဖျက်စွမ်းအား ပိုမိုကြီးမားအောင် ဖောက်ခွဲရေးပစ္စည်းများပါထည့်သွင်းအသုံးပြုလာခြင်း ဖြစ်သည်။*

*မျက်မှောက်ခေတ်တွင်မူ မြေမြှုပ်မိုင်းကို လူသတ်မိုင်း သို့မဟုတ် ယာဉ်ဖျက်လက်နက်အဖြစ် အသုံးပြုရန် အများအပြား အထူးစီမံထုတ်လုပ်သည့် ဖောက်ခွဲရေးလက်နက်အဖြစ် အသိအမှတ်ပြုထားကြသည်။ ရှောင်တခင်လုပ် ဖောက်ခွဲရေးကိရိယာ (အိုင်အီးဒီ)များ အများအပြားရှိသော်လည်း နည်းပညာအရ မြေမြှုပ်မိုင်းစာရင်းသွင်းနိုင်သည့်တိုင်အောင် မြေမြှုပ်မိုင်းဟူ၍ အသိအမှတ်မပြုမခေါ်ဝေါ်ပေ။ အိုင်အီးဒီများသည် ပြည်သူ့စစ် သို့မဟုတ် အကြမ်းဖက်အုပ်စုများက တပ်ဆင်သည့် ယာယီ စီစဉ် အသုံးချသည့်ကိရိယာများသာ ဖြစ်သည်။*



*မြေမြှုပ်မိုင်းတွင် နှစ်မျိုးနှစ်စားရှိသည်။ ပထမအစားက တင့်ကားဖျက်မိုင်း (အေတီ)ဖြစ်ပြီး နောက်ကျန်တစ်မျိုးမှာ လူသတ်မိုင်း(အေပီ)ဖြစ်သည်။ တင့်ကားဖျက်မိုင်းသည် ဝန်အား ၅ ကီလိုထက်များပြီး ဖောက်ခွဲရေးပစ္စည်းအလုံအလောက် ပါဝင်သည်။ ရန်သူ့ယာဉ်များသွားတတ်သည့် လမ်း၊ တံတား၊ သွားရာစွတ်ကြောင်းတို့တွင် လူသတ်မိုင်း(အေပီ)မှာ လူကို အနာတရဖြစ်စေရန် ရည်ရွယ်ထုတ်လုပ်သည်။*

*အေတီထက် များစွာသေးငယ်ပေ့ါပါးသည်။ စီးကရက်ဘူးအရွယ်ခန့် သေးငယ်သည်။ ထို့ပြင် သဏ္ဌာန်နှင့် အရောင်အမျိုးမျိုးရှိပြီး ပစ္စည်းအမျိုးမျိုးဖြင့် ပြုလုပ်ထားတတ်သည်။ မည့်သည့်နေရာ၌မဆို ထောင်ထား၍ရသည်။လူသတ်မိုင်းမှာ တက်နင်းမှ ပေါက်ကွဲသည်မဟုတ်၊ ဝိုင်ယာဆွဲခြင်းဖြင့်လည်းကောင်း၊ နေရာရွှေ့လျှင်လည်းကောင်း၊ ၎င်းအပေါ်တင်ထားသည့်အရာတစ်ခုခုကို ဖယ်ရှားလိုက်လျှင်လည်းကောင်း ပေါက်ကွဲနိုင်သည်။*

### မိုင်းရှင်းရန်ခက်ခဲ

*ထိုမျှ အန္တရာယ်များသော မြေမြှုပ်မိုင်းများကို ထောင်သည့်နည်းများမှာလည်း အများအပြားရှိသည်။ ယခုအခါ ရဟတ်ယာဉ်၊ လေယာဉ်များပေါ်မှချ၍ မိုင်းထောင်သည့်အပြင် ကလပ်စတာဖုံး၊ ခရုဇ်ဒုံးကျည်များဖြင့်လည်း မိုင်းထောင်နိုင်သည်။ မိုင်းထောင်ရန်လွယ်သလောက် မိုင်းရှင်းရန်မှာခက်ခဲကြောင်း တွေ့ရပြန်သည်။ ပထမတွင် သတ္တုမိုင်းရှာ ကိရိယာဖြင့်ရှာဖွေသည်။ နာဇီတို့ခေတ်ကမူ ဖမ်းဆီးထားသော အရပ်သားများအား မိုင်းကွင်းထဲမောင်းချပြီး လူ့အသက်ကို ရင်းနှီးကာ မိုင်းရှာဖွေခဲ့သည်။*

### အထိရောက်ဆုံးဖြစ်

*မိုင်းထောင်ရာ၌ လွယ်ကူအကုန်အကျ များသလောက် မိုင်းရှာသည့်လုပ်ငန်းမှာ ခက်ခဲသည်။ ငွေကုန်ကြေးကျများသည်။ တိရစ္ဆာန်များ၊ စက်ရုပ်များ အသုံးပြုသည့် မိဿကနည်းများရှိသော်လည်း အထိရောက်ဆုံးမိုင်းရှင်းရေးနည်းမှာ လူလုပ်အားဖြင့် ရှာဖွေခြင်းသာ အထိရောက်ဆုံးဖြစ်သည်။*

*မြေမြှုပ်မိုင်းများမှာ စစ်ပွဲများပြီးဆုံး၍ နှစ်ပေါင်းများစွာကြာသည့်တိုင်အောင် ဖွံ့ဖြိုးဆဲနိုင်ငံအများအပြား၏ စီးပွားရေးနှင့် ပြည်သူတို့၏ လူမှုရေး၊ နိုင်ငံရေးများကို ခြိမ်းခြောက်လျက်ပင်ရှိသည်။*

### အသက်ဝင်

*ယခုအခါ လူသတ်မိုင်းများ အသုံးပြု၊ သိုလှောင်၊ ထုတ်လုပ်၊ လွှဲပြောင်းမှုတားဆီးရေးနှင့် လူသတ်မိုင်းများဖျက်ဆီးရေးဆိုင်ရာ ကွန်ဗင်းရှင်း (အော့တဝါစာချုပ်)ကို ၁၉၉၇ ခုနှစ်တွင် ဖော်ဆောင်နိုင်ပြီး ယင်းစာချုပ်မှာ ၁၉၉၉ ခုနှစ် မတ် ၁ ရက်တွင် အသက်ဝင်လာခဲ့ပြီဖြစ်သည်။*

*ဤစာချုပ်ကို ၁၅၅ နိုင်ငံက လက်မှတ် ရေးထိုးပြီး ၁၅၃ နိုင်ငံက အတည်ပြုပြီးဖြစ်သည်။ နိုင်ငံပေါင်း ၄၀ က လက်မှတ်ရေးထိုးရန် ပြင်ဆင်နေသည်။ အန္တရာယ်ကင်း၍ စည်ပင်သာယာသည့်ကမ္ဘာကြီးကို တည်ဆောက်ကြပါစို့။ ။*

***ကိုးကား-အင်တာနက်***

**မြန်မာ့အလင်း** — သင်္ကြန်အမှတ်တရ အခန်းဆက် ဝတ္ထုရှည်

# နှလုံးသားထဲက သင်္ကြန်

**တက္ကသိုလ်မောင်သုလှိုင်**



*ယမန်နေ့ကအဆက်*

ဧပြီ ၁၂ ရက်။ ကြာသပတေးနေ့. .။

သင်္ကြန်ကို ကြိုပြီ။

ပိုင်ထူးဝေ အိပ်ရာထ နည်းနည်းနေမြင့်သွားသည်။ အရင်နေ့တွေကဆိုရင် နံနက် ၆ နာရီဝန်းကျင်ဆိုလျှင် အိပ်ရာက နိုးနေပြီ။ ယခုတော့ နံနက် ၇ နာရီ ရှိပြီ။ အပေါ်ထပ်လေဟာပြတင်းကို အဖွင့်တွင် လေနုအေးတို့က တိုးဝင်လာသည်။

အိမ်ရှေ့ ခြံကျယ်ကြီးထဲတွင် ပိတောက်ပင်ကြီးနှစ်ပင်မှ အားယူပွင့်လန်းနေသော ပိတောက်ပန်းအချို့ကို တွေ့လိုက်ရသည်။ ဪ-ညတုန်းက သင်္ကြန်မိုးက စိုရုံမျှရွာခဲ့သည်ပဲ. . .။

ခြံထဲကို လှမ်းကြည့်လိုက်တော့ မေမေ ဒေါ်အိအိထွေး တယုတယ စိုက်ပျိုးထားသည့် နှင်းဆီပန်းခင်းများကို တွေ့ရသည်။ သူတို့သည်လည်း ပန်းပိတောက်ကို အားပြိုင်ကာ မြိုင်မြိုင်ဆိုင်ဆိုင်ပွင့်နေသည်ပဲ. .။

ဟော-တွေ့ပြီ။ နှင်းဆီပင်တွေကြားက ပန်းလေးတစ်ပွင့်. .။ မိယောင်းပေပဲ. .။ သူသည်လည်း ပန်းကြိုက်သူလေး ဖြစ်လေမလား .။

အခုမှသတိရသည်။ ယနေ့သည် သင်္ကြန်အကြိုနေ့ပေပဲ. .။ နှစ်စဉ်မပျက် မေမေနှင့် မမတို့ကို သပြေခက်နှင့် ရေပက်နေကျ။ ဒီနေ့လည်း ရေပက်ရဦးမှာပဲ. .။ ဒါက ပိုင်ထူးဝေတို့ မိသားစုအတွက် နှစ်စဉ်မပျက် အမွေဆက်ခံခဲ့တဲ့ ရိုးရာယဉ်ကျေးမှု တစ်ရပ်ပဲလေ. .။

ဖေဖေမဆုံးခင်ကတည်းက ဒီလိုပဲ သင်္ကြန်အကြိုနေ့မှာ မိသားစုတွေ တစ်ဦးကိုတစ်ဦး သပြေခက်နဲ့ ရေပက်လို့ နှစ်သစ်သင်္ကြန်ကို ကြိုဆိုခဲ့ကြသည်လေ. .။ ဖေဖေ မဆုံးခင်က ပြောခဲ့သည့် စကားလေး တစ်ခွန်းကို ပိုင်ထူးဝေ ယနေ့တိုင် မှတ်မိနေပါသေးသည်။

"သင်္ကြန်ဆိုတာ မြန်မာတို့ရဲ့ ရိုးရာယဉ်ကျေးမှု တစ်ရပ်ပဲ. . .။ ခေတ်တွေ ဘယ်လိုပဲပြောင်းပြောင်း ရိုးရာယဉ်ကျေးမှုကို ဘယ်တော့မှ မမေ့စကောင်းဘူး။ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းတာဟာ လူမျိုးဂုဏ်ကို ထိန်းသိမ်းတာပဲ" တဲ့. . .။

ဒါ့ကြောင့် ရိုးရာမပျက် နှစ်သစ်ကူးသင်္ကြန်ကို ပိုင်ထူးဝေတို့မိသားစု သပြေခက်နှင့်ရေပက်ပြီး စတင်ခဲ့တာ ကြာခဲ့ပြီပဲလေ. . .။

ဟော ဒီနေ့လည်း ရိုးရာမပျက် သင်္ကြန်ရက်တွေကို ဆင်နွှဲနိုင်ဖို့ မေမေနှင့် မမကို သပြေခက်နှင့် ရေပက်ရဦးမှာပဲ. . . .။ အဲ-အဲ အခုမှ သတိရတယ်။

ဒီနေ့မှာ မေမေနှင့်မမ နှစ်ယောက်တည်းကို မဟုတ်တော့ဘဲ ဧည့်သည်မလေး မိယောင်းကိုလည်း သပြေခက်နဲ့ ရေပက်ရဦးမယ်လေ . . .။

" အာ -အမယ်လေး အေးလိုက်တာ. . . အို့ . ကိုကို ပိုင်ထူးဝေပါလား . . . "

နှင်းဆီပန်းပင်တွေအကြား အာရုံရောက်နေသည့် မိယောင်းကို ပိုင်ထူးဝေက သပြေခက်နှင့် ရေပက်လိုက်တော့ ရုတ်တရက်လန့်ပြီး အော်လေသည်။

" လန့်သွားတာပဲ ကိုကိုပိုင်ထူးဝေရယ်. . . "

" ခွင့်မတောင်းဘဲ ရေပက်မိတာ ခွင့်လွှတ်နော်. . . "

"အင်း ဒါနဲ့မိယောင်းကို ဘာလို့ ရေနဲ့ပက်တာလဲ-ရေတွေကလည်း မွှေးလိုက်တာ. . . "

" ဒါကသင်္ကြန်ရေလေ မိယောင်းရဲ့-ဒီနေ့က အစ်ကိုတို့ မြန်မာတွေရဲ့ နှစ်သစ်ကူးအကြိုပေါ့- သင်္ကြန်ပွဲတော်စပြီလေ. . . ပွဲတော်အစမှာ ရိုးရာမပျက် သပြေခက်နဲ့ ရေပက်တာလေ . . . မိယောင်း အေးသွားပြီလား. . . "။

"အေးတယ်ဆိုတာထက် ရုတ်တရက်မို့ပါ-"

"ဒါဆို-အစ်ကို ရေပက်မယ်နော်"

'အင်း' ဟုဆိုကာ ပိုင်ထူးဝေအနားသို့ မိယောင်း တိုးကပ်လာသည်။ ဖလားထဲမှ သင်္ကြန်ရေ၏ ရေမွှေးရနံ့ နှင့်အတူ မိယောင်း၏ ကိုယ်သင်းရနံ့တို့ ပိုင်ထူးဝေထံ တိုးဝင်လာသည်။

ပိုင်ထူးဝေတစ်ယောက် မိယောင်းကို စိတ်တိုင်းကျပင် သပြေခက်နှင့် ရေပက်နေလိုက်သည်။

"မိယောင်း-အေးနေပြီလား. . . "

ရေပက်ရင်း ပိုင်ထူးဝေမေးလိုက်တော့. . .

"ဟင့်အင်း-မအေးပါဘူး ကိုကို-"

မအေးပါဘူး ကိုကိုတဲ့. . .။ သူမအေးတာ သူ့ရင်ထဲမှာ နွေးနေလို့ပဲလားဆိုတာ မသိနိုင်ပေမယ့် ပိုင်ထူးဝေရင်ထဲမှာတော့ နွေးခနဲခံစားလိုက်မိတာ အမှန်ပါပဲ. . .။

"ဟေ့-ဟေ့-ဟေ့-ကောင်မလေးကို ဒီလောက်ရေပက်ရရင် တော်ရောပေါ့"

ပြောပြောဆိုဆို ခြံဝက ရုတ်တရက် ဝင်လာသူတွေကတော့ ထူးထူးမောင်တို့ သူငယ်ချင်းတစ်သိုက်။

ထိုအခိုက်မှာမှ ပိုင်ထူးဝေတစ်ယောက် မိယောင်းကို ရေအပက်ရပ်ရမှန်း သတိထားလိုက်မိသည်။ မိယောင်း တစ်ကိုယ်လုံးလဲ ရေတွေရွှဲနေပြီလေ . . .။

"ပိုင်ထူးဝေ- သင်္ကြန်ရေပက်စရာ မိယောင်း တစ်ယောက်တည်း ရှိတာမဟုတ်ဘူးနော်-ငါတို့လဲ ရှိပါသေးတယ်ကွ"

နောက်နောက်ပြောပြော ဝင်လာသည့် ထူးထူးမောင်တို့လက်ထဲတွင် ပိတောက်ပန်းတွေကို တွေ့လိုက်ရသည်။

"ဟေ့-ထူးထူးမောင်-မင်းတို့လက်ထဲမှာ ပိတောက်ပန်းတွေပါလားကွ. . "

"အေး-ခူးလာတာတော့ မဟုတ်ဘူး-ဈေးမှာတွေ့လို့ ဝယ်လာတာ-ဘုရားလဲတင်-မင်းမမကိုလဲ ပေးရအောင်ပေါ့ကွ. . "

"ဟေ့ကောင်တွေ-ဘုရားတင်ဖို့ဆိုတော်ပြီ-မမကိုပေးရအောင်လို့ ထည့်မပြောနဲ့. . "

"မင်းကလဲကွာ- တိုနေပြန်ပါပြီ-ငါက သဘောရိုးနဲ့ပါကွ-မိယောင်းကိုလဲ ပေးချင်ပေးလို့ရအောင်လေ. . "

"အေး ဟုတ်ပါပြီ. . ကဲ-မိယောင်း-လာ ရေတွေရွှဲနေပြီ - အိမ်ထဲဝင်ရအောင်"ဟုဆိုကာ ပိတောက်ပန်းများကို ပွေ့ပိုက်ရင်း အိမ်ထဲဝင်ခဲ့ကြသည်။

××××××××

ကိုရီးယားသူလေး လီယောင်းဝမ်ခေါင်းမှာ ပိတောက်ပန်းတွေဝေနေသည်။

သင်္ကြန်အကြိုညနေခင်း ပိုင်ထူးဝေတို့မဏ္ဍပ်တွင် သင်္ကြန်ချစ်သူများနှင့် စည်နေပြီ။

မဏ္ဍပ်ကို သင်္ကြန်သီချင်း အဆို၊ အကတွေနှင့် အတူဖွင့်ကြမည်။ အဖွဲ့သားတွေစုံနေပြီ။ ပိုင်ထူးဝေ အိမ့်ဆွေကို ရှာကြည့်သည်။ အိမ့်ဆွေကိုတော့ မတွေ့ရသေး။ သူငယ်ချင်းဖြစ်သူ ဝါဝါမိုးကိုလည်း မတွေ့။ နောက်ကျနေကြပြီထင့်. .။

ပိုင်ထူးဝေ ဖုန်းဆက်ကြည့်သည်။ အိမ့်ဆွေ၏ လက်ကိုင်ဖုန်းပိတ်ထားသည်။ ဘာဖြစ်နေပါလိမ့်. .။

မကြာပါ။ အိမ့်ဆွေနှင့် ဝါဝါမိုးတို့ မဏ္ဍပ်ထဲဝင်လာသည်ကို တွေ့လိုက်ရသည်။ ပိုင်ထူးဝေ အားရဝမ်းသာစွာဖြင့် စင်ပေါ်၌ အသင့်ရှိနေသော ဖလားထဲမှရေဖြင့် အိမ့်ဆွေကို အသာလောင်းလိုက်သည်။သို့သော် အိမ့်ဆွေတစ်ကိုယ်လုံးရေတွေနဲ့ စိုနှင့်နေပြီလေ. .။

ရေလောင်းအပြီး ပိုင်ထူးဝေက . .

"နောက်ကျနေလို့ စိတ်ပူနေတာ . . . ဘာများဖြစ်နေလဲလို့ ဖုန်းတောင်ဆက်လိုက်သေးတယ်- ဖုန်းကပိတ်ထားတယ်. . . "

" ဟုတ်တယ် ရေစိုမှာစိုးလို့ ဖုန်းကိုယူမလာဘူး- ဒီမှာ ဝါဝါမိုးကို စောင့်နေရတာလေ"

ဝါဝါမိုးကို အပြစ်ဆိုသလို လှည့်၍ ပြောလေသည်။

" ဪ မေ့နေလို့ ဟောဒီမှာ အိမ့်အတွက် ပိတောက်ပန်းတွေလေ မနက်က ထူးထူးမောင်တို့ ယူလာတာ တစ်ဝက်ကိုတော့ ဘုရားတင်လိုက်ပြီလေ. . . "

" အို မွှေးလိုက်တာ"

အိမ့်ဆွေက အားရဝမ်းသာ လှမ်းယူပြီး မွှေးကြူလိုက်သည်။ အိမ့်ဆွေက ပိတောက်ချစ်သူလေ. . .။

ယနေ့ သင်္ကြန် အကြိုနေ့တွင် လူစုံပြီ။

ပရိသတ်ကလည်း စောင့်မျှော်နေကြပြီ။

သင်္ကြန်အဖွင့်သီချင်း မြနန္ဒာကို စုပေါင်းသီဆိုကြသည်။ အဲဒီနောက် အစီအစဉ်ကတော့ ပရိသတ်များ မျှော်လင့်နေကြသည့် ကိုရီးယားသူလေးရဲ့ အကနှင့် ပိုင်ထူးဝေ၏ အဆို. . .။

နှလုံးသားထဲက သင်္ကြန်. . .။

ညနေပိုင်းတွင် သင်္ကြန်ရေပက်ခံထွက်သူများနှင့်အတူ ပွဲလာရောက်ကြည့်ရှုသူများက မဏ္ဍပ်ရှေ့တွင် ပြည့်နေသည်။

အစီအစဉ်ကြေညာသူက ကိုရီးယားသူ လီယောင်းဝမ်က နှလုံးသားထဲက သင်္ကြန်သီချင်းကို အကနဲ့ ဖျော်ဖြေမယ်ဟု ကြေညာလိုက်သည့်အခါ ပရိသတ်ထဲမှ လက်ခုပ်ဩဘာသံများ သွက်သွက်ညံအောင် ပေါ်ထွက်လာသည်။

ယခုမှ အိမ့်ဆွေ သတိထားမိသည်။ ကိုရီးယားသူလေးကို မတွေ့မိပါလား. . .။

ကိုပိုင်ပင် စင်ရှေ့ရောက်နေပြီ။ ဆိုရန်အသင့်ဖြစ်နေပြီ။ မိယောင်းထွက်မလာသေး။

တီးလုံးစပြီ. . . ဟော တွေ့ပါပြီ။ အကနှင့်အတူ စင်ထောင့်ဆီမှ ထွက်လာသော ကိုရီးယားသူလေး လီယောင်းဝမ်. .။

အို-သူ့ခေါင်းမှာလဲ ပိတောက်တွေနဲ့ ဝေလို့ပါလား. . .။

မြန်မာအင်္ကျီလေးနှင့် လိုက်ဖက်လွန်းသူပဲ. . .။

အိမ့်ဆွေ တအံ့တဩဖြင့် လီယောင်းဝမ်၏ အကနှင့်အလှကို ငေးမောကြည့်နေမိသည်။ ပရိသတ်၏ လက်ခုပ်သံများကိုပင် အိမ့်ဆွေ မကြားနိုင်ခဲ့. . .။

အိုး-ကြည့်စမ်းပါ။ ကိုပိုင့်ရဲ့ အဆိုမှာ ဟန်ချက်ညီညီ စည်းဝါးကျကျ ကနေရင်း ကိုပိုင့်ကို တစ်ချက်တစ်ချက် အပြုံးနှင့် သမင်လည်ပြန် လှမ်းနေကြည့်လို့ နေလိုက်တာ. . .။

ကိုပိုင်ကလည်း တုံ့ပြန်အပြုံးလေးများစွာနှင့်၊ သူတို့ပြောပြောနေကြသည့် အနုပညာ ပါရမီဖြည့်ဖက်ဆိုတာလား. . .။

အိမ့်ဆွေ ဝေခွဲမရအောင်ပင်ဖြစ်သည်။ ဝါဝါမိုးပြောသလို အနုပညာသဘောဟုပင် နားလည်ပေးလိုက်မည်လေ။ သို့ပေမယ့် သဝန်တိုမိတာတော့ အမှန်ပါပဲ. . .။

ပိုင်ထူးဝေတို့၏ အဆိုနှင့် အကပြီးတော့ ပရိသတ်ထဲမှ လက်ခုပ်ဩဘာပေးသံများနှင့်အတူ 'ဝမ်းစမိုး' ဟုဆိုကာ ထပ်မံပွဲတောင်းသံများကြားနေရသည်။ အိမ့်ဆွေ မခံစားနိုင်တော့။ မဏ္ဍပ်နောက်ဆီသို့ ဝါဝါမိုးနှင့်အတူ ထွက်လာခဲ့သည်။

ခဏအကြာ ပိုင်ထူးဝေ မိယောင်းနှင့်အတူ စင်ပေါ်မှ ဆင်းလာသည်။ မိယောင်းက ပိုင်ထူးဝေ၏ လက်မောင်းကို တွဲခိုရင်း လိုက်ပါလာ၏။ ကိုရီးယား စတိုင်လေလားမသိ။ ကိုပိုင့်မျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်မိသည်။ မချိမချဉ်အပြုံးကို တွေ့ရ၏။ မိယောင်းက အိမ့်ဆွေကို မြင်မြင်ချင်း. . .။

"မမ အိမ့်ဆွေ မိယောင်းကတာ ကောင်းလားဟင်. . . "

"အေး-ကောင်းတယ်-ကြည့်လို့ သိပ်ကောင်းတယ်"

ထိုစဉ် မိယောင်းက အိမ့်ဆွေလက်ထဲမှ ပိတောက်ပန်းများကို သတိထားမိသဖြင့်-

"ဟင်-ပိတောက်ပန်းတွေပါလား ဘယ်သူပေးတာလဲ. . "

"ဪ-ကိုပိုင် ပေးတာလေ-ညီမလေး မိယောင်းလဲ ခေါင်းမှာ ပိတောက်ပန်းတွေနဲ့ဝေလို့ သိပ်လှတာပဲ. . ဘယ်သူပေးတာလဲ. . "

"ကိုကို ပိုင်ထူးဝေ ပေးတာလေ . . "

"ဪ. . "

'ဪ'ဟုသာ အိမ့်ဆွေ အသံထွက်နိုင်ပြီး ဆက်မပြောဖြစ်တော့ပါ။ အိမ့်ဆွေ၏ ရင်ထဲမှာတော့ . . . "ပိတောက်ဦးကို မိယောင်းတစ်ယောက် ဆွတ်ခူးပန်ခွင့် ရသွားပါရော့လား . . "ဟု တွေးမိကာ ဝါဝါမိုး သတိပေးထားသည့်ကြားကပင် သဝန်တိုစိတ်ဝင်လာမိခဲ့သည်က အမှန်ပါ။

ညနေစောင်းတော့ အဖွဲ့သားတွေ အဆို အက နားကြသည်။ ညပိုင်းတွင် ထပ်မံဖျော်ဖြေရန် ရှိသည်။ မိယောင်းသည်လည်း အတွေ့အကြုံမရှိသေးတော့ ပင်ပန်းနေဦးမည်ထင်သည်။

နက်ဖြန် အကျနေ့မှာတော့ သူတို့တစ်တွေ ဤသို့စီစဉ်ထားကြသည်။ မနက်ပိုင်းတွင် သင်္ကြန်ရေပက်ခံထွက်ကြမည်။ မဏ္ဍပ်ကိစ္စကို ထူးထူးမောင်တို့ကို လွှဲထားမည်။ မိယောင်း ရန်ကုန်ရောက်ခိုက် ရန်ကုန်သင်္ကြန်ကို လိုက်ပြချင်သည်။

မမ ခင်စောဦးလည်း ပါမည်။ မိယောင်းလည်းပါမည်။ ရန်ကုန်က မမ သူငယ်ချင်းတွေလည်း ပါဦးမည်တဲ့. .။ ပိုင်ထူးဝေက အိမ့်ဆွေကို အပါခေါ်လေသည်။

အိမ့်ဆွေကတော့ 'ကိုပိုင်ထူးတို့ပဲ သွားကြပါ'ဟု အားမရှိသော အသံနှင့် ဆိုသည်။ ဝါဝါမိုးကတော့ ကတိပေးပါသည်။

"စိတ်ချပါ-အိမ့်ကို ပါအောင် ခေါ်ခဲ့ပါ့မယ်. . "တဲ့။

'အား'ခနဲဟု ဝါဝါမိုး တစ်ချက်အော်လိုက်သည်။

အိမ့်ဆွေတစ်ယောက် ဝါဝါမိုး၏ ဗိုက်ကြောကို ဆွဲလိမ်လိုက်သည် ထင်ပါ၏။ **(ဆက်လက်ဖော်ပြပါမည်)**

---

## မြန်မာ့သင်္ကြန် အလှ

❖ နွေဦးမိုးတစ်ပြိုက်၊ သွန်းဖြိုးလိုက်ရာ
ညှိုးငိုက်မြဖူး၊ လန်းလှမြူးလို့
လထူးရောက်လာ၊ ပိတောက်ဝါမှ
အတာပွဲသဘင်၊ ပျော်နွှဲဆင်ဖို့
မင်္ဂလာနှုတ်ခွန်းဆက်ခဲ့တကား။

❖ ကံ့ကော် သဇင်္ဂါ၊ ငုထိန်ဝါလို့
ချိန်ခါသရဖီ၊ ဆင်းရွှေရည်တည့်
ရေသီတာဖျန်း၊ ပြည်ရွာချမ်းမြ
သာဆန်းဘွေချာ၊ ရွှေမြန်မာတွင်း
တေဇာဝင်းလက်၊ ရှေးမင်းဆက်မှ
ဆင်းသက်ရိုးရာ၊ ပွဲမျိုးပါတည့်
နံ့သာငွေခွက်၊ သပြေခက်ဖြင့်
ရေပက်သူငါ၊ ပြုံးမူရာရှင်
ပျူငှာယဉ်ကျေး၊ သဘင်တေးအက
ဆင်သွေးလှပေ၊ ခေါင်းခါးခြေလက်
ရှေးမွေဆက်ခံ၊ မြန်မာ့ဟန်ပေါ်
ဆိုင်းသံဗုံမောင်း၊ ဇရပ်ကျောင်းကန်
သောင်းသောင်းဖြဖြ၊ လှူဒါနနှင့်
မိဘဘိုးဘွား၊ ကန်တော့သွားကြ
သားမြေးမြစ်ပျော်၊ သာခုခေါ်ခဲ့
ပွဲတော်သင်္ကြန်၊ ခြိမ့်ခြိမ့်ညံခဲ့တကား။

❖ မြန်မာ့ရိုးရာ၊ လှတိုးပါစေ
ဆိုးလာဝင်ကဲ၊ ရိုးရာပွဲမှာ
ပေါက်ကွဲအော်ဟစ်၊ ရွှေရည်ယစ်ဖြင့်
လှုပ်စစ်ဂီတသံ၊ ဝုန်းဒိုင်းညံနေ
ခုန်ပျံကကွက်၊ သရုပ်ပျက်တွေ
ရှက်စရာပါ၊ ရွှေမြန်မာ၏
အတာသင်္ကြန်၊ မဟာဆန်အောင်
နိုင်ငံကြီးသားပီ၊ ဂုဏ်နှင့်ညီစွာ
ရေသီတာပွဲ၊ ညီညာနွှဲကြရမည်တည်း။ ။

**ပျဉ်းမနားမြင့်လှိုင်**

---



## ဘုရားရေသပ္ပာယ်

ဧပြီ ၁၂ ရက်က ရန်ကုန်တိုင်းဒေသကြီး ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်) မှ နဝမအကြိမ် ရခိုင်ရိုးရာသင်္ကြန်ပွဲတော် ဘုရားရေသပ္ပာယ်ပွဲနှင့် သင်္ကြန်ဖွင့်ပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူယာဉ်မောင်းသင်ကွင်း၌ ကျင်းပရာ ရခိုင်လုပျိုဖြူလေးများက ဘုရားရေသပ္ပာယ်ကြစဉ်။ (မြန်မာ့အလင်း)



ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၂ ရက်က သာကေတမြို့နယ် ဇရာဝဏ်လမ်း(ကျောက်တိုင်ထိပ်) ခရိုင်သင်္ကြန်ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်စင်မြင့်၌ ကျင်းပရာ တာဝန်ရှိသူတစ်ဦးက ကပြဖျော်ဖြေခဲ့ကြသော ရုပ်ရှင်သရုပ်ဆောင် အမေများယိမ်းအဖွဲ့ကိုယ်စား အဖွဲ့ခေါင်းဆောင် ရုပ်ရှင်သရုပ်ဆောင် စည်သူဒေါ်နွဲ့နွဲ့စန်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

## မဟာဝိဇယစေတီတော်ကြီး၌ ဘာနုရာဇာနေမင်းကြီးက မြတ်စွာဘုရားအား ဦးခိုက်ပူဇော်မည်

**ရန်ကုန် ဧပြီ ၁၂**

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ဓမ္မရက္ခိတကုန်းတော်ပေါ်၌ တည်ထား ကိုးကွယ်လျက်ရှိသော မဟာဝိဇယစေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ အပရာဇိတပလ္လင်ပေါ်၌ သီတင်းသုံး စံပယ်လျက်ရှိသည့် "မုစ္စလိန္ဒာနဂါးမျိုးနွယ် နဂါး ကိုးကောင်တို့က ဆင်းတုတော်အား အသွယ်သွယ်ရစ်ပတ်ကာ ခန္ဓာကိုယ်များ ကို သက်န်းသဖွယ် ကပ်လှူပူဇော်ထားအပ်သော နာဂစီဝရာပဋ္ဌပဋိမာ မြတ်စွာ ဘုရားဆင်းတုတော်မြတ်"ကို ရောင်ခြည်တစ်ထောင်အလင်းဆောင်သည့် ဘာနု ရာဇာနေမင်းကြီးသည် မိမိအလင်းရောင်ဖြင့် (မြန်မာနှစ်ဆန်း ၁ ရက်) ဧပြီ ၁၇ ရက် (အင်္ဂါနေ့) နံနက် ၈ နာရီ ၃၅ မိနစ်တွင် အရှေ့အရပ်မှတစ်ကြိမ်၊ ထို့နေ ညနေ ၃ နာရီ ၂၅ မိနစ်တွင် အနောက်အရပ်မှ တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်တိုင်တိုင် ဦးခိုက်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

### ✱ ရှေ့ဖုံးမှ

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်သည် မြန်မာသက္ကရာဇ် နှစ်တစ်နှစ် ကုန်ဆုံးပြီး နှစ်သစ်အစ တန်ခူးလ၏ ပူပြင်းသော နွေရာသီအပူဒဏ်ကိုခံနိုင်ရန်၊ အေးချမ်းမှုကို ပေးစေရန်၊ နှစ်ဟောင်းက အညစ်အကြေးများ ကင်းစင်လွင့်ပျောက်စေပြီး နှစ်သစ်သို့ ပါမလာစေရန် ရည်ရွယ်၍ ရေစင်သွန်းလောင်းခြင်းဖြစ်သည်နှင့်အညီ နှစ်ဟောင်းက မတော်တဆပြုမိခဲ့ကြသည့် အမှားအယွင်းများ၊ မကောင်းမှုများနှင့် အာဃာတများကို ကြည်လင်အေးမြသော သီတာရေစင်ဖြင့် တစ်ဦးကိုတစ်ဦး ကြည်နူးသိမ်မွေ့စွာ ပက်ဖျန်းဆေးကြော သင်ပုန်းချေကြပြီး တစ်ဦး၏အပြစ်ကို တစ်ဦးက ခွင့်လွှတ်ကာ ပျော်ရွှင်စွာရေကစားကြသည့် ရိုးရာယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်ပါကြောင်း၊ ရေကစား ရာတွင်လည်း အစဉ်အလာအရ ငွေဖလားတွင် အမွှေးနံ့သာရည်များထည့်ပြီး သပြေ ခက်ဖြင့် ရေပက်သော မြန်မာ့ဓလေ့ကို မြင်တွေ့ရခြင်းမှာ ကြည်နူးစရာပင်ဖြစ်ပါ ကြောင်း၊ ဤယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကြီးတွင် တစ်ဦးနှင့်တစ်ဦး ပျော်ရွှင်စွာ ရေကစားကြသည့်အခါ ယဉ်ကျေးပျူငှာခြင်း၊ သိမ်မွေ့ခြင်း၊ ရိုးရာအစဉ်အလာများ ထိန်းသိမ်းခြင်း စသည်ဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ကို ထိန်းသိမ်း သင့်ကြပါကြောင်း၊ ထို့ကြောင့် ယဉ်ကျေးမှုကို အရုပ်ဆိုးအကျည်းတန်စေသော၊ သရုပ်ပျက်ဝတ်စားဆင်ယင်မှုများ၊ ရိုင်းပျစွာ နောက်ပြောင်ကျီစယ်ခြင်းများ၊ ကြမ်းတမ်း စွာ ရေပက်ကစားခြင်း၊ မူးယစ်သောက်စားရမ်းကားမှုများကို ရှောင်ကြဉ်သင့်ကြ ပါကြောင်း. . . . .။

မြန်မာ့ရိုးရာမဟာသင်္ကြန်ကာလအတွင်း မြန်မာတစ်မျိုးသားလုံး၏ ရိုးရာ ယဉ်ကျေးမှုအရ နိုင်ငံတစ်ဝန်းတွင် မိမိထက် အသက်အရွယ်ကြီးမားသည့် ဂါဝရပြု ပူဇော်ထိုက်သော သက်ကြီးရွယ်အို အဘိုး၊ အဘွား၊ အနန္တဂိုဏ်းဝင် မိဘဆရာသမား များကို ပူဇော်ကန်တော့ကြခြင်း၊ တရော်ကင်ပွန်းတို့ဖြင့် ခေါင်းလျှော်ပေးခြင်း၊ ခြေသည်း၊ လက်သည်းများလှီးဖြတ်ပေးခြင်း၊အမွှေးနံ့သာတို့ဖြင့် ရေချိုးသန့်စင်ဒါနပြုခြင်း၊ တိရစ္ဆာန်များကို ကြင်နာသနားစွာ ဘေးမဲ့လွှတ်ခြင်း၊ ဘုရား၊ ပုထိုး၊ စေတီတန်ဆောင်း၊ ကျောင်းကန်များသို့ သွားရောက်ကာ ဥပုသ်သီတင်းသီလဆောက်တည်ခြင်း၊ အလှူဒါန ပြုခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်း၊ မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင်လည်း သံဃာတော် အရှင်သူမြတ်များက ရပ်ကွက်များ၊ လမ်းများအလိုက် အန္တရာယ်ကင်း ပရိတ် တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ပြီး ရေစက်သွန်းချအမျှပေးဝေကြခြင်း စသည့် နှစ်လိုဖွယ်ရာ ကောင်းမှုကုသိုလ်များကို ပြုလုပ်ကြတဲ့ပွဲတော်လည်း ဖြစ်ပါ ကြောင်း. . . . .။

ယခုနှစ် နေပြည်တော်တွင် ဆင်နွှဲမည့် ၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကာလအတွင်း နေပြည်တော်ရှိ မြို့တော်သူ မြို့တော်သားများ စည်ကားသိုက်မြိုက် ပျော်ရွှင်စွာ ရေကစားနိုင်ရန်အတွက် နေပြည်တော်ခန်းမအတွင်း ဗဟိုမဏ္ဍပ်၊ ဟိုတယ်ဇုန်ရှိ ရေကစားမဏ္ဍပ်လေးခုနှင့် ဖျော်ဖြေရေးမဏ္ဍပ်များမှာ ဝန်ကြီးဌာနမိသားစုများ၏ ယိမ်းအဖွဲ့များ၊ နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်များမှ ယိမ်းအဖွဲ့များ၊ ဟိုတယ်နှင့် ကုမ္ပဏီများမှ ဝန်ထမ်းမိသားစုယိမ်းအဖွဲ့များက ယိမ်းအက ပြိုင်ပွဲဝင်ခြင်း၊ ဖျော်ဖြေခြင်း၊ နိုင်ငံကျော်တေးသံရှင်များက ခေတ်ပေါ်တေးဂီတ တီးဝိုင်းများဖြင့် ဖျော်ဖြေခြင်းများကို ပြုလုပ်သွားကြမည်ဖြစ်ပါကြောင်း၊ ထို့အပြင် နေပြည်တော်ရှိ အများပြည်သူများ အနားယူအပန်းဖြေနိုင်သည့် နေပြည်တော် ရေပန်းဥယျာဉ်၊ အမျိုးသားပရဆေးဥယျာဉ်၊ နေပြည်တော်တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီ ဥယျာဉ်နှင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် စသည့်နေရာများသို့ လှည့်လည် ကြည့်ရှုအနားယူ အပန်းဖြေ ရေကစားနိုင်ကြမှာလည်း ဖြစ်ပါကြောင်း. . . .။

အလွန်ယဉ်ကျေးသိမ်မွေ့လှသည့် မဟာသင်္ကြန်ပွဲတော်ကြီးကို မြတ်နိုးဖွယ်ရာ အစဉ်အလာကောင်းများနှင့် နှစ်စဉ်ကျင်းပခဲ့ကြပါကြောင်း၊ ထို့အတွက် ယဉ်ကျေးမှုနှင့် မလျော်ညီသော အပြုအမူ၊ အပြောအဆိုများကို ရှောင်ရှားပြီး မဟာသင်္ကြန်ပွဲတော် ကို ပျော်ရွှင်စွာဆင်နွှဲ၍ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ မြန်မာတို့၏ အမျိုး သားရေးစိတ်ဓာတ်များ ပေါ်လွင်နိုင်ရေးအတွက် ထိန်းသိမ်းလိုက်နာပါဝင်ဆင်နွှဲကြ ရန် အထူးလိုအပ်လှပါကြောင်း၊ နှစ်ဟောင်းလွန်မြောက် နှစ်သစ်ကူးပြောင်း ရောက်ရှိ သည့် မင်္ဂလာရှိသောအခါသမယ၌ သင်္ကြန်ရေသွန်းလောင်းခြင်းဖြင့် အေးမြခြင်း၊ ကြည်လင်ခြင်း၊ သန့်စင်ခြင်းသဘောကိုဆောင်ပြီး နှစ်ဟောင်းမှ အညစ်အကြေးများ ကင်းစင်လွင့်ပျောက်၍ နှစ်သစ်အတွက် စိတ်သစ်၊ အင်အားသစ်များလည်း ဖြစ်ပေါ် လာကြမှာ ဖြစ်ပါကြောင်း။

ထို့ကြောင့် သင်္ကြန်ချစ်သူ ပြည်သူအပေါင်းတို့သည် မြန်မာ့အတာရေသဘင်ပွဲ တော်ကြီးကို ရိုးရာမပျက် ယဉ်ကျေးပျော်ရွှင်စွာ ဆင်နွှဲကြပြီး နှစ်သစ်ကို စိတ်သစ်၊ လူသစ်၊ အားမာန်သစ်များဖြင့် ဂုဏ်ယူစွာ ကြိုဆိုကြပါစို့ဟု ဆန္ဒပြုတိုက်တွန်းလိုပါ ကြောင်းဖြင့် ပြောကြားသည်။

နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ဖွင့်ပွဲတွင် စန္ဒရား ကွန်းဇော် တေးဂီတအဖွဲ့ဖြင့် တေးသံရှင်များက "မြူမှောင်ဝေကင်း"တေးသီချင်းကို သီဆိုပြီး ယိမ်းအကအဖွဲ့များက ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ယိမ်းအကအဖွဲ့များက "တူးပို့တူးပို့"၊ "ရွှေမန်းမာလာ"၊ "ရက်မြတ် သင်္ကြန်"နှင့် "ရွှင်လန်းချမ်းမြေ့ပါစေ"သီချင်းတို့ဖြင့် ကကြိုးကကွက်စုံလင်စွာ ကပြဖျော် ဖြေတင်ဆက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားပြီးတွင် ရုပ်ရှင်သရုပ်ဆောင် စိုးရန်အောင်၊ အဆိုတော် ရွှေရည် သိန်းတန်၊ စိမ့်နေခြည်နှင့် ဘုန်းခန့်တို့က စန္ဒရားကွန်းဇော် တေးဂီတအဖွဲ့နှင့် တွဲဖက်၍ လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ယိမ်းအဖွဲ့က ယဉ်ကျေးမှုဝန်ကြီးဌာန တီးဝိုင်းနှင့် တွဲဖက်၍လည်းကောင်း သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

---

**ရန်ကုန် ဧပြီ ၁၂**

၁၃၇၃ ခုနှစ် ရန်ကုန်မဟာသင်္ကြန် ကို နံနက် ၈ နာရီ ထိုးသည်နှင့် မြို့ တော်ဝန်မဏ္ဍပ်က စတင်ဖွင့်လှစ်လိုက်ပြီ ဖြစ်သည်။ ထို့နောက် ခရိုင်မဏ္ဍပ်များက နံနက် ၉ နာရီတွင် သတ်မှတ်နေရာ အသီးသီး၌ တစ်ပြိုင်နက် ဖွင့်လှစ်ခဲ့သလို ကုမ္ပဏီရေကစား မဏ္ဍပ်တို့ကလည်း အတာရေများကိုဖျန်းပက်၍ သင်္ကြန် အကြိုနေ့ကို အေးမြစေခဲ့ပြီ။

# အကြိုနေ့ မြင်ကွင်းစုံလင်အတာရေသဘင်

**သတင်းထောက် -တင်ဝင်းလေး(ကြည့်မြင်တိုင်) စုစည်းတင်ပြသည်**

**ကန်တော်ကြီးပတ်လမ်း**

နှစ်စဉ်စည်ကားခဲ့သော မင်္ဂလာ တောင်ညွန့်မြို့နယ် ကန်တော်ကြီးပတ် လမ်း၌ ပေ ၅၀ အထက် ရေကစား မဏ္ဍပ်ကြီး ၁၅ ခုကို တွေ့ရသည်။ နံနက် ၈ နာရီကတည်းက ရေကစား ရန် တာစူခဲ့ကြသည်။ သင်္ကြန်အကြိုနေ့ နံနက်ပိုင်းဖြစ်သည်မို့ ရေပက်ခံကား များ အလာကျဲနေသေးသည်ကို တွေ့ရ သည်။



"သာခုပါဗျာ" ဖြေဖျော်ရေးသင်္ကြန်ကားကို မြင်တွေ့ရစဉ်။

မဏ္ဍပ်များ၏ အမည်များကို မြန်မာဆန်ဆန် အမည်ပေးရမည်ဟု စည်းကမ်းသတ်မှတ်ပေးခဲ့သော်လည်း နိုင်ငံခြားဆန်သောအမည် အင်္ဂလိပ် စာလုံးကြီးများကိုသာတွေ့ရပြီး ရွှေဝါ ပိတောက်၊ နှင်းပိတောက်၊ မင်းသားကြီး စသည့် မြန်မာအမည်များကို မဏ္ဍပ်၏ မထင်မရှားနေရာ ထောင့်တို့၌သာ စာလုံးသေးသေးလေးများဖြင့် ရေးသား ထားသည်ကိုလည်း သတိပြုခဲ့သည်။

နေ့လယ်ပိုင်းတစ်ချက် ထမင်းစား နားခဲ့ကြပြီး ညနေ ၃ နာရီမှ စတင် စည်ကားလာခဲ့သည်။ ညနေစောင်း လေ စည်ကားမှု ပိုရှိလာသည်ကို တွေ့မြင်ရသည်။

**နိုင်ငံခြားသားတို့လည်းပျော်**

သင်္ကြန်အကြိုရက်ဖြစ်သော်လည်း ကန်ပတ်လမ်း၌ နိုင်ငံခြားဧည့်သည် အများအပြားကို တွေ့ရသည်။ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ၊ အုပ်စုလိုက် ကင်မရာလေးတွေကိုယ်စီ နှင့်သူတို့လည်း ပျော်နေကြသည်။



ရေပက်ခံသူများနှင့်အတူ ပျော်နေသောနိုင်ငံခြားသားများ။

မဏ္ဍပ်ကြီးရှေ့တစ်ခု၌ နိုင်ငံခြားသား အမျိုးသား အမျိုးသမီးအုပ်စု ရေပက်ခံ လာသူများနှင့်အတူ ကခုန်နေကြသည်။

**အခက်အခဲတစ်ခု**

ကန်ပတ်လမ်းရှိ ရေကစားမဏ္ဍပ် များက ကားလမ်းမကြီးကို ဖြတ်ကျော်ကာ ကန်ကြီးအတွင်းမှ ရေကိုယူကြရသည်။ မဏ္ဍပ်ကြီးတစ်ခုနှင့်တစ်ခုက အလှမ်း မကွာလှ၊ မဏ္ဍပ်တစ်ခုလျှင် ခြောက် လက်မပိုက်ကြီးနှစ်လုံးမှ သုံးလုံးအထိ သွယ်ယူကြရသည်။ ထိုကားလမ်းဖြတ် ကျော်ပိုက်များကို သစ်သားဖြင့် ခုံးပြုလုပ် ထားကြသည်။ ခုံးကိုဖြတ်ကျော်သည့် ကားတိုင်း လွယ်လွယ်ကူကူ အဆင်ပြေပြေ ဖြတ်ကျော်၍မရ၊ အရှိန်နှင့် ဖြတ်ကျော် ရသည်။ အချို့ကားများဆို လူအုပ်ဖြင့် ဝိုင်းတွန်းနေကြရသည်ကို တွေ့ရသည်။ မြင်ကွင်းက မကောင်းလှပါ။ ထိုသို့ ကားတွန်းနေကြရသည်ကို နိုင်ငံခြားသား ဧည့်သည်များက မှတ်တမ်းတစ်ခု ယူသွား နိုင်ခဲ့သည်။

**ယာဉ်လိုင်းအချို့ဈေးတက်**

မထသ(ဗဟို)မှ သင်္ကြန်ရက်ထွက် သောယာဉ်လိုင်းများ ယာဉ်စီးခ ပို မတောင်းစေရန် ညွှန်ကြားထားသော် လည်း မထသယာဉ်များက ဟိုနားဒီနား တစ်မှတ်တိုင်စီးလည်း ကားခက ငွေကျပ် ၂၀၀၊ ဗန္ဓုလသယ်ယူပို့ဆောင်ရေး ယာဉ် လိုင်းဖြစ်သည့် အဓိပတိကားအချို့က လည်း ခရီးစဉ်ပိုင်းဖြတ်၍ ငွေကျပ် ၃၀၀ မှ ငွေကျပ် ၅၀၀ အထိ တောင်းယူ နေကြပြီ။ ကိုယ်တွေ့ခံခဲ့ရသည့်အဖြစ်။



ရေပိုက်ဖြတ်လမ်းကြောင့် ဤသို့ ကားများအခက်အခဲတွေ့ရသည်။

နောက်ရက်များ သည်ထက်တိုးတောင်း လာပါက သတင်းလိုက်ယူဖို့ပင် အခက် အခဲများဖြစ်လာနိုင်သည်။

**လသာမြို့နယ်အတွင်း တိုးမပေါက်**

ရန်ကုန်မြို့ထဲ အနော်ရထာ လမ်းမကြီး၏ လသာမြို့နယ်အတွင်း၌ လည်း တိုးမပေါက်ခဲ့။ ဂရိတ်ဝေါ ရေကစားမဏ္ဍပ်၊ Sky Net ရေကစား မဏ္ဍပ်တို့က ဖြေဖျော်ရေးအစီအစဉ် ဖြင့် လမ်းလုံးပြည့်နေခဲ့သည်။

**သာခုပါဗျာ**

ရှားရှားပါးပါး သင်္ကြန်ဖျော်ဖြေ ရေးအလှပြ ယာဉ်တစ်စီးကို လသာ မြို့နယ်အတွင်း၌ တွေ့လိုက်ရသည်။ Sky Net မဏ္ဍပ်၌ ဖျော်ဖြေမည်ဟု သိရသည်။ ဓာတ်ပုံရိုက်မှတ်တမ်းတင် နေစဉ် ရွှေ့ဆလွန်းကားအဖြူပေါ်၌ သူငယ်ချင်း လူရွှင်တော်သရုပ်ဆောင် မောင်မေတ္တာ (ကိုခင်မောင်မြင့်)ကို တွေ့၍ သရုပ်ဆောင် ဗေလုဝ၊ ကုသိုလ် တို့ ဦးဆောင်သော "သာခုပါဗျာ" ဖြေဖျော်ရေးနှစ်ထပ်ယာဉ်ဖြစ်ကြောင်း သိရသည်။ သူတို့ဖြေဖျော်ရေး ယာဉ် ပေါ်တွင် ရေးထားသော စာသား လေးကို သဘောကျခဲ့သည်။ "ကုသိုလ် ရဖို့၊ မေတ္တာပို့ပြီး၊ မေတ္တာမောင်းတီးဝင် တာ သာခုပါဗျာ" ဟု။

**မြင်ကွင်းစုံလင်ရေသဘင်**

ထို့အတူ အခြားဖြေဖျော်ရေး ကားအချို့လည်း ဖိတ်ကြားသောမဏ္ဍပ် များသို့ လိုက်လံဖြေဖျော်မည်ဖြစ် ကြောင်း ယနေ့သင်္ကြန်အကြိုနေ့ မြင်ကွင်းစုံလင် ရေသဘင်အဖြစ် တင်ပြလိုက်ရပါသည်။

---

### ❖ ကျောဖုံးမှ

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ မန္တလေးမြို့တော်ဝန် တိုင်း ဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးအောင်မောင်းနှင့် တိုင်းဒေသကြီးလူမှုရေး ဝန်ကြီး ဒေါက်တာဝင်းလှိုင်တို့က ၁၃၇၃ ခုနှစ် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်နှင့် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန် မဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းသို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ရှေ့ရှိ ကျောင်းသူလေးများက မိုးပျံပူဖောင်းများ လွှတ်တင်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူး၊ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များ၊ မဟာသင်္ကြန်အကအဖွဲ့ဝင်များအား သပြေခက်ဖြင့် အမွှေးနံ့သာရည်များ၊ မဟာသင်္ကြန်အတာရေများဖြင့် အပြန်အလှန် ပက်ဖျန်းနှုတ်ဆက် ကြသည်။

ထို့နောက် မန်းစည်ပင်မြန်မာ့ဆိုင်းဝိုင်းနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့တို့နှင့်အတူ မြို့တော်စည်ပင် ယိမ်းအကလှပျိုဖြူများ၊ မဟာသင်္ကြန်မဏ္ဍပ်ရှေ့တွင် ကြိုတင်နေရာယူ ထားကြသည့် မန္တလေးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ တူညီရောင်စုံဝတ် ယိမ်းအကအဖွဲ့ဝင် ကျောင်းသူ ၃၀၀၀ ကျော်တို့က မန်းတောင်ရိပ်ခိုသီချင်းနှင့် အောင်မြင်ပါစေ မြန်မာပြည်သီချင်းတို့ကို သံပြိုင်သီဆိုကြပြီး ယိမ်းအဖွဲ့များက တူညီ ကကြိုးများဖြင့် စုပေါင်းညီညာလှပစွာ ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်တွင် ပြိုင်ပွဲဝင်ဆင်နွှဲကြမည့် သင်္ကြန်အလှပြယာဉ်များသည် မန္တလေးမြို့တော်ဝန် မဟာ သင်္ကြန်မဏ္ဍပ်ရှေ့မှ ဖြတ်သန်းဂါရဝပြုနှုတ်ဆက်ကြရာ ရှေ့ဆုံးမှ မန္တလေးမြို့ ဂုဏ်ဆောင် မြို့မငွေငန်းဖြူအလှပြယာဉ်က ဦးဆောင်လျက် မြို့မတေးဂီတအဖွဲ့မှ အနုပညာရှင်များက အဆို၊ အက၊ အလှများဖြင့် ကပြဖျော်ဖြေ ဖြတ်သန်းဂါရဝပြု နှုတ်ဆက်ကြသည်။

ထို့နောက် ပြိုင်ပွဲဝင် မန္တလေးခရိုင်ကိုယ်စားပြု မြနန်းမန္တလာသင်္ကြန်အလှ ပြယာဉ်၊ မိတ္ထီလာခရိုင် ကိုယ်စားပြု ထီလာမေအလှပြယာဉ်၊ ညောင်ဦးခရိုင်ကိုယ်စားပြု ပုဂံရွှေပြည်အလှပြယာဉ်၊ ရမည်းသင်းခရိုင် ကိုယ်စားပြု ရွှေသင်းမောင်အလှပြယာဉ်၊ ကျောက်ဆည်ခရိုင် ကိုယ်စားပြု ရွှေဆည်ကေရီအလှပြယာဉ်၊ ပြင်ဦးလွင်ခရိုင် ကိုယ်စားပြု ပန်းမြို့သူအလှပြယာဉ်၊ မြင်းခြံခရိုင် ကိုယ်စားပြု ရွှေခြံမောင်အလှပြယာဉ်၊ ဟိုတယ်နှင့် ခရီးသွားကိုယ်စားပြု အလှပြယာဉ်နှင့် ချမ်းမြသာစည်မြို့နယ်ကိုယ်စားပြု တေးလွင်အလှပြယာဉ်တို့က ခါသင်္ကြန် အဆို၊ အကများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ကပြ ဖျော်ဖြေလျက် ဖြတ်သန်းဂါရဝပြုကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များ၊ ရုပ်ရှင်၊ ဂီတ အနုပညာရှင်များက ရင်းရင်းနှီးနှီး လက်ပြနှုတ်ဆက် ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် မန္တလေးမြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ မန္တလေးမြို့တော် စည်ပင်ယိမ်းအကလှပျိုဖြူများ၊ ရုပ်ရှင်၊ ဗီဒီယိုသရုပ်ဆောင်များ၊ အဆိုတော်များနှင့် အနုပညာရှင်များသည် သင်္ကြန်ချစ်သူပြည်သူများအား သင်္ကြန်အက၊ သင်္ကြန်တေး သီချင်း၊ ခေတ်ပေါ်တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော် သင်္ကြန်အကြိုနေ့တွင် မန္တလေးကျုံး ပတ်လည်တစ်လျှောက်၌ ပြိုင်ပွဲဝင်အကမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များဖြင့် လည်း ကောင်း၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင် အဖွဲ့အစည်းများ၏ ရေကစားမဏ္ဍပ်များဖြင့် လည်းကောင်း၊ မန္တလေးမြို့တွင်း၌ ရပ်ကွက်အလိုက်၊ လမ်းများအလိုက် ရေကစား မဏ္ဍပ်များဖြင့်လည်းကောင်း အဆို၊ အက၊ အတီးများဖြင့် အပြိုင်အဆိုင် ဖျော်ဖြေ တင်ဆက်ကြ၍ ပျော်ရွှင်စွာ ရေကစားလျက်ရှိရာ ကျုံးတောင်ဘက်တွင် သင်္ကြန်မဏ္ဍပ် ၁၉ ခု၊ ကျုံးအရှေ့ဘက်တွင် သင်္ကြန်မဏ္ဍပ် ၁၂ ခု၊ ကျုံးအနောက်ဘက်တွင် သင်္ကြန် မဏ္ဍပ်လေးခု၊ မြို့တွင်းသင်္ကြန်မဏ္ဍပ်နှစ်ခုအပါအဝင် သင်္ကြန်မဏ္ဍပ် ၃၇ ခု၊ သင်္ကြန် အလှပြယာဉ် ၁၀ စီးတို့ဖြင့် ပါဝင်ဆင်နွှဲကြသည်။

သင်္ကြန်ချစ်သူပြည်သူများက ကားကြီး၊ ကားငယ်၊ ဆိုင်ကယ်၊ စက်ဘီးများဖြင့် လည်းကောင်း၊ ခြေကျင်လျှောက်၍လည်းကောင်း သင်္ကြန်ပွဲတော်ကို နွှဲပျော်ကြပြီး သင်္ကြန်ချစ်သူပြည်သူများ၏ သင်္ကြန်တေးသံသာများဖြင့် မန္တလေးမြို့တစ်ခွင်လုံး ဖုံးလွှမ်းစည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

## လျှပ်စစ်ဓာတ်အား သုံးလျှင်သတိယူဉ်

*ရန်ကုန် ဧပြီ ၁၂*

*လျှပ်စစ်ဓာတ်အားကို အချိန်ဖြင့် ပေးဝေဖြန့်ဖြူးနေသည့်အတွက် လျှပ်စစ်ဓာတ်အားပြတ်တောက်စဉ် မိမိအသုံးပြုနေသည့် လျှပ်စစ်ပစ္စည်း ကိရိယာများဖြစ်သော မီးဖို၊ မီးပူ၊ ထမင်း / ဟင်းချက်ကိရိယာများကို မပိတ်မိသည့်အတွက် လျှပ်စစ်ဓာတ်အား ပြန်ဝင်ချိန်တွင် အပူလွန်ကဲကာ မီးလောင်မှုဖြစ်ပွားလျက်ရှိသည်။ သို့ဖြစ်၍ လျှပ်စစ်ဓာတ်အား ပြတ်တောက်ချိန်တွင် အသုံးပြုသောလျှပ်စစ်ပစ္စည်းများအား သေချာစွာပိတ်ထားကြ ရန်နှင့် မီးဘေးလုံခြုံရေးအတွက် သတိရှိကြပါရန် မီးသတ်ဦးစီးဌာနက နှိုးဆော်တိုက်တွန်းထားသည်။* **(သတင်းစဉ်)**

သင်္ကြန်မြင်ကွင်း သတင်းပဒေသာ

သင်္ကြန်မြင်ကွင်း သတင်းပဒေသာ

# နေပြည်တော် မဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲရန် နေပြည်တော်ဟိုတယ်ဇုန်ရှိ ရေသဘင်မဏ္ဍပ်ဖွင့်ပွဲ စည်ကားစွာကျင်းပ အနုပညာရှင်များနှင့် ယိမ်းအကအဖွဲ့များက ဖျော်ဖြေတင်ဆက်

**နေပြည်တော် ဧပြီ ၁၂**

၂၀၁၂ ခုနှစ် နေပြည်တော် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းမှစတင်၍ နေပြည်တော်ဟိုတယ်ဇုန်ရှိ မဟာသင်္ကြန်မဏ္ဍပ်များ၌ တစ်ပြိုင်တည်းကျင်းပရာ "မြူမှောင်ဝေကင်း" သင်္ကြန်သီချင်းသံများဖြင့် ဖုံးလွှမ်းလျက်ရှိသည်။

ရွှေညော့်သည်ဟိုတယ်နှင့် ရွှေသံလွင်ကုမ္ပဏီတို့၏ ၂၀၁၂ ခုနှစ် မိသားစုမဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရွှေညော့်သည်ဟိုတယ်ရှေ့ရှိ မဟာသင်္ကြန်မဏ္ဍပ်၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်၊ နေပြည်တော်ကောင်စီဝင် ဦးကံချွန်နှင့် ရွှေသံလွင်ကုမ္ပဏီ နာယက အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နီတို့က မဟာသင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အနုပညာရှင်များနှင့် ယိမ်းအကအဖွဲ့များက သင်္ကြန်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ရွှေသံလွင်ကုမ္ပဏီသည် သင်္ကြန်ရက်များအတွင်း ရွှေညော့်သည် ဟိုတယ်ရှေ့၌ စတုဒိသာမဏ္ဍပ်ဖွင့်လှစ်၍ မြန်မာ့ရိုးရာအစားအစာများကို ကျွေးမွေးဧည့်ခံသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အလားတူ Max Myanmar Group of Companies မိသားစု မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ရွှင်ရယ်ကမုဒြာဟိုတယ်ရှေ့ရှိ မဟာသင်္ကြန်မဏ္ဍပ်၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်၊ နေပြည်တော်ကောင်စီဝင် ဦးကံချွန်နှင့် Max Myanmar Group of Companies မှ ဦးခင်မောင်ကြွယ်တို့က မဟာသင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အနုပညာရှင်များနှင့် ယိမ်းအကအဖွဲ့များက သင်္ကြန်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့အပြင် သိဏ်းအုပ်စုကုမ္ပဏီလီမိတက်မိသားစု မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ဟိုတယ်ရွှေပြည်တော်ရှေ့ရှိ မဟာသင်္ကြန်မဏ္ဍပ်၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးဌေးအောင်၊ နေပြည်တော်ကောင်စီဝင် ဦးကံချွန်နှင့် သိဏ်းအုပ်စုကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးသိန်းအောင်တို့က မဟာသင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး သိဏ်းအုပ်စုကုမ္ပဏီ၏ သမီးပျိုလေးများက သင်္ကြန်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အလားတူ နေပြည်တော်အက်ဖ်စီဘောလုံးအသင်း၏ မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို OASIS ဟိုတယ်ရှေ့ရှိ မဟာသင်္ကြန်မဏ္ဍပ်၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးဌေးအောင်၊ နေပြည်တော်ကောင်စီဝင် ဦးကံချွန်နှင့် နေပြည်တော်အက်ဖ်စီဘောလုံးအသင်း CEO ဦးကျော်ဦးတို့က မဟာသင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အနုပညာရှင်များနှင့် ယိမ်းအကအဖွဲ့များက သင်္ကြန်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

၂၀၁၂ ခုနှစ် နေပြည်တော်ဟိုတယ်ဇုန်ရှိ မဟာသင်္ကြန်ရေကစားမဏ္ဍပ်များ၌ ရန်အောင်၊ နေအောင်၊ ရဲအောင်၊ ကျော်ရဲအောင်၊ ဇင်ဝိုင်း၊ မင်းမော်ကွန်း၊ ဖိုးသောကြာ၊ ဟက်ကက်၊ ရင်ဂို၊ ဘိုဖြူ၊ နောနော်၊ သားစိုး၊ ချန်ချန်း၊ ဂျင်းနီ၊ ရေဗက္ကာဝင်း၊ နီလာအောင်၊ မေသူ၊ တွယ်တာ စသည့် ရုပ်ရှင်၊ ဂီတအနုပညာရှင်များနှင့်အတူ ယိမ်းအကအဖွဲ့များက မဟာသင်္ကြန်ကာလအတွင်း နေ့စဉ်နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် သီဆို ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**




## မဟာသင်္ကြန်ဖွင့်ပွဲ အခမ်းအနားကျင်းပ

ရွှေညော့်သည်ဟိုတယ်နှင့် ရွှေသံလွင်ကုမ္ပဏီတို့၏ ၂၀၁၂ ခုနှစ် မိသားစု မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

# မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲအခမ်းအနား ဒလ၌ကျင်းပ

**ရန်ကုန် ဧပြီ ၁၂**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၂ ရက် ညနေ ၅ နာရီ ၂၅ မိနစ်က ဒလသင်္ဘောဆိပ်ရှိ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖျော်ဖြေရေးမဏ္ဍပ်၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကျော်ဝင်း၊ မြို့နယ်ပညာရေးမှူး ဦးသန်းစိုးနှင့် မြို့နယ်စည်ပင်သာယာရေး အုပ်ချုပ်ရေးမှူး ဦးတင်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။ ထို့နောက် ဒလမြို့နယ်ရှိ ယိမ်းအကအဖွဲ့ ၁၄ ဖွဲ့တို့က စုပေါင်း၍ မြနန္ဒာအဖွင့်သီချင်းဖြင့် စတင်ကပြဖျော်ဖြေကြသည်။ **သန်းဌေး(ဒလ)**

# ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် နှစ်သစ်ကူး မဟာသင်္ကြန်မိသားစု ရေကစားမဏ္ဍပ်ဖွင့်

**ရန်ကုန် ဧပြီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မဟာသင်္ကြန်မိသားစုရေကစားမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၂ ရက် နံနက် ၉ နာရီက အလုံမြို့နယ် ကမ်းနားလမ်းနှင့် အလုံလမ်းထောင့်ရှိ Queen Star Restaurant ရှေ့၌ ဖွင့်လှစ်ရာ အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်က အဖွင့်အမှာစကားပြောကြားခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်နှင့် အနောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လှပျိုဖြူသမီးငယ်လေးများက **(အောက်ပုံ)**တူးပို့တူးပို့သီချင်းဖြင့် စုပေါင်းသီဆိုဖွင့်လှစ်ပေးကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**



# ရန်ကုန်အတာသင်္ကြန် အကြိုနေ့စည်ကား စတုဒိသာအကျွေးအမွေးဖြင့် ကုသိုလ်ပွားများ

**ရန်ကုန် ဧပြီ ၁၂**

ရန်ကုန်မြို့တော်အတွင်း၌ ပထမဆုံးကျရောက်လျက်ရှိသည့် ယခုနှစ် မဟာသင်္ကြန်ရေသဘင်ပွဲတော်အတွင်း၌ အကြိုနေ့ စတုဒိသာ ကျွေးမွေးပွဲများ ပြုလုပ်လာကြကြောင်း သိရှိရသည်။

သင်္ကြန်တွင်းမှာ ကိုယ်နိုင်သလောက် အလှူပေးဝေကြတယ်။ အဓိကကတော့ သင်္ကြန်စာတွေဖြစ်တဲ့ မုန့်လုံးရေပေါ်၊ သာဂူ၊ မုန့်လက်ဆောင်း၊ ရွှေရင်အေးနဲ့ အချိုပွဲ အုန်းသီး၊ ကောက်ညှင်းအခြေခံ မြန်မာ့ရိုးရာစားစရာတွေကို အဓိကထားပြီး စတုဒိသာကျွေးကြပါတယ်။ ကျွန်မတို့အနေနဲ့ အမျိုးတွေနဲ့ ခင်မင်တဲ့ မိတ်ဆွေတွေစုပေါင်းပြီး ပထမနေ့ကို မုန့်လုံးရေပေါ်၊ နောက်နေ့ကို မုန့်လက်ဆောင်း၊ သာဂူ စသည်ဖြင့် နိုင်သလောက် လှူဒါန်းသွားမယ်။ ဒါက မြန်မာ့ရိုးရာသင်္ကြန်အလေ့အထတစ်ခုပါပဲ" ဟု စတုဒိသာမုန့်များ သင်္ကြန်တွင်းလှူဒါန်းသူ ဒေါ်ခင်ခင်လေးက ပြောကြားသည်။

" သင်္ကြန်မှာ ပေါင်မုန့်တွေ ဝေဖြစ်တယ်။ ကားလည်ကြတဲ့အခါ ဗိုက်ဆာနေကြတာ။ သင်္ကြန်လည်တဲ့ကားတွေကို တတ်နိုင်သလောက် ဝေပေးတယ်။ ဒါကလည်း တရုတ်တန်းက ရေပက်တဲ့သူတွေရဲ့ အလေ့အထတစ်ခုလို ဖြစ်နေပြီ"ဟု ၁၉ လမ်းထိပ် Skynet မဏ္ဍပ်အနီးတွင် နေထိုင်သူ စတုဒိသာအလှူရှင် ကိုသီဟက ပြောကြားသည်။ **(သွန်းဝသန်)**



မင်္ဂလာဒုံမြို့နယ် ၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၂ ရက်က အမှတ်(၃) လမ်းမကြီးနှင့် ခရေပင်လမ်းထောင့်ရှိ ရွှေမင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနု၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးမင်းနှင့် မင်္ဂလာဒုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ထွေ/အုပ်)

## နှစ်သစ် လက်ဆောင်

* ထူးထွေဆန်း
မြူးဝေလန်းသလို၊
ဘေးမသန်း
အေးချမ်းသကို၊
နှစ်သစ်ကိုကြို
နိမိတ်ဆိုကောင်း။
ရန်ပြေပြေ
သင်္ကြန်ရေ ပက်ကာဖျန်း
အေးချမ်းစေကြောင်း။
* လမ်းတစ်လျှောက်
ပန်းပိတောက်မြိုင်၊
ဝါဝါအဆင်းရယ်နဲ့
သင်းပျံ့ပျံ့လှိုင်၊
စစ်အမှန်ခိုင်
ချစ်မဏ္ဍိုင်မြဲစေသား။
လန်းဖြာဝေ
ကျန်းမာစေ နှစ်သစ်တွက်
ဆုလက်ဆောင်ပါး။
* အမှန်ပေ့
မြန်ခလေ့ထင်၊
အစဉ်ရှေးရှ
ယဉ်ကျေးမှုပင်။
အမှန်ယုံစေချင်
မြန်ဂုဏ်အင် အစဉ်ကိန်း။
စကားမထောင့်
တရားစောင့်မြတ်နှလုံးရယ်နဲ့
သက်ဆုံးတိုင်ယိုင်မလဲ
မြဲမြဲအောင်ထိန်း။ ။

**သောင်းကိုကို**

# မဟာသင်္ကြန်ပွဲတော်အကြိုနေ့ မတော်တဆထိခိုက်မှုဖြစ်ပွားခဲ့ ပျော်လည်းပျော် သတိလည်းရှိဖို့လို

**ရန်ကုန် ဧပြီ ၁၂**

မဟာသင်္ကြန်ပွဲတော် အကြိုနေ့အဖြစ် ယနေ့တစ်နိုင်ငံလုံး ဆင်နွှဲကြရာတွင် မတော်တဆ ထိခိုက်မှုအချို့လည်း ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

"ကားက ဘရိတ်ပေါက်ပြီး အရှိန်မထိန်းနိုင်ပါဘူး။ လက်ကိုင်ခွေကလည်း တစ်ဖက်ကို ဘယ်လိုမှ ဆွဲချလို့မရတော့ဘဲနဲ့ မဏ္ဍပ်ငယ်တစ်ခုကို ဝင်တိုက်မှုဖြစ်ပွားခဲ့ရတယ်" ဟု ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့ဝင်တစ်ဦးက ရှင်းပြသည်။

ယနေ့ညနေ ၅ နာရီဝန်းကျင်ခန့်က အနောက်မြင်းပြိုင်ကွင်းလမ်းပေါ်ရှိ သီတာဦး အလှူမီနီယံနှင့် မှန်လုပ်ငန်းမှ ဦးဆောင်သည့် ကလေးငယ်များ၏ ရေကစားမဏ္ဍပ်တစ်ခုကို Super Custom ကားတစ်စီးက **(အောက်ပုံ)** ဘရိတ်ပေါက်ကာ ဝင်တိုက်ခဲ့ရာ ရေကစားနေသူ ကလေးငယ်ငါးဦးနှင့် လူကြီးနှစ်ဦးတို့ ထိခိုက်ကျိုးပဲ့ဒဏ်ရာများရရှိကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ပြင်ပလူနာဌာနသို့ တင်ပို့ခဲ့ရကြောင်း သိရှိရသည်။

"ကားက ဝင်တိုက်တာ မဏ္ဍပ်ထဲက ပိုက်တွေရော၊ ရေတိုင်ကီရော ပျက်စီးသွားပြီး ကလေးတွေလည်း ခြေထောက်ကျိုးတာတွေ ပွန်းပဲ့တာတွေ ဖြစ်ကုန်ပါတယ်။ ကံကောင်းတာက ဘေးကကားကိုပါ ဝင်တိုက်မိရင် ကလေးတွေ ကားနှစ်စီးကြား ညှပ်သွားပြီး အသက်ပါ ဆုံးရှုံးနိုင်တယ်၊ သင်္ကြန်ကာလမှာ ပျော်လည်းပျော်၊ သတိရှိဖို့လည်း လိုတာပေါ့"ဟု အနီးရှိ မှန်လုပ်ငန်းမှ ထိခိုက်သူတစ်ဦး၏ အဒေါ်ဖြစ်သူက ပြောပြသည်။

အဆိုပါဖြစ်စဉ်ကို မြို့နယ်နှင့် ရပ်ကွက်မှ တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် ယာဉ်မှုစစ်များ လာရောက်စစ်ဆေးကြည့်ရှုကြကြောင်း သိရှိရသည်။ **(ခင်ရတနာ)**



◆ *ကျောဖုံးမှ*

ပြည်လမ်းနှင့် လမ်းသစ်လမ်းထောင့်ရှိ မဟာသင်္ကြန်မဏ္ဍပ်၌ ကျင်းပရာ တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေး ဝန်ကြီး ဦးသန်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသည့် ဒေါ်စန်းစန်းနွယ်၊ ဦးစိုးမင်း၊ ဦးသန်းမြင့်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေလင်းတို့က ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ရန်ကုန်မြောက်ပိုင်းခရိုင်တွင် ရေကစားမဏ္ဍပ် (၁၅)ခု ဆောက်လုပ်ကာ ရေသဘင်ပွဲကို နှစ်သစ်နှင့်အတူ ဆင်နွှဲကြမည်ဖြစ်သည်။

အလားတူ မဟာသင်္ကြန်အကြိုနေ့ နံနက်ပိုင်းမှစ၍ ကမ္ဘာအေးစေတီလမ်း၊ ပြည်လမ်း၊ ကန်တော်ကြီး ကန်ပတ်လမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အနော်ရထာလမ်း၊ မဟာဗန္ဓုလလမ်း၊ ကုန်သည်လမ်း တစ်လျှောက်တို့၌ ရေကစားမဏ္ဍပ်များတွင် သင်္ကြန်ချစ်သူများက ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ စတင်ဆင်နွှဲကြသည်။

မင်္ဂလာတောင်ညွန့် မြို့နယ် သိမ်ဖြူ ယာဉ်မောင်းသင်ကွင်း၌ (၉)ကြိမ်မြောက် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်နှင့် ဘုရားရေသပ္ပာယ်ပွဲကို ကျင်းပရာ ရခိုင်သမီးပျိုများက မြတ်စွာဘုရားအား နံ့သာရည်ဖြင့် ရေသပ္ပာယ်ကြပြီး ရခိုင်ရိုးရာယဉ်ကျေးမှု ယိမ်းအကများဖြင့် ဖျော်ဖြေကြကာ ရိုးရာအစဉ်အလာမပျက် ပျော်ရွှင်စွာ ရေကစားကြသည်။

လှိုင်သာယာမြို့နယ် ဗဟိုရေကစားမဏ္ဍပ်နှင့် စက်မှုဇုန်အပိုင်း(၅) ရေကစားမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကိုလည်း နံနက်ပိုင်းတွင်ကျင်းပရာ တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေး ဝန်ကြီး ဦးသန်းမြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေလင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထိန်စိုးတို့က မဟာသင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ရွှေတြိဂံမိသားစု အတာသင်္ကြန်ရေကစားမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို မွန်းလွဲ ၂ နာရီခွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်း မင်္ဂလာဈေးရှေ့ရှိ အဆိုပါမဏ္ဍပ်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာအုန်း၊ ရွှေငါးထရိတ်ဒင်းလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမောင်နှင့် ရွှေတြိဂံကုမ္ပဏီလီမိတက်မှ စက်ရုံမှူး ဦးစိုးမင်းတို့က ရေကစားမဏ္ဍပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တေးသံရှင်များက တေးသံသာများဖြင့် ဖျော်ဖြေကာ ပျော်ရွှင်စွာရေကစားကြသည်။

Sky Net ရုပ်သံနှင့် ရွှေ FM ရေဒီယို မြန်မာ့ရိုးရာအတာရေသဘင်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ညနေ ၃ နာရီတွင် လသာမြို့နယ် အနော်ရထာလမ်းနှင့် (၁၉)လမ်းထိပ်ရှိ အဆိုပါမဏ္ဍပ်၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ အမှတ်(၄)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစံတင်နှင့် ရွှေ FM ဥက္ကဋ္ဌ ဒေါ်နန်းမောက်လောဝ်ဆိုင်တို့က အတာရေသဘင်မဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြကာ ရေသဘင်ပွဲကို ပျော်ရွှင်စွာ ဆင်နွှဲကြသည်။ အလားတူ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များအလိုက် ရေကစားမဏ္ဍပ်များ၊ မြို့နယ်၊ ရပ်ကွက်၊ လမ်းများအလိုက် မဏ္ဍပ်ကြီးငယ်များ ဆောက်လုပ်ကာ မဟာသင်္ကြန်အကြိုနေ့ကို ပျော်ရွှင်စွာ ဆင်နွှဲကြသကဲ့သို့ ရွှေတိဂုံစေတီတော် အပါအဝင် ဘုရား၊ ပုထိုး၊ စေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ကုသိုလ်ကောင်းမှုပြုကြသူများ၊ ဥပုသ်သီတင်းဆောက်တည်ကြသူများ အထူးစည်ကားသည်ကို တွေ့ရသည်။ **(သတင်းစဉ်)**



ဧပြီ ၁၂ ရက်က နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားတွင် ယိမ်းအကအဖွဲ့များက ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။ (သတင်းစဉ်)



သင်္ကြန်အကြိုနေ့က ရန်ကုန်မြို့ အနော်ရထာလမ်းရှိ SkyNet နှင့် ရွှေ FM ရေကစားမဏ္ဍပ်တွင် ရေပက်ကစားကြစဉ်။ (ဓာတ်ပုံ-တင်စိုး)

# မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ရေသဘင်ပွဲ အမြို့မြို့ အနယ်နယ်တွင် ပျော်ရွှင်စွာဆင်နွှဲ

ဧပြီ ၁၂ ရက်က မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ယိမ်းအဖွဲ့များက ကပြဖျော်ဖြေကြစဉ်။ (သတင်းစဉ်)

သင်္ကြန်အကြိုနေ့က ကမ္ဘာအေးစေတီလမ်းရှိ ရေကစားမဏ္ဍပ်တစ်ခုတွင် ပျော်ရွှင်စွာ ဤသို့ ရေကစားကြသည်။ (ဓာတ်ပုံ-တင်စိုး)





## ပခုက္ကူ

ပခုက္ကူခရိုင်/မြို့နယ် မဟာသင်္ကြန်ဗဟို ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်ဖွင့်ပွဲကို ဧပြီ ၁၂ ရက်က ပခုက္ကူမြို့ မြို့မလမ်း လွတ်လပ်ရေးပန်းခြံရှိ မဟာသင်္ကြန် ဗဟိုရေကစားမဏ္ဍပ်၌ ကျင်းပရာ ပြည်သူများ ပျော်ရွှင်စွာ ရေပက်ကစားကြစဉ်။ (၁၀၂)



## စည်ကားများပြား

သင်္ကြန်အကြိုနေ့က ကန်တော်ကြီး ကန်ပတ်လမ်းတစ်လျှောက် မဏ္ဍပ်များ၌ ရေပက်သူများနှင့် ရေပက်ခံထွက်သူများ စည်ကားများပြားစွာ ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ-တင်စိုး)





## တောင်ငူ

တောင်ငူခရိုင် မဟာသင်္ကြန်ဖွင့်ပွဲအခမ်းအနားတွင် ယိမ်းအဖွဲ့များ ဗဟိုမဏ္ဍပ်၌ ဤသို့ဖျော်ဖြေကြသည်။ (၁၂၃)

## ကလေးမြို့

သင်္ကြန်အကြိုနေ့က ကလေးမြို့ ကျီကုန်းတပ်နယ်မဏ္ဍပ် ရှေ့တွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဤသို့ ရေပက်ကစားကြသည်။ (မင်းသန်းဝေ-ကလေးကိုယ်ပွား)





ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အတာသင်္ကြန်ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်၌ ရေပက်သူများနှင့် ရေပက်ခံထွက်သူများ တိုးမပေါက်အောင် ဤသို့ စည်ကားများပြားခဲ့သည်။ (၀၄၂)

# ရာသီမိဿ၊ တန်ခူးလ၊ နှစ်ကူးတာသင်္ကြန်

တင်ထွဋ် (အစိုးရတိုင်းရင်းဆေး)

**"ဆယ့်နှစ်လီ ဒွါဒရမှာ၊ ခါမိဿရာသီ။**
**ယင်းအစ ဦးချီသည်၊ လတွင်မည်တန်ခူး။**
**စိတြ ကြယ်ပြောင်ငယ်၊ ညှို့သန်းခေါင် ကျခါမှမြူး။**
**နေ့နှင့်ည နာရီမှာ၊ သုံးဆယ်စီမကြူး။**
**နှစ်လုံးညီ တစ်ပါဒ်ကူးလို့၊ နှစ်သစ်ဦးတစ်ခါ။**
**ပန်းကံ့ကော် ရွှေရင်ခတ်ကယ်တို့၊ ဖူးပွင့်ချပ် စီလို့သာဖြာ။**
**တည့်သုံးဖဝါးရိပ်ဆာယာမှာ၊ တူမကွာ မောင်မယ်နွဲ့လို့၊**
**မြတ်သည့်ပွဲသင်္ကြန်တော်၊ တီးခြိမ့်ခြိမ့်ကြော်။**
**ထီးကမ္ဘူရိပ်ပျော်ငယ်၊ ခေါင်းလျှော်တော်မူမြဲထင့်လေး။"**

ဗေဒင်ဝေါဟာရအားဖြင့် ဤတန်ခူးလကို မိဿရာသီဟုခေါ်၍ ဤလတွင် စိတြနက္ခတ်သည် လမင်းနှင့် ယှဉ်ပြိုင်မွန်းတည့်ပုံ၊ ရာသီပန်းများမှာ ကံ့ကော်ပန်း၊ ရင်ခတ်ပန်းနှင့်ပိတောက်ပန်းတို့ ဖြစ်ကြောင်း၊ ဤလရာသီ၌ ဘုရင်နှင့်တကွ ပြည်သူအပေါင်းတို့သည် နှစ်သစ်ကူးသင်္ကြန် ရေသဘင်ပွဲတော်အဖြစ် ကျင်းပလေ့ရှိကြကြောင်း၊ ဤလ၌ နံနက် ၆ နာရီတွင် နေထွက်၍ ညနေ ၆ နာရီတွင် နေဝင်သဖြင့် နေ့တာ၊ ညတာညီမျှသော ရက်မစုံလဖြစ်ခြင်း စသည်တို့ကို အကြောင်းပြုလျက် စလေဆရာကြီး ဦးပုည က အထက်ပါအတိုင်း ရာသီဘွဲ့တေးထပ်ကဗျာဖြင့် တန်ခူးလကို မှတ်တမ်းပြုခဲ့ပေသည်။

တန်ခူးလသည် ဂိမှာန္တရာသီ၏ ဒုတိယမြောက်လဖြစ်ပြီး ဆောင်းရာသီလွန်မြောက်၍ နွေရာသီသို့ ပီပီပြင်ပြင်ရောက်ရှိလာသော ရာသီလည်းဖြစ်ကာ တောတောင်ရေမြေ သဘာဝအနေဖြင့် ရွက်ဟောင်းခြွေလှစ်ပြီး အသစ်ပေါ်ထွက်လာသော ပုရစ်ဖူးကလေးများဖြင့် တစ်မျိုးလှပနေပေရာ ဤထူးခြားသော ရေမြေသဘာဝကို ရှုမြင်ခံစားလျက် မဟာအတုလမင်းကြီးက ၎င်း၏ တန်ခူးလဖွဲ့ လွမ်းချင်းတွင် **"ထပ်ထပ်သာစောတော့တယ်၊ မြကြောင်ယ်ရစ်သီ၊ ကိုက်ဖျားငယ်စီသည်၊ ပွင့်သီဂီ ရွှေရင်ခတ်တို့၊ ရှစ်ရပ်ကယ်နယ်တစ်ခိုက၊ စိုလှတယ်လေး"** ဟု ရေးဖွဲ့ခဲ့သည်။

တန်ခူးလသည် မြန်မာလများတွင် အဦးအစဆုံးလဖြစ်၍ အဘိဓာန်ကျမ်းတွင် **"စိတ္တကော၊ တန်ခူးလ၊ ရမ္မကော၊ တန်ခူးလ"** ဟူ၍ ပရိယာယ်နှစ်မျိုးပြထားသည်ကို လေ့လာသိရှိရပေရာ အနက်အဓိပ္ပာယ်မှာ **"အထူးထူးသော အပွင့်အသီးတို့ဖြင့် ဆန်းကြယ်သည်၏အဖြစ်ကြောင့်၊ လူတို့၏ စိတ်နှလုံးကို မွေ့လျော်စေတတ်သည်၏ အဖြစ်ကြောင့် တန်ခူးလ-ဟုခေါ်၏"** ဟူ၍ ဖြစ်ပါသည်။

**"တန်ခူးရေကုန်၊ ကဆုန်ရေခန်း"** ဟု အဆိုအတိုင်း၊ ရေတွင်းရေကန်များတွင် ရေများခြောက်ခန်းစပြုနေပေပြီ။ ထိုလရာသီဝယ် သစ်ရွက်များမှာ ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့်နေမင်း၏ ပြောင်လက်ဝင်းထိန်နေသော အပူရှိန်အောက်တွင် မြစိမ်းရောင်မှသည်၊ ရွှေဝါရောင်သို့ ကူးပြောင်းခြောက်သွေ့ကြရရှာသည်ကို၊ တောလားစာဆိုတော်ကြီး ရှင်ဥတ္တမကျော်က **"သဘာင်ဂိမှာန်၊ တာသင်္ကြန်ဟု၊ လေပြန်လွင့်ကူ၊ ဘုံသစ်ထူ၍"** စသော တောလားကို ဖွဲ့ဆိုခဲ့ပါသည်။

နွေဦးကာလတန်ခူးလတွင် တောင်လေရူးက မြောက်လေနှင့်အပြန် တိုက်ခတ်လာပြီး သစ်ရွက်ခြောက်ကလေးများကြွေကျကြလေရာ တောကြီးတစ်ခုလုံး ရှင်းလင်းနေပေသည်။ ထိုလတွင် အပူရှိန်ပြင်းထန်လာပြီဖြစ်သော်လည်း မိုးနှင့်ကား မကင်းသေးပါချေ။ နှစ်သစ်ကူးသင်္ကြန်ကာလနှင့် ယင်းကာလ၏ ပတ်ဝန်းကျင်အချိန်များတွင် မိုးတစ်ကြိမ်နှစ်ကြိမ်ခန့် ရွာသွန်းလေ့ရှိသည်။ ယင်းသို့ ရွာသွန်းသောမိုးသည် မြေပြင်အနှံ့ ပြန့်ကြဲစုပုံတည်နေကုန်သော သစ်ရွက်ခြောက်များကို တိုက်စားခြွေဆွတ် ယူဆောင်သွားကြပြီး ရွာသွန်းသော ရေယာဉ်ကြောလမ်းအတိုင်း သစ်ရွက်ခြောက်များကို မျှောခေါ်သွားသည့်အတွက် **"တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး၊ သင်္ကြန်မိုး"** ဟူသော မိုးအလင်္ကာအတိုင်း ထိုမိုးကို **"ဖက်ဆွတ်မိုး"** ဟုလည်းကောင်း၊ **"သင်္ကြန်မိုး"** ဟုလည်းကောင်း ခေါ်ဝေါ်ကြလေသည်။

ထိုသင်္ကြန်မိုးရွာသွန်းဖြိုးလိုက်သည့်အခါ အရိုးပြိုင်းပြိုင်းဖြစ်နေသော သစ်ကိုင်းသစ်ခက်များတွင် ရွက်နုရွက်သစ်ကလေးများ ထွက်ပေါ်လာကြသည့်ပြင် တန်ခူးလ၏ နေပူရှိန်ကြောင့် ကျက်နေသည့် မဟာပထဝီမြေကြီးမှာလည်း မြေသင်းရနံ့လေး ပျံ့သင်းလာလေ့ရှိပေရာ ယင်းမြေသင်းရနံ့သင်းပျံ့ပုံကို ရဟန်းစာဆိုရှင် အဂ္ဂသမာဓိ ဆရာတော်က ဘုံခန်းပျို့တွင် **"ခါလည်လုလု၊ ရတုသစ်သစ်၊ သရစ်ပေါ်ပေါ်၊ သာပျော် ရွှန်းရွှန်း၊ ကိန်းခန်းသင့်မော၊ ရွက်ရင့်လျှော၍၊ ရွက်ကျောနုလှန်၊ ရွက်သစ်ပြန်တည့်၊ ပန်းမာလ်ငုံကင်း၊ သုတ်လေညင်းနှင့်၊ မြေသင်းနံ့နံ့ တပျံ့ပျူးပျူး၊ မင်းလွင်မြူးလျက်၊ တန်ခူးလည်းကုန်၊ လကဆုန်သည် ပဇ္ဇုန်ရိုက်မြည်ချုန်းချုန်းတည်း။"** ဟု ဖွဲ့ဆိုခဲ့လေသည်။

တန်ခူးလကို ပုဂံခေတ်ကျောက်စာတို့၌ တန်ခူးဟု ခေတ်ရေးထုံးအတိုင်း ရေးထိုးခဲ့သော်လည်း ဝိသဇ္ဇနီအရေးအသားပေါ်လာပြီဖြစ်သော အင်းဝခေတ်၌ **"တန်းခူး"** ဟု ရေးသားခဲ့ကြသည်ကို တွေ့ရှိရသည်။

မင်းဇေယျရန္တမိတ်၏ ပုရစ်ဖြာစီရတုတွင်-

**"တန်းခူးရာသီတိုင်ခဲ့ပြီ။**
**ဆန်းထူးဝါနီ လှိုင်ခဲ့ပြီ။**
**သွန်းမြူးဖြာစီအိုင်ခဲ့ပြီ။"** ဟု စပ်ဆိုထားသည်ကို လည်းကောင်း၊

နတ်ရှင်နောင်ရတုတွင်-

**"ဘယ်ဝေ့ညာကူး၊ ပုံမထူးသည်၊ တန်းခူးလေနှင့် လျော်တော့၏။"** ဟု ဖွဲ့ဆိုထားသည်ကို လည်းကောင်း လေ့လာသိရှိရသဖြင့် တောင်ငူခေတ်၊ ညောင်ရမ်းခေတ်တို့၌လည်း တန်းခူးဟုပင် ရေးသားခဲ့ကြကြောင်း သုံးသပ်ရပါသည်။ နောက်ပိုင်းခေတ် ကာလများ၌မူ တန်ခူးဟုလည်းကောင်း၊ တာကူးဟုလည်းကောင်း ရေးသားကြရာ **"သတ်ထူးလင်္ကာသတ်ပုံ"** စသည့် သတ်ပုံကျမ်းများ၌ပင် **"တန်တိုင်းတန်ခူး၊ တန်တားဦး၊ မှတ်ကူးတန်ဆောင်းပက်"** ဟု ပြဆိုလာကြသည်။

**"တန်းခူး"** တွင် တန်းပုဒ်မှာ ပါဠိဘာသာ တာလပုဒ်မှ သက်ဆင်းလာသည့် ပုဒ်ဖြစ်သည်။ တာလပုဒ်ကား ထန်းဟု အဓိပ္ပာယ်ရ၏။ **"ခူး"** ၏ အဓိပ္ပာယ်ကား **"ပန်းခူး၊ ဟင်းရွက်ခူး၊ ဆွတ်ခူး"** ဆိုသကဲ့သို့ ဆွတ်ခြင်း၊ ခြွေခြင်းဟု အဓိပ္ပာယ်ရ၏။ သို့ဖြစ်ရာ တန်ခူးလဆိုသည်မှာ ထန်းသီးကိုခူးသောလ၊ ထန်းသီးကို ဆွတ်ခြွေသောလဟု ဆိုလိုကြောင်း မြန်မာလအမည်များစာအုပ်၌ ဖွင့်ဆိုထားပေသည်။ ဤလကို တန်ခူးအပြင် တာကူးဟူ၍လည်း ရေးသားကြရာ **"တာကူး"** ဟု ဆိုသောစကားရပ်မှာ အတာကူးမှ ဆင်းသက်လာသောပုဒ်ဖြစ်ပြီး တာကူးလကို သင်္ကြန်အတာကူးပြောင်းသောလဟု ဝေါဟာရလီနတ္ထဒီပနီကျမ်း၌ လည်းကောင်း၊ တာဝန်လွှဲပြောင်းသောလဟု ဝေါဟာရတ္ထပကာသနီကျမ်းနှင့် ယခုခေတ်ပညာရှင်အချို့က လည်းကောင်း၊ နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းသောလဟု အချို့ပညာရှင်များကလည်းကောင်း အသီးသီးဖွင့်ဆိုကြလေသည်။

စာဆိုအကျော် ဖိုးသူတော်ဦးမင်းရေးဖွဲ့ခဲ့သော တစ်ဆယ့်နှစ်ရာသီဖွဲ့သဖြန်များအနက် တန်ခူးလ၏ စန်းယှဉ်နက္ခတ်၊ ရာသီပန်းတို့နှင့် တင့်တယ်နေသော တောတောင်အလှတို့ကို စပ်လျဉ်း၍-

**"ဟောင်းရွက်ညှာခါလှစ်လို့၊ တာသစ်တဲ့နံ့ကြိုင်။**
**သုတ်ဖြူးလေဆော်က၊ ပန်းကံ့ကော်ဝတ်မှုန်ကျင်း၊ သင်းပျံ့လို့လှိုင်။**
**ကြယ်နှစ်ပြိုင်၊ သွယ်ဆိုင်ပဝင်း။**
**စိတြငယ်နှင့်၊ ငွေလသော်တာတို့၊ ယုဂန်ချာတောင်တော်စွန်းမှာ၊**
**ထွန်းထိန်လို့လင်း"** ဟု တန်ခူးလစာပန်းချီအဖြစ် လေးဆစ်သဖြန်ကို အသက်ဝင်စွာ ခံစားဖွဲ့ဆိုခဲ့သည်။

ကင်းဝန်မင်းကြီးကလည်း-

**"တန်ခူးမိဿ၊ စိတြ၊ လနှင့်ယှဉ်ပြိုင်ထွန်း။**
**ရင်ခတ်ကံ့ကော်၊ ထုံသင်းပျော်၊ ပွဲတော်အတာညွှန်း"** ဟူ၍ သံပေါက်တိုကလေးဖြင့် တန်ခူးလကို ထိမိစွာခြယ်မှုန်းခဲ့သည်။

ရာသီတို့၏ သဘာဝအလှများကို ဖွဲ့ဆိုရာတွင် လက်ရာပြောင်မြောက်လှသည့် ရာသီဖွဲ့စာဆိုကြီး ဦးကြင်ဥရေးဖွဲ့ခဲ့သော **"ပဒေသာသီချင်းများ"** စာအုပ်တွင် တန်ခူးလ၏ သဘာဝအလှကို အောက်ပါအတိုင်း သရုပ်ဖော်ခဲ့ပါသည်-

**"သြော်…ဆွေမစုံဖက်၊ ဖြေပုံခက်အောင်၊ မကန်းကွက်ချွန်၊ တိမ်ရွက်ကွန်လဲ၊ လက်ပုစွန်ရိုး ရွာစကျွန်ငယ်၊ သံဝှန်ဖြိုးမျှ၊ မြူခိုးငယ်မှောင်ခြေ၊ ထောင်ရောင်နေလဲ၊ မခြေလမ်းကွန့်၊ ပြင်နန်းစွန့်မို့၊ ကိုက်ညွှန့်ငယ်ဖူးစီ၊ ဂေါ်ငွေခိုင်ဝတ်၊ လေယိုင်ညွှတ်သည်၊ ဖက်ဆွတ်ချီနှင့်၊ ယဉ်သီဒါပျို့၊ သောင်ကမ်းစို့မှာ၊ နှစ်ကိုယ့်တစ်ကိုယ်၊ ဟင်္သာသောင်တင်း၊ ရွှေပိန်ညင်းတို့၊ ချစ်တင်းဆိုသည်၊ မ-ဖို တောင်ဖြန့်ဝဲတော့တယ်။"**

တန်ခူးလ၏ အလှပုံရိပ်ကို ပိုမိုပေါ်လွင်မြူးကြွလာစေရန်၊ စုံနံ့သာမြိုင် ဦးကြော့ကလည်း-

**"ပုရစ်တံမြရည်သွေးငယ်နှင့်၊ နှစ်သင်္ကြန်လမည်ပေးမယ်လို့၊**
**လှကြည်ဆေးငယ်က ထင်လိုက်တာ။**
**အသွင်မြတ်ပါဘိ၊ ရင်ခတ်ကယ်ရွှေမာလာတို့၊**
**ဗွေချာမှာ ရနံ့သင်းလို့ရယ်၊ ဟေမဝါစုံမြိုင်တွင်းမှာ၊ ဆင်းဖန့်ဖန့်ဝါ။**
**နွေဂိမှာန်မိဿစန်းဟာမို့၊ ဝေထိန်လျှံစိတြဆန်းပြန်တော့။**
**နန်းမေရုဗွေအာကာ၊ တာရာက ရောင်စုံမြူး"** ဟု ၎င်း၏ တန်ခူးလဖွဲ့ကို အလှပန်းချီ ခြယ်မှုန်းခဲ့ပေသည်။

ကမ္ဘာပေါ်ရှိ ယဉ်ကျေးသောလူမျိုးတိုင်းသည် နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ စတင်ရောက်ရှိလာသည်ကို အလေးအမြတ်ထားကြသည့်နည်းတူ ကျွန်ုပ်တို့ မြန်မာတို့အနေဖြင့်လည်း နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းချိန်ကို **"နှစ်သစ်ကူးပွဲတော်"** (တစ်နည်း) **သင်္ကြန်ပွဲတော်** ဟု ခေါ်ဝေါ်ကျင်းပလေ့ရှိကြသည်။

**"သင်္ကြန်"** ဟူသော ဝေါဟာရသည် **"သင်္ကြာန္တ"** ဟူသော သက္ကတပုဒ်မှ ဆင်းသက်လာခြင်းဖြစ်သည်ဟု အဆိုရှိပါသည်။ အချို့သောပညာရှင်များက **"သင်္ကန္တ"** ဟူသော ပါဠိပုဒ်မှ ဆင်းသက်လာသည်ဟုဆိုပြန်ပါသည်။ မည်သို့ပင်ဆိုစေကာမူ **"သင်္ကြန်"** ဟူသော ဝေါဟာရသည် ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်းပင်ဖြစ်သည်။ သင်္ကြန်ကျသည်ဆိုသည်မှာ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်းပင်ဖြစ်သည်။

နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကျင်းပခဲ့ခြင်းနှင့် စပ်လျဉ်း၍ ပုဂံခေတ်မြန်မာသက္ကရာဇ် ၆၅၃ ခုနှစ်၊ (ခရစ်နှစ် ၁၂၉၁ ခုနှစ်)တွင် ရေးထိုးခဲ့သော စောလှဝန်းဘုရားကျောက်စာ၌ **"မီဖုန်၊ သင်္ကြန်၊ စာရိယ်၊ ညောင်ရိယ် သွန့်မပြယ်စိတ်လျှင်တည်၏"** ဟူသော ရာသီပွဲတော်ဆိုင်ရာ ဝေါဟာရများကို ရေးထိုးထားသည်ကို ထောက်ရှုလျှင် ထေရဝါဒ သာသနာတော်ထွန်းကားနေပြီဖြစ်သော ပုဂံခေတ်၌မူ သင်္ကြန်ခေါ်သည့် နှစ်သစ်ကူးပွဲတော်ကို ကျင်းပနေပြီဖြစ်ကြောင်း ပြဆိုသည့် ထင်ရှားသော သာဓကဖြစ်ပေသည်။

မြန်မာသင်္ကြန်ပွဲတော်သမိုင်းကို လေ့လာမည်ဆိုပါက လွန်ခဲ့သောနှစ်ပေါင်း ၃၀၀ ခန့် အင်းဝခေတ်မှ စာဆိုတော်ဦးအောင်ကြီးက တစ်ဆယ့်နှစ်လရာသီပွဲတော်လူးတားတွင် တန်ခူးလဖွဲ့လူးတားအဖြစ် **"တာသဘင်ဝယ် ဆင်ယင်တုပ၊ လွှရွှရွှတည့် ငြိမ့်မျှစောင်းညှင်း၊ အဲသီချင်းနှင့်ထုံသင်းနံ့သာ၊ ရေသီတာဝယ်၊ စပွာယ် ကရမက်၊ ပန်းပေါင်းဖက်၍ရွှေခွက်အပြည့် မွှေးမျိုးထည့်ကာ၊ သည်လှယ်ဆူလှယ်၊ စံတင့်ပယ်လျက်၊ မြူးရယ်ရွှင်အား လွန်ပျော်ပါးသည်၊ ကစားထုံရည်၊ ဖျန်းတည့်လေး၊ ပွင့်လင်းစည်သည်၊ ရွှေပြည်ရွှေဝနန်းတည့်လေး"** ဟု အင်းဝမြို့တော်တွင် ကျင်းပခဲ့သော သင်္ကြန်ပွဲတော်သည် စည်ကားသိုက်မြိုက်လှ၍ ရွှေဖလားဖြင့် ရေပက်ဖျန်းပုံ၊ စောင်းညှင်းများဖြင့် သာယာစွာတီးခတ်ပုံနှင့်၊ ပန်းနံ့သာရေများဖြင့် ပက်ဖျန်းပုံ စသည့် သရုပ်သကန်များကို ဖော်ညွှန်းဖွဲ့ဆိုထားခြင်းဖြစ်ပေသည်။

သင်္ကြန်ပွဲတော်သည် မြန်မာများအဖို့ ပျော်ရွှင်ဖွယ်ကောင်းလှသည့်နည်းတူ လွမ်းမောဖွယ်၊ ကြည်နူးဖွယ်လည်းကောင်းလှပါသည်။

မြန်မာသင်္ကြန်၏ အလှအပနှင့်စပ်လျဉ်း၍ စာဆိုတော် ဦးကြော့က **"နှစ်သင်္ကြန်၊ ကူးခေတ်ဆော်စီမံ၍ လျှုဒါန်ညောင်ရေပန်းတွေနှင့်၊ ရေဖျန်းကိုယ်စီခံကြ စံမည့်ပွဲတော်တွင်းပေမို့၊ လဲ့လဲ့ဝင်းမေ ကညာဖြူတို့နှင့်၊ ပဏာတူအချစ်စမ်းချိန်မို့၊ ငွေသိင်္ဂါရဝေနန်းဆီသို့ လွမ်းစိတ်နှင့်ရှူး"** ဟု ခြယ်သခဲ့ပေသည်။

လွန်ခဲ့သော ခရစ်နှစ်၊ ၁၇၉၅ ခုနှစ်တွင် ပဲခူးမြို့သို့ ဗြိတိသျှသံအမတ်ကပ္ပတိန်မိုက်ကယ်ဆိုင်းဆိုသူ ရောက်ရှိခဲ့စဉ်ကာလ၌ နှစ်သစ်ကူးရေသဘင်ပွဲတော်ကျင်းပချိန်နှင့် ကြုံကြိုက်နေသဖြင့် ၎င်းသံအမတ်က သူ၏ မှတ်တမ်းတွင် "ပဲခူးမြို့ဝန်၏ သမီးပျိုကလေးက မိဘနှစ်ပါးအား စန္ဒကူးနှင်းရည်ဖြင့် ရိုသေစွာ ရေကန်တော့ကြပုံနှင့် သင်္ကြန်ရေကစားသူများက သန့်ရှင်းသောရေဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ရေပက်ဖျန်းကြပုံတို့ကို အမှတ်တရမှတ်တမ်းတင်ခဲ့သည်ကို လေ့လာသိရှိရသည်မှာ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့်အညီ တစ်မျိုးသားလုံး နှစ်စဉ် ပျော်ရွှင်စွာဆင်နွှဲပြီး ထူးခြားသောအမျိုးသားပွဲတော်ကြီးအဖြစ် မြန်မာတို့အနေဖြင့် ဂုဏ်ယူကြရဖွယ်ဖြစ်သကဲ့သို့ ထိုယဉ်ကျေးမှုအစဉ်အလာကိုလည်း မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းကြရပေမည်။

ကပိလဝတ်ပြည်၌ နေထိုင်ကြကုန်သော သာကီဝင်မင်းအပေါင်းတို့သည် နှလုံးမွေ့လျော်ဖွယ်ရှိသော ရေအိုင်ကြီးတစ်ခုအနီး၌ မင်းတဲကြီးဆောက်၍ မင်း၊ မိဖုရား၊ မှူးမတ်တို့နှင့်အတူ ပျော်ရွှင်စွာရေကစားခဲ့ကြကြောင်း သာသနာဝင်ကျမ်းများတွင် လည်းကောင်း၊ ပုဂံပြည် နရသီဟပတေ့မင်း(ခေါ်) တရုတ်ပြေးမင်းလက်ထက် နွေအခါ ရေဖျန်းကစားမြဲဖြစ်၍ နန်းတော်မှသည် မြစ်ဆိပ်တိုင်အောင် တဲကြီးများတည်ဆောက်ထားပြီး ယင်းတဲကြီးများကို လူမမြင်သာအောင် ကာရံကာ၊ မိဖုရားမောင်းမများနှင့်အတူ မြစ်ဆိပ်တွင်ရေကစားကြကြောင်း မဟာရာဇဝင်ကျမ်းတွင်လည်းကောင်း၊ "နှောင်းတန်ခူးလပြည့်ကျော် ၁၀ ရက် တနင်္ဂနွေနေ့တွင် အရှင်နှစ်ပါးသည် ရွှေနန်းတော်အတွင်း သင်္ကြန်ခေါ်မြေအရပ်တွင် အတာသင်္ကြန်ခေါ်တော်မူသည်။ မှန်နန်းတော်ဘမရာသနပလ္လင်၊ မနောဟရထီးဖြူတော်အောက်တွင် အတာပွဲတော်တည်တော်မူသည်။ မင်းညီမင်းသား မှူးတော်မတ်တော်တို့ကိုလည်း အတာသင်္ကြန် ထမင်းကျွေးတော်မူသည်။ မြို့တော်အတွင်းရှိကြသော ဒုက္ခိတပေါင်း ၂၁၆ ဦးတို့ကိုလည်း တစ်ဦးလျှင် ငွေဒင်္ဂါးပြား ၂၀စီ ပေးကမ်းလှူဒါန်းတော်မူသည်" ဟု ရတနာပုံခေတ် မင်းတုန်းမင်းတရားကြီးလက်ထက်၌ အတာသင်္ကြန်ပွဲတော် ကျင်းပခဲ့ပုံကို ကုန်းဘောင်ခေတ်ရာဇဝင်ကြီး တတိယတွဲ (စာ/ ၃၁၁) တွင် သမိုင်းမှတ်တမ်းတင်ခဲ့ခြင်းကိုလည်းကောင်း အသီးသီးလေ့လာသိရှိရာ နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကျင်းပကာ ပျော်ရွှင်စွာရေကစားကြသည့် အလေ့အထသည် ပုဂံခေတ်မှသည် အင်းဝ၊ ညောင်ရမ်း၊ ကုန်းဘောင်စသော ပဒေသရာဇ်ခေတ်များကို ဖြတ်သန်းကာ မျက်မှောက်ခေတ်သို့တိုင်အောင်၊ မြန်မာတစ်မျိုးသားလုံး အမြတ်တနိုးထားခဲ့ကြသည့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်ပင်ဖြစ်သည်။

ကုန်းဘောင်ခေတ်တွင် မင်းနှင့် မိဖုရားတို့ သင်္ကြန်အခါတွင် ရေဖျန်းခံ ထွက်ကြလေ့ရှိပုံကို ဉာဏ်ဝန်ကြီး ဦးဖြေက ၎င်း၏ တန်ခူးလဖွဲ့လေးချိုးကဗျာတွင်-

**"တာဝသန်ငယ်၊ သင်္ကြန်သစ်ညောင်း၊**
**နှစ်အပြောင်းဝယ်၊ တစ်သောင်းလုံးရှင်၊**
**ရာဥကင်လဲ၊ ရောကဋ္ဌနာ၊ ညောင်သဋ္ဌာထက်၊**
**စကြာနှစ်လီ၊ ထွက်မြန်းချီလို့၊**
**ညီလာခံရုံ၊ ရေသွန်းပဲခံတော့ပ၊**
**မြန်တစ်နယ်ဝယ်၊ တိုင်းကျယ်ပြည်ကြီးမြတ်သူတို့"** ဟု စပ်ဆိုခဲ့ပေသည်။

မြန်မာလများ၏ နှစ်ဦးအစဖြစ်သော တန်ခူးလရာသီတွင် မြန်မာနှစ်ဆန်းတစ်ရက်နေ့ကို **"မင်္ဂလာအခါတော်နေ့"** အဖြစ် ကျင်းပကြပါသည်။

ယင်းမြန်မာနှစ်ဆန်းတစ်ရက်နေ့ကို မင်္ဂလာအခါတော်နေ့အဖြစ် ကျင်းပခြင်းဖြင့်-

(၁) **ကမ္ဘာသူကမ္ဘာသားများ အနိဋ္ဌာရုံတွေပပျောက်ပြီး ဣဋ္ဌာရုံအပေါင်းနှင့် ပြည့်စုံကြစေခြင်း၊**
(၂) **ဘေးဥပဒ်အန္တရာယ် ကင်းဝေးကြစေခြင်း၊**
(၃) **မကောင်းသောစိတ်ဓာတ်များကိုဖယ်ရှားပြီး ကောင်းသောစိတ်များကို မွေးမြူကြစေခြင်း၊**
(၄) **အရှက်နှင့် အကြောက်တည်းဟူသော လောကပါလတရားနှစ်ပါး ထွန်းကားကြစေခြင်း၊**
(၅) **သတ္တဝါများကို ချစ်ခင်၍ ဘေးရန်ဆင်းရဲကင်းစေလိုခြင်း ဟူသော မေတ္တာ၊ ဆင်းရဲသည့် သတ္တဝါများကို သနားကြင်နာ၍ ဆင်းရဲမှ ကင်းလွတ်စေလိုခြင်း ဟူသောကရုဏာ၊ စည်းစိမ်ပြည့်စုံသူများကိုမြင်လျှင် ဝမ်းမြောက်၍ စည်းစိမ်မဆုတ်ယုတ်စေလိုခြင်းဟူသော မုဒိတာ၊ သတ္တဝါတို့သည် ကံအတိုင်းဖြစ်ကြ၏ဟုဆင်ခြင်၍ မုန်းချစ်မပြုဘဲတည့်မတ်စွာရှုမြင်ခြင်းဟူသော ဥပေက္ခာ စသည့် ဗြဟ္မဝိဟာရတရားလေးပါး (တစ်နည်း ဗြဟ္မစိုရ်တရားလေးပါး) ထွန်းကားပြန့်ပွားစေခြင်း၊**
(၆) **မင်္ဂလာတရားတော်များ ထွန်းကားပြန့်ပွားစေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။**

**"မင်္ဂလာ"** ၏ အဓိပ္ပာယ်၊ မင်္ဂလာတရားတော်နှင့် ပတ်သက်၍ ဂေါတမမြတ်စွာဘုရားမပွင့်သေးမီ အချိန်အခါက ထိုခေတ်လူသားများအတွက် အဖြေမှန်ဖော်ထုတ်နိုင်ခြင်း၊ အနှစ်သာရရှိသော အဖိုးတန်ထိုက်တန်သည့် တရားစကားများကို ကြားနာခွင့်မကြုံခဲ့ရပေ။

အခါတစ်ပါး၌ ဂေါတမမြတ်စွာဘုရားသခင်ကိုယ်တော်မြတ်သည် သာဝတ္ထိပြည်၊ အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းသော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ်ဝယ် မထင်ရှားသော (အညတရ)နတ်သားတစ်ဦးသည် သန်းခေါင်ယံအချိန်၌ မြတ်စွာဘုရားထံတော်မှောက်သို့ ရောက်ရှိချဉ်းကပ်ကာ သင့်တင့်လျောက်ပတ်သည့်အရပ်တွင် မတ်တတ်ရပ်လျက် မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးပြီးနောက် **"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ များစွာကုန်သောနတ်နှင့်လူတို့သည် စင်ကြယ်သော နိဗ္ဗာန်ချမ်းသာကို လိုချင်တောင့်တကုန်၍ မင်္ဂလာတရားတော်ကို ၁၂ နှစ်ကြာမျှ ကြံစည်တွေးတောပါသော်လည်း မသိနိုင်ကြပါကုန်၊ ထိုမင်္ဂလာတရားကို ရှင်းလင်းဟောကြား ပေးသနားတော်မူပါဘုရား"** ဟု လျှောက်ထားမေးမြန်းသဖြင့် မြတ်စွာဘုရားသခင်က မင်္ဂလာတရား ၃၈ ပါးကို ရှင်းလင်းဟောကြားတော်မူခဲ့ပါသည်။

အဆိုပါဟောကြားတော်မူခဲ့သော မင်္ဂလာတရားတော်ကို သေချာစွာလေ့လာမည်ဆိုပါက ပေါင်းသင်းဆက်ဆံရေးမင်္ဂလာ ၃ ပါး၊ နေရေးထိုင်ရေးမင်္ဂလာ ၃ပါး၊ သင်ကြားရေးမင်္ဂလာ ၄ ပါး၊ ပြုစုရေးမင်္ဂလာ ၃ ပါး၊ လိုက်နာကျင့်သုံးရေးမင်္ဂလာ ၄ ပါး၊ ရှောင်ကြဉ်ရေးမင်္ဂလာ ၄ ပါး၊ စိတ်ထားရေးမင်္ဂလာ ၅ ပါး၊ သည်းခံရေးမင်္ဂလာ ၄ ပါး၊ ခြိုးခြံရေးမင်္ဂလာ ၄ ပါးနှင့် စိတ်ဓာတ်ခိုင်ခံ့ရေးမင်္ဂလာ ၄ ပါး စသည်ဖြင့် စုစုပေါင်း မင်္ဂလာတရား ၃၈ ပါး(သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်)ကို လောကလူသားများ၏ အကျိုးစီးပွားတိုးပွားစေရေးအတွက် ထောင့်မျိုးစုံမှဟောကြားတော်မူထားကြောင်း လေ့လာသိရှိရပါသည်။

**ပညာရှိများကို မှီဝဲဆည်းကပ်ခြင်း၊ လူမိုက်ကို ရှောင်ကြဉ်ခြင်း၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်း၊ ရိုသေထိုက်သူကို ရိုသေခြင်း၊ မိဘနှစ်ပါးကို လုပ်ကျွေးပြုစုခြင်း၊ သူတစ်ပါးကျေးဇူးကိုသိခြင်း စသည်တို့အပါအဝင် (၃၈)ဖြာ မင်္ဂလာတရားများ** ကို ထာဝစဉ်စောင့်ထိန်းလိုက်နာကြခြင်းဖြင့် ရန်သူမှန်သမျှ၏ အနိုင်အထက်ပြုခြင်းမခံရခြင်းနှင့် အရပ်ဒေသအားလုံးတို့၌ ကြီးပွားချမ်းသာခြင်းသို့ ရောက်နိုင်ခြင်းဟူသော အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

သို့ဖြစ်ရာ သင်္ကြန်ကာလတွင် ဥပုသ်သီတင်းဆောက်တည်ခြင်း၊ ရေများခန်းခြောက်နည်းပါးနေသော ရေတွင်း၊ ရေကန်များကိုဆယ်၍ သန့်ရှင်းရေးပြုလုပ်ခြင်း၊ တံတားအို၊ တံတားပျက်များကို ပြင်ဆင်မွမ်းမံခြင်း စသည့် ကုသိုလ်ကောင်းမှုများပြုလုပ်သည့်နည်းတူ နှစ်ဆန်းတစ်ရက်နေ့တွင် ငါးလွှတ်ပွဲများ၊ အိုမင်းကြီးရင့်ပြီဖြစ်သော ခိုင်းနွားကြီးများကိုလည်း ဘေးမဲ့ပေးခြင်း၊ သက်ကြီးပူဇော်ပွဲများ ကျင်းပပြုလုပ်ပေးခြင်း၊ အဘိုးအို၊ အဘွားအိုများအား ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်းများ လှီးဖြတ်ပေးခြင်း စသည့် ကာယကံမြောက်ကုသိုလ်များ ဆောင်ရွက်ကြခြင်းသာမက မင်္ဂလာတရားတော်နှင့်အညီ မင်္ဂလာရှိစွာ ပြုမူကျင့်ကြံနေထိုင်ကြလျက် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များနှင့် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်ကြစေရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်ကြရင်း နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို ရိုးရာဓလေ့နှင့်အညီ ဆင်နွှဲကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရေးသားလိုက်ရပါသည်။ ။

## စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

**စစ်တွေ ဧပြီ ၁၂**

ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကို မတ် ၂၉ ရက် နံနက် ၉ နာရီက စစ်တွေမြို့နယ် အမြင့်ကျွန်းကျေးရွာ ရောင်ခြည်ဦးစာကြည့်တိုက်ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။ အဆိုပါ အခမ်းအနားတွင် စာရေးဆရာ ဦးကောင်းစံရှိ (ကျွန်းသားငမန်း)၊ စာရေးဆရာဦးလှကျော်(ဘဂျီးကျော်)နှင့် စာရေးဆရာ ဦးထွန်းအောင်ရွှေ(စစ်တွေညိုသန့်)တို့က စာပေအကျိုးကျေးဇူးများနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာများ ဆွေးနွေးဟောပြောကြသည်။ ယင်းနောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအားလည်းကောင်း၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်မင်းက စာစီစာကုံးပြိုင်ပွဲ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးမြအောင်က စာစီစာကုံးပြိုင်ပွဲအထူးဆု၊ ရခိုင်ပြည်နယ်ဥပဒေချုပ် ဦးလှသိန်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းတို့က ကဗျာရေးပြိုင်ပွဲတွင် ဆုရရှိကြသူတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ကျေးရွာစာကြည့်တိုက်များအတွက် တစ်တိုက်လျှင် အလှူငွေကျပ် တစ်သိန်းခွဲနှင့် စာအုပ်စာစောင်များကိုလည်းကောင်း၊ ပြည်နယ်ဥပဒေချုပ်က စာအုပ်စာစောင်များကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ ထို့နောက်ရခိုင်ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ ပေးပို့လှူဒါန်းသည့် စာအုပ်စာစောင်များကို ပေးအပ်ရာ ကျေးရွာငါးရွာမှ စာကြည့်တိုက်များကိုယ်စား အမြင့်ကျွန်းကျေးရွာစာကြည့်တိုက်မှူးက လက်ခံယူခဲ့ကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**

## ဝက်လက်မြို့နယ်၌ တိုးတက်ရေးစာကြည့်တိုက်ဖွင့်ပွဲကျင်းပ

**ဝက်လက် ဧပြီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ရှားဆွဲကျေးရွာအုပ်စု ထုံးဘိုကျေးရွာတိုးတက်ရေးစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားသို့ မတ် ၂၃ ရက် မွန်းလွဲ ၁ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာစာကြည့်တိုက်ကို တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးတင်ငွေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲတင့်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးက အမှာစကားပြောကြားပြီး စာကြည့်တိုက်အတွက် ၂၁ လက်မ ရုပ်မြင်သံကြားတစ်လုံးနှင့် အလှူငွေကျပ်တစ်သိန်းကိုလှူဒါန်းသည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးတို့က စာအုပ်များလှူဒါန်းခဲ့ကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**



## မင်္ဂလာဒုံမြို့နယ်၌ အလင်းရောင်စာကြည့်တိုက်ဖွင့်

**ရန်ကုန် ဧပြီ ၁၂**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်လမ်းဆုံပိုင်းရပ်ကွက်၌ အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမင်းစိန်နှင့် စာကြည့်တိုက်အတွင်းရေးမှူး ဦးကြည်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး စာကြည့်တိုက်နာယက ဦးထွန်းမြင့်က စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်တို့ကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**



မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆောက်တောဝကျေးရွာအုပ်စု ကွင်းအမှတ်(၅၈၀)ရှိ တောင်သူဦးကျော်စိန်၏ လယ်မြေနှစ်ဧကတွင် ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးမှုသရုပ်ပြပွဲကို ဧပြီ ၅ ရက်က အဆိုပါလယ်ကွင်း၌ သရုပ်ပြစိုက်ပျိုးရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦး၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် ဒေသခံ တောင်သူများ အားပေးကြည့်ရှုကြစဉ်။ (ဝ၅၃)

# လယ်မြေဧက ၁၀၀၀၀၀ ကျော် ဆည်ရေရရှိမည့် ဖြူးချောင်းရေလှောင်တမံ

**နေပြည်တော် ဧပြီ ၁၂**

လယ်ယာ စိုက်ပျိုးရေးအတွက် အဓိက လိုအပ်ချက်မှာ ရေဖြစ်သည်။ တောင်သူလယ်သမားများ စိုက်ပျိုးရေရရှိရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနက နည်းမျိုးစုံဖြင့် ဖော်ထုတ်ပေးနေသည်။ ဆည်မြောင်းတာတမံတည်ဆောက်ပေးခြင်း၊ မြစ်ရေတင်စနစ်ဖြင့် ရေများသွယ်တန်းပေးခြင်း၊ ရေလှိုတွင်းများ၊ အဝီစိတွင်းများမှ ရေများသွယ်တန်း၍ စိုက်ပျိုးရေးလုပ်ငန်းများတွင် ရေရရှိရန်ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်အစိုးရသည် စပါးသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ဆင်းရဲမှု လျှော့ပါးနိုင်ရေးအတွက် အချိန်တိုအတွင်း ပြီးစီးနိုင်မည့် အသေးစား၊ အလတ်စားဆည်မြောင်းစီမံကိန်းများကို ဆက်တိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ ဤကဲ့သို့ တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေရရှိရေးကို ဆောင်ရွက်နေရာတွင် ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။

### တည်ဆောက်နေ

ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်းသည် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်တွင် ပါဝင်ပြီး ဖြူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင် အမှတ် ၁၁၄/၀ ၏ အနောက်ဘက် ငါးမိုင်ခန့်အကွာ ဖြူးချောင်းပေါ်တွင် တည်ရှိသည်။ ဖြူးချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းကို ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး (၁) အုပ်ချုပ်မှုအောက်ရှိ လက်ထောက်ညွှန်ကြားရေးမှူး(၄) ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်ငွေက ဦးဆောင်၍ အကောင်အထည်ဖော်တည်ဆောက်နေခြင်းဖြစ်သည်။

ဖြူးချောင်း ရေလှောင်တမံစီမံကိန်းသည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် ၁၉၆၃ ခုနှစ်က စတင်စူးစမ်းလေ့လာမှုများဆောင်ရွက်ခဲ့သော စစ်တောင်းမြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွင် ပါဝင်ခဲ့သည့် စီမံကိန်းများအနက် တစ်ခုအပါအဝင် ဖြစ်သည်။ ဂျပန်နိုင်ငံ လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု အတိုင်ပင်ခံပညာရှင်များ အသင်းမှလည်း ၁၉၉၃ ခု အောက်တိုဘာလတွင် ကွင်းဆင်းစူးစမ်းလေ့လာမှုများ ဆောင်ရွက်ခဲ့သောစီမံကိန်းတစ်ခုဖြစ်သည်။ ဖြူးချောင်းတမံတည်ဆောက်ရေးအတွက် ဆည်မြောင်းဦးစီးဌာန စူးစမ်းလေ့လာရေးဌာနခွဲအနေဖြင့်လည်း မြေပြင်တိုင်းတာမှုလုပ်ငန်းများ၊ မြေဆီလွှာတိုင်းတာမှုလုပ်ငန်းများနှင့် လူမှုရေးစစ်တမ်းများကောက်ယူခြင်း၊ ဇလဗေဒဌာနခွဲမှ ဇလဗေဒ အချက်အလက်များကိုလည်းကောင်း၊ ဘူမိဗေဒဌာနခွဲမှလည်း ဖြူးချောင်းရေလှောင်တမံ တည်ဆောက်ရန် လျာထားသည့်နေရာအား ကွင်းဆင်း၍ ဘူမိဗေဒစူးစမ်းလေ့လာပြီး ဖြူးချောင်းတမံကို ကျောက်ဖြည့်တမံအမျိုးအစားဖြင့် တည်ဆောက်ရန် ဆုံးဖြတ်ခဲ့သည်။

### ဆောင်ရွက်

ဖြူးချောင်း ရေလှောင်တမံတည်ဆောက်မည့်နေရာမှာ ပဲခူးရိုးမတောင်တန်းတွင်တည်ရှိသည်။ ဖြူးချောင်း ရေလှောင်တမံစီမံကိန်းသည် သဘောမြောင်းရိုးအနီး ဖြူးချောင်းကို ပိတ်၍ တည်ဆောက်နေခြင်းဖြစ်သည်။ ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်းကို ၂၀၀၂ခုနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ဖြူးချောင်း ရေလှောင်တမံ တည်ဆောက်ရေးအတွက် အကြို တည်ဆောက်ရေးလုပ်ငန်းများဖြစ်သည့် တမံလက်ဝဲလက်ယာ ချဉ်းကပ်လမ်းဖောက်ခြင်း၊ စခန်းအဆောက်အအုံ ၇၄လုံး တည်ဆောက်ခြင်းလုပ်ငန်းများကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ဖြူးချောင်း ရေလှောင်တမံအတွက် ရေလွှဲဥမင်ကို အလျား ၁၄၇၇ ပေ ရှိပြီး အချင်း ၁၃ ပေ၊ မြင်းခွာပုံသံကူကွန်ကရစ်လိုင်နင်အမျိုးအစားဖြစ်သည်။ ယခုအခါ ရေလွှဲဥမင်မှာ တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။ တမံတည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၁၀ ခုနှစ်မှ စတင်တည်ဆောက်ခဲ့သည်။ တမံအမြင့်မှာ ၂၄၅ ပေရှိရာ တမံဖို့ခြင်းလုပ်ငန်းများ ၂၀၁၂ ခုနှစ် ဧပြီလတွင် ပြီးစီးမည်ဖြစ်သည်။ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းအဖြစ် မြေကြီးလုပ်ငန်း၊ ကွန်ကရစ်လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ရေပိုလွှဲ အမျိုးအစားမှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး ရေပိုလွှဲအကျယ်မှာ ပေ ၁၀၀ ရှည်လျားသည်။ ရေပိုလွှဲအလျားမှာ ၁၆၈၆ ပေဖြစ်သည်။ ရေပိုလွှဲ လုပ်ငန်းများလည်း မေလထဲတွင်ပြီးစီးမည်ဖြစ်သည်။

### ရေများပေးဝေ

ဖြူးချောင်း ရေလှောင်တမံဘက်စုံစီမံကိန်းမှာ ရေဆင်းဧရိယာ ၄၂၂ စတုရန်းမိုင်၊ နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၁၀၀ လက်မ၊ နှစ်စဉ်ပျမ်းမျှစီးဝင်ရေဧကပေ ၆၆၈၃၆၀၊ တမံအမျိုးအစားမှာ ဇုန်အမျိုးအစားကျောက်ဖြည့်တမံဖြစ်သည်။ တမံအလျားမှာ ပေ ၁၀၂၀၊ တမံအမြင့်မှာ ၂၄၅ ပေ၊ တမံထိပ်အမြင့်အမှတ် ၄၈၅ ပေ၊ ကန်ရေပြည့်အမှတ် ပေ ၄၆၀၊ ကန်ရေသေအမှတ် ၃၅၈ ပေ၊ ကန်ရေပြည့်ရေလှောင် ပမာဏ ဧကပေ ၆၃၂၅၃၀၊ ကန်ရေသေရေလှောင်ပမာဏ ၄၂၄၃၈ ဧကပေ၊ ကန်ရေပြင် အကျယ်ဧရိယာ ဧကပေ ၁၄၅၇၀၊ ရေလွှဲဥမင်အမျိုးအစား မြင်းခွာပုံ သံကူကွန်ကရစ်၊ ရေလွှဲဥမင်အရွယ်အစား ၁၃ပေ၊ ရေလွှဲဥမင်အလျား ၂၄၇၇ ပေ၊ ရေပိုလွှဲအမျိုးအစား သံကူကွန်ကရစ်၊ ရေပိုလွှဲ အကျယ် ပေ ၁၀၀၊ ရေပိုလွှဲအလျား ၁၆၈၆ ပေ၊ ရေပိုလွှဲ အမြင့်ဆုံး ရေထုစီးနှုန်း၂၁၀၅၀ ကုဗပေ/စက္ကန့်၊ ရေလွှဲဆည် အမျိုးအစား သံကူကွန်ကရစ်၊ ရေလွှဲဆည်အလျား ၂၀၃ ပေ၊ ရေလွှဲဆည် အမြင့် ၃၂ ပေဖြစ်ပြီး ရေသောက်စနစ်မှာ လက်ယာတူးမြောင်းမကြီးနှင့် လက်တံမြောင်းများ၊ လက်ဝဲတူးမြောင်းမကြီးနှင့် လက်တံမြောင်းများ၊ ရေနုတ်မြောင်းများမှတစ်ဆင့် ရေသောက်ဧရိယာ ၁၂၀၀၀၀ကို ရေများပေးဝေသွားမည်ဖြစ်သည်။ ဖြူးချောင်း ရေလှောင်တမံဘက်စုံစီမံကိန်းတွင် ရေအားလျှပ်စစ်ကိုလည်း ထုတ်လုပ်ပေးသွားမည်ဖြစ်သည်။ တပ်ဆင် ဓာတ်အားမှာ ၂၀ မဂ္ဂါဝပ်နှစ်လုံးဖြစ်သည်။ နှစ်စဉ်ပျမ်းမျှထုတ်လုပ်နိုင်မည့် ဓာတ်အားမှာ ၁၂၀ ကီလိုဝပ်နာရီ (သန်း) ဖြစ်သည်။ ရေအားလျှပ်စစ်ထုတ်လုပ်ရေးစက်ရုံပြီးစီးသွားပါက ရေလှောင်တမံမှ စတင်ရေလှောင်ပြီး ရေများထုတ်ပေးရန် စီစဉ်ထားကြောင်း သိရသည်။

### ရေဖြန့်ဝေပေး

ဖြူးချောင်း ရေလှောင်တမံ၏ လက်ယာတူးမြောင်း၊ လက်ဝဲတူးမြောင်းများနှင့်လက်တံမြောင်းများမှ ဖြူးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်များရှိ လယ်ဧက ၁၀၀၀၀၀ကျော်ကို ရေပေးဝေသွားမည်ဖြစ်သည်။ ဖြူးချောင်းရေ လှောင်တမံမှနေ၍ ၂၀၁၂-၂၀၁၃ခုနှစ်မှ စ၍ ပထမနှစ်တွင် ဖြူးမြို့နယ်မှ ကျေးရွာအုပ်စု ၁၂ စုရှိ လယ်ဧက ၁၀၀၀၀ကျော်ကို စတင်ရေပေးဝေသွားမည်ဖြစ်သည်။ ၂၀၁၃-၂၀၁၄ခုနှစ် ဒုတိယနှစ်တွင် ဖြူးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်များမှ လယ်သမားများအတွက် လယ်ဧက ၄၀၀၀၀ ကျော်ကို ရေပေးဝေသွားမည်ဖြစ်သည်။ ၂၀၁၄-၂၀၁၅ ခုနှစ် တတိယနှစ်တွင် ဖြူးမြို့နယ်နှင့်အုတ်တွင်း မြို့နယ်များမှ လယ်သမားများအတွက် လယ်ဧက ၅၀၀၀၀ကျော်ကို ဆက်တိုက် ရေဖြန့်ဝေပေးသွားမည်ဖြစ်သည်။ ဖြူးရေလှောင်တမံဘက်စုံ စီမံကိန်းမှ ဖြူးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်မှ လယ်သမားများအတွက် နှစ်စဉ်လယ်ဧက ၁၀၀၀၀၀ ကျော်ကို ရေဖြန့်ဝေပေးသွားမည်ဖြစ်သည်။

### ပြောကြား

ဖြူးမြို့နယ် မင်းကန်စိုရွာမှ လယ်သမား ကိုစိန်ထွန်းက "ဖြူးချောင်းရေလှောင်တမံပြီးပါက ဆည်ရေဖြင့် နွေစပါးစိုက်ပျိုးနိုင်မည့်အတွက် ဝမ်းသာနေကြောင်း၊ ဆည်ရေဖြင့် နွေစပါးအပြင် မတ်ပဲ၊ မြေပဲ၊ ကြံ၊ ပြောင်းနှင့်အခြားသီးနှံများပါ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။ ဖြူးမြို့နယ်မှ လယ်သမားကြီး ဦးဗဟာဒူးကလည်း "ဆည်မြောင်းဌာနကို ကျေးဇူးတင်ကြောင်း၊ ဆည်ရေဖြင့် အခြားသီးနှံများ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း" ၎င်း၏ ရင်တွင်းစကားကို ပြောကြားသွားခဲ့သည်။ ။

**ကိုတင်လှိုင်(မိတ္ထီလာ) ➤ ဓာတ်ပုံ-ကိုသန့်စင်(မိတ္ထီလာ)**



ရေပိုလွှဲကွန်ကရစ်လုပ်ငန်းပြီးစီးမှုကိုတွေ့ရစဉ်။



ပင်မတမံတည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။



ရေလွှဲဥမင်အတွင်း သံပေါင်ကုံးတပ်ဆင်ခြင်းလုပ်ငန်းခွင်ကိုတွေ့ရစဉ်။

ကိုသစ္စာ - စုစည်းသည်



# ရုပ်ရှင်မင်းသားစတားလုံးနှင့်အာနိုး အက်ရှင်ဇာတ်ကားသစ်ရိုက်ကူးမည်

**လော့စ်အိန်ဂျလိစ် ဧပြီ ၁၂**

ရုပ်ရှင်မင်းသားကြီး ဆီလ်ဗက်စတာ စတားလုံးသည် ဟောလိဝုဒ်ရုပ်ရှင်မင်းသားကြီးအာနိုးနှင့်အက်ရှင်ဇာတ်ကားသစ်တစ်ကားရိုက်ကူးတော့မည်ဖြစ်ကြောင်း စတားလုံး၏ ကိုယ်ပိုင်ရုပ်ရှင်ကုမ္ပဏီက ဧပြီ ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

၎င်းဇာတ်ကားသစ်သည် စတားလုံး တစ်ချိန်က အောင်မြင်ခဲ့သော ရော့ကီနှင့် ရမ်ဘိုဇာတ်ကားများကို အခြေခံကာ ဇာတ်လမ်းအသစ်ကို ရုပ်ရှင်မင်းသားစတားလုံး ကိုယ်တိုင်ရေးသားကာ ကိုယ်တိုင်ဒါရိုက်တာအဖြစ် ရိုက်ကူးမည်ဖြစ်သည်။

**အောင်မြင်စွာလုပ်ကိုင်**

စတားလုံးသည် အသက် ၅၆ နှစ်အရွယ်ရှိပြီး သရုပ်ဆောင်၊ ဒါရိုက်တာနှင့် ဇာတ်ညွှန်းရေးဆရာအဖြစ်လည်း အောင်မြင်စွာလုပ်ကိုင်နေသူဖြစ်သည်။ ယခုရိုက်ကူးမည့် ဇာတ်ကားသစ်၌ ရော့ကီဇာတ်ကားတွင် သူပါဝင်သရုပ်ဆောင်ခဲ့သော ဇာတ်ကောင်စရိုက်ကို အခြေခံပြီး ဒုစရိုက်လောကသားများကို ဖြိုခွင်းသည့် အက်ရှင်ဇာတ်လမ်းဖြစ်သည်။

ယခုအခါလော့စ်အိန်ဂျလိစ်မြို့ရှိ လက်ဝှေ့လေ့ကျင့်ရေးရုံတွင်ရုပ်ရှင်မင်းသားကြီးစတားလုံးသည် လက်ဝှေ့လေ့ကျင့်မှုများပြုလုပ်လျက်ရှိရာ လာမည့်ဩဂုတ်လ၌ ယင်းဇာတ်ကားစတင်ရိုက်ကူးရန်စီစဉ်လျက်ရှိသည်။ **(အင်တာနက်)**

# ဟောလိဝုဒ်ရုပ်ရှင်မင်းသမီးဆေးဖရစ် ဇာတ်ကားသစ်နှင့် တေးအယ်လ်ဘမ်သစ် ထွက်မည်



**လော့စ်အိန်ဂျလိစ် ဧပြီ ၁၂**

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး အမင်ဒါဆေးဖရစ်**(ယာပုံ)**က Love Lace အမည်ရှိဇာတ်ကားသစ်မှာ သူမ ပါဝင်သရုပ်ဆောင်ထားတဲ့အပြင် ကိုယ်တိုင်ထုတ်လုပ်သူအဖြစ်လည်း ဆောင်ရွက်ထားကြောင်း ဧပြီ ၁၂ ရက်မှာ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

အမင်ဒါဆေးဖရစ်က အဲဒီဇာတ်ကားမှာ လင်ဒါအမည်ရှိ အမျိုးသမီးတစ်ဦးအဖြစ် အချစ်ကို ဦးစားပေးသူအနေနဲ့ ပီပီပြင်ပြင်သရုပ်ဆောင်ထားတာမို့ ပရိသတ်အကြိုက်ဇာတ်ကား တစ်ကားဖြစ်မှာ သေချာပါတယ်။ အသက် ၂၇ နှစ်အရွယ်သာရှိပေမယ့် သရုပ်ဆောင်၊ အဆိုတော်နဲ့ မော်ဒယ်အလုပ်တွေအပြင် ရုပ်ရှင်ထုတ်လုပ်သူအဖြစ်လည်း လုပ်ကိုင်နေသူဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်အတွင်း ထွက်ရှိမယ့် ရုပ်ရှင်ကားသစ်တစ်ကားဖြစ်တဲ့ Les Miserables ဇာတ်ကားမှာလည်း ပါဝင်သရုပ်ဆောင်ထားပြီး လာမယ့်ဇွန်လအတွင်းမှာ ရုံတင်ပြသနိုင်တော့မှာဖြစ်ပါတယ်။ အဲဒီဇာတ်ကားဟာ ဟောလိဝုဒ်မှာ ဝင်ငွေစံချိန်တင်ရရှိနိုင်မယ့်ရုပ်ရှင်အဖြစ် ရေပန်းစားနေပါတယ်။ ရုပ်ရှင်မင်းသမီး အမင်ဒါဆေးဖရစ်က ဟောလိဝုဒ်ရဲ့အသက် ၃၀အောက် ရုပ်ရှင်မင်းသမီးတွေမှာ ပဥ္စမမြောက်အလှပဆုံးနဲ့ အောင်မြင်မှုအရှိဆုံး ရုပ်ရှင်မင်းသမီးတစ်ဦးဖြစ်ပါတယ်။ ဒါ့အပြင် ကမ္ဘာကျော် People မဂ္ဂဇင်းက ရွေးချယ်တဲ့ကမ္ဘာ့အလှဆုံး ရုပ်ရှင်မင်းသမီး ၂၅ ဦးထဲမှာ နံပါတ် ၁ နေရာ၌ ရွေးချယ်ခံထားရသူလည်းဖြစ်ပါတယ်။ ရုပ်ရှင်မင်းသမီး အမင်ဒါဆေးဖရစ်က အဆိုတော်တစ်ဦးအပြင် ကိုယ်တိုင်သီချင်းရေးသူတစ်ဦးလည်းဖြစ်တာကြောင့် လာမယ့်မေလကုန်မှာ ကိုယ်တိုင်ရေးသားသီကုံးတဲ့ တေးအယ်လ်ဘမ်သစ် ထွက်ရှိနိုင်ဖို့လည်း ကြိုးစားနေပါတယ်။ အဲဒီတေးအယ်လ်ဘမ်က သူမရဲ့ သုံးခုမြောက်တေးအယ်လ်ဘမ်လည်းဖြစ်ပါတယ်။ **(အင်တာနက်)**



# ရုပ်ရှင်မင်းသမီး ချာဂျီယွန် ဂျပန်ဇာတ်ကားသစ်၌ ပါဝင်သရုပ်ဆောင်မည်

**ဆိုးလ် ဧပြီ ၁၂**

တောင်ကိုရီးယားရုပ်ရှင်မင်းသမီး ချာဂျီယွန်**(ဝဲပုံ)**သည် The Lion King အမည်ရှိ ရုပ်ရှင်ကားသစ်တစ်ကား ရိုက်ကူးရန် ဂျပန်နိုင်ငံမှ ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုနှင့် စီစဉ်လျက်ရှိကြောင်း ဧပြီ ၁၂ ရက်၌ သတင်းထုတ်ပြန်သည်။

အသက် ၂၉နှစ်အရွယ်ရှိ ရုပ်ရှင်မင်းသမီးချာဂျီယွန်သည် ဂျပန်ရုပ်ရှင်မင်းသားတစ်ဦးနှင့် အက်ရှင်ကားတစ်ကားရိုက်ကူးမည်ဖြစ်ပြီး မျိုးနွယ်ကိုစောင့်ထိန်းသော ဂျပန်အမျိုးသမီးငယ်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

ရုပ်ရှင်သရုပ်ဆောင်တစ်ဦးအပြင် အဆိုတော်လည်းဖြစ်သော ချာဂျီယွန်သည် Seopyeonje အမည်ရှိ တေးအယ်လ်ဘမ်တွင် အကောင်းဆုံးသရုပ်ဆောင်ပြီးဖျော်ဖြေသီဆိုထားနိုင်မှုကြောင့် ၂၀၁၂ခုနှစ် အကောင်းဆုံးတေးဂီတဆိုင်ရာ သရုပ်ဆောင်ဆုကိုရရှိရန် အမည်စာရင်းတင်သွင်းခံထားရသူဖြစ်သည်။

ယင်းဆုကို တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ လာမည့်ဇွန် ၇ ရက်၌ ရွေးချယ်ချီးမြှင့်မည်ဖြစ်သည်။ ရုပ်ရှင်မင်းသမီးချာဂျီယွန်သည် တောင်ကိုရီးယားနိုင်ငံ အက်စ်ဘီအက်စ် ရုပ်မြင်သံကြားလိုင်းမှ ထုတ်လွှင့်တော့မည့် The Light အမည်ရှိ ရုပ်မြင်သံကြားဒရာမာဇာတ်လမ်းတွဲတွင်လည်း ပါဝင်သရုပ်ဆောင်ထားကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

မောင်မောင်မြင့်ဆွေ - စုစည်းသည်

# မန်ယူရှုံးပြီး မန်စီးတီးနိုင်ပွဲရ ဖလားရယူရေး ဟဂ္ဂူဆန်ရင်ပူရပြီ

**လန်ဒန် ဧပြီ ၁၂**

ပရီမီယာလိဂ်ပွဲစဉ် (၃၃)လက်ကျန်ပွဲများကို ဧပြီ ၁၂ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ဝီဂန်နှင့်မန်ယူတို့ပွဲ **(အောက်ပုံ)**တွင် မန်ယူတို့အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရာ အဖိုးတန်သုံးမှတ်ဆုံးရှုံးခဲ့ရသော်လည်း ပြိုင်ဘက်မန်စီးတီးက အိမ်ကွင်း၌ ဝက်စ်ဘရွန်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရရှိသွားခဲ့သည်။ ယခုပွဲ မန်ယူတို့ရှုံးသဖြင့် ပရီမီယာလိဂ်ဖလားရယူရေးအတွက် နည်းပြဖာဂူဆန် ရင်ပူနေရပြီဖြစ်သည်။

အိမ်ရှင်ဝီဂန်တို့က အမှားအယွင်းနည်းနည်းဖြင့် ကစားခဲ့ပြီး အခွင့်အရေးရသည်နှင့် ထိုးဖောက်ကစားခဲ့မှုကြောင့် မန်ယူတို့ထင်တိုင်းမပေါက်ခဲ့ချေ။ မန်ယူအသင်းသည် ပထမပိုင်း ပွဲချိန်အတွင်း ဝီဂန်တိုက်စစ်မှူးများ၏ ဂိုးရရှိရေး ခြိမ်းခြောက်မှုများကို ဟန့်တားခဲ့ရသည်။

ဒုတိယပိုင်းပွဲချိန် မိနစ် ၅၀ ၌ ဝီဂန်မှ မာလိုနေက ဂိုးသွင်းယူနိုင်ခဲ့သဖြင့် မန်ယူတို့ ဖိအားဖြစ်ပေါ်ခဲ့သည်။ မန်ယူတို့ ချေပဂိုးရရှိရေး ကြိုးစားသော်လည်း အီဗန်နှင့် ဖီးလ်ဂျုန်းတို့သာ အဝါကတ်များထိပြီး သတိပေးခံခဲ့ရသည်။ ပွဲချိန်ပြည့်သည်အထိ မန်ယူတို့ချေပဂိုးမသွင်းနိုင်ခဲ့သဖြင့် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီး သုံးမှတ်ဆုံးရှုံးခဲ့ရခြင်း ဖြစ်သည်။ နောက်ထပ်ပွဲစဉ်ဖြစ်သည့် မန်စီးတီးနှင့် ဝက်စ်ဘရွန်းတို့ပွဲတွင် မန်စီးတီးက လေးဂိုးသွင်းယူနိုင်ခဲ့သည်။ မန်စီးတီးအတွက် ဂိုးများကို ပွဲချိန် ၆ မိနစ်နှင့် ၅၄ မိနစ်တို့၌ အဂွီရိုက တစ်ဦးတည်းနှစ်ဂိုးသွင်းယူပေးခဲ့သည်။ ထို့နောက် ပွဲချိန် ၆၁ မိနစ်၌ တီဗက်ဇ်က တစ်ဂိုးနှင့် ၆၄ မိနစ်၌ ဒါဆေးလ်ဗားက တစ်ဂိုးသွင်းယူခဲ့သဖြင့် ပွဲအပြီး မန်စီးတီးက လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မန်စီးတီးတို့ ယခုပွဲအနိုင်ရရှိသဖြင့် တန်းစီဇယားထိပ်ဆုံးမှ မန်ယူနှင့်ပွဲတူ ငါးမှတ်သာကွာခြားပြီး ဖိအားပေးထားနိုင်ပြီဖြစ်သည်။ အခြားပွဲစဉ်များတွင် အာဆင်နယ်က ဝုဖ်အသင်းကို သုံးဂိုးပြတ်ဖြင့် နိုင်ပွဲရပြီး ကျူပီအာအသင်းက ဆွမ်ဆီးအသင်းကို သုံးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့သည်။ **(အင်တာနက်)**



# ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်(၃၀) ဆက်လက်ယှဉ်ပြိုင် ဒေါ့မွန်တို့နိုင်ပွဲရပြီး တန်းစီဇယားထိပ်၌ ဦးဆောင်နေ

**ဘာလင် ဧပြီ ၁၂**

ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ် (၃၀) လက်ကျန်ပွဲများကို ဧပြီ ၁၂ ရက် နံနက် က ယှဉ်ပြိုင်ကစားရာ ဒေါ့မွန်နှင့် ဘိုင်ယန်မြူးနစ်တို့ပွဲတွင် ဒေါ့မွန်တို့က တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိပြီး တန်းစီဇယားကို ဆက်လက်ဦးဆောင်လျက်ရှိသည်။ **(ယာပုံ)**



အိမ်ကွင်း၌ ကစားရသော ဒေါ့မွန်ကို ညှော့သည် ဘိုင်ယန်မြူးနစ်တို့က အနိုင်ရလိုစိတ်ပြင်းပြင်းနှင့် ကစားခဲ့မှုကြောင့် ပထမပိုင်းပွဲချိန်အတွင်း ဂိုးမသွင်းနိုင်ခဲ့ချေ။ တန်းစီဇယား ဒုတိယနေရာမှ ဘိုင်ယန်မြူးနစ်တို့က ဂိုးသွင်းနိုင်ရေး ကြိုးစားခဲ့မှုများကို ဒေါ့မွန်တို့ ဟန့်တားကာကွယ်ခဲ့ရသည်။

ဒုတိယပိုင်း ပွဲချိန် ၇၇ မိနစ်ရောက်မှသာ ဒေါ့မွန်မှ လီဝမ်ဒေါ့စကီးက ဂိုးသွင်းယူနိုင်ခဲ့သည်။ ဘိုင်ယန်မြူးနစ်တို့ ချေပဂိုးရရှိရေးကြိုးစားခဲ့ရာ ပွဲချိန် ၈၈ မိနစ်၌ ပယ်နယ်တီရရှိခဲ့ပြီး ရော်ဘင်ကန်သွင်းရာ ဂိုးမဝင်ခဲ့သဖြင့် ဘိုင်ယန်မြူးနစ်တို့ နစ်နာခဲ့ရသည်။

ပွဲချိန်ပြည့်သည်အထိ ဘိုင်ယန်မြူးနစ်တို့ ချေပဂိုးမသွင်းနိုင်ခဲ့သဖြင့် ဒေါ့မွန်တို့က တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိပြီး ပွဲကျပ်တစ်ပွဲကို အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။ အခြားပွဲစဉ်များအဖြစ် ဟန်နိုဗာက ဝုဖ်ဘတ်ကို နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရပြီး ဟော်ဖန်ဟင်းက ဟမ်ဘတ်ကို လေးဂိုးပြတ်နိုင်ပွဲရကာ နူရင်ဘတ်က ရှော်ကေးအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ **(အင်တာနက်)**

# ကိုပင်ဟေဂင် ဒဗလျူတီအေတင်းနစ်ပြိုင်ပွဲ ခရိုအေးရှားတင်းနစ်မယ် မာတစ်နိုင်ပွဲရ

**ကိုပင်ဟေဂင် ဧပြီ ၁၂**

ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့တွင် ကျင်းပလျက်ရှိသော ကိုပင်ဟေဂင် ဒဗလျူတီအေ တင်းနစ်ပြိုင်ပွဲအမျိုးသမီးတစ်ဦးချင်း ဒုတိယအဆင့်ပြိုင်ပွဲများကို ဧပြီ ၁၂ ရက်က ယှဉ်ပြိုင်ရာ ပီထရာမာတစ်**(ယာပုံ)**က ဂျိုဟန်နာကန်တာအား အနိုင်ရရှိခဲ့သည်။



ခရိုအေးရှားတင်းနစ်မယ် ပီထရာမာတစ်သည် ဩစတြီးယားတင်းနစ်မယ် ကန်တာအား ၆-၂၊ ၆-၃ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး တတိယအဆင့်သို့ တက်ရောက်ခဲ့ပြီဖြစ်သည်။ ထိုပွဲအနိုင်ရရှိရန် ပီထရာမာတစ်သည် တစ်နာရီကျော်မျှ ယှဉ်ပြိုင်ကစားခဲ့ရသည်။ တစ်ဖန် ဂျာမနီတင်းနစ်မယ် မိုနာဘာဘာဘယ်က အီတလီတင်းနစ်မယ် အယ်ဘာတာဘာရန်တီအား ၆-၃၊၆-၂ ဖြင့် အနိုင်ရရှိခဲ့သည်။ ထို့အတူ အက်စ်တိုးနီးယားတင်းနစ်မယ် ကိန်းပီက ဟန်ဂေရီတင်းနစ်မယ် ဘာဘိုစ်အား ၇-၅၊ ၄-၆၊ ၇-၆ ဖြင့်နိုင်ပွဲရရှိပြီး တတိယအဆင့်သို့ တက်ရောက်ခဲ့သည်။ **(အင်တာနက်)**

# မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

အီတလီနိုင်ငံနေ (President & Coach of Filadelfia Soccer Association) Alfonsino Ciliberto & Francesca Castagna တို့၏သားကြီး

**Francesco Ciliberto**

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်နေ ဦးအောင်မြင့်(ဒုတိယညွှန်ကြားရေးမှူး၊ ငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန)- ဒေါ်ခင်ခင်တင့်တို့၏ တစ်ဦးတည်းသောသမီးကြီး

**ရည်မွန်မြင့် B.A (Hist:)**

တို့၏ ၂၀၁၂ခုနှစ် ဧပြီ ၁၀ရက် (အင်္ဂါနေ့) ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် စကားဝါလမ်းရှိ မင်းကွန်းတိပိဋကနိကာယ ရွှေရတုကျောင်းတော်ကြီးတွင် မင်္ဂလာဦးဆွမ်းကပ်လှူပွဲသို့ ကြွရောက်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ညနေပိုင်းတွင် ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဝန်ကြီး ဦးအုံးကျော် နိုင်ငံခြားရေးဝန်ကြီးဌာန(ငြိမ်း)နှင့် ဇနီး ဒေါ်ခင်ကြည်နှင့် မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးခဲ့ကြသော နိုင်ငံခြားရေးဝန်ကြီးဌာနမှ အငြိမ်းစား ဒုတိယဝန်ကြီးများနှင့် အရာထမ်း၊ အမှုထမ်းများ၊ ဂုဏ်သရေရှိပုဂ္ဂိုလ်ကြီးများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးညွန့်ဝေ၊ မင်္ဂလာဝတ်စုံ၊ မိတ်ကပ်၊ လက်ဝတ်ရတနာများဆင်မြန်းပေးသော တော်ဝင်သူလင်းလင်းနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**Francesco Ciliberto-ရည်မွန်မြင့်**

# ပြန်ကြားရေးဝန်ကြီးဌာန
# ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ကုန်ကြမ်းစက္ကူများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် အောက်ဖော်ပြပါ ကုန်ကြမ်းစက္ကူများကို ယှဉ်တွဲပါ အရေအတွက်များအတိုင်း ဝယ်ယူလိုပါသည်-

၁။ **စက္ကူ**

| | | |
|---|---|---|
| **Newsprint Paper (48.8 gsm)** (28¼",30",40") | | 3800 တန် |

၂။ **Woodfree Paper**

| | | |
|---|---|---|
| (၁) | 34" Reel (80 gsm) | 15 တန် |
| (၂) | 27"x 34" (60gsm) | 40 ထုပ် |
| (၃) | 31"x 43" A-1 (70 gsm) | 300 ထုပ် |
| (၄) | 31"x 43" (80 gsm) | 150 ထုပ် |
| (၅) | 31"x 43" (100 gsm) | 80 ထုပ် |
| (၆) | 23½"x 33" (A1) (70 gsm) | 1000 ထုပ် |
| (၇) | 23½"x 33" (A1) (100 gsm) | 1200 ထုပ် |

၃။ (က) **ကြွေစက္ကူ (အထူ)**

| | | |
|---|---|---|
| (၁) | 31"x 43" (210 gsm) | 60 ထုပ် |
| (၂) | A1 (250 gsm) | 50 ထုပ် |
| (၃) | A1 (260 gsm) | 25 ထုပ် |
| (၄) | A1 (210 gsm) | 50 ထုပ် |
| (၅) | A1 (280 gsm) | 10 ထုပ် |
| (၆) | 31"x 43" (280 gsm) | 10 ထုပ် |

(ခ) **ကြွေစက္ကူ(အပါး)**

| | | |
|---|---|---|
| (၁) | 31"x 43" (85 gsm) | 30 ထုပ် |
| (၂) | A1 (105 gsm) | 40 ထုပ် |
| (၃) | 31"x 43" (105 gsm) | 40 ထုပ် |

(ဂ) Crome Coated (270 gsm) A-1 — 35 ထုပ်

(ဃ) **M.G Pressing Paper**

| | | |
|---|---|---|
| (၁) | 31"x 43" (210 gsm) (Green) NMB(U) | 30 ထုပ် |
| (၂) | 31"x 43" (205 gsm) (Orange) NMB (U) | 20 ထုပ် |

(င) **Manilar Paper (0.45 mm)** — 32 မီတာ

(စ) **အခြားစက္ကူများ**

| | | |
|---|---|---|
| (၁) | Colour Pulp Board 22"x 29" (210 gsm) (Dark Pink) | 70 ထုပ် |
| (၂) | W/P 27"x 34" (60 gsm) | 60 ထုပ် |
| (၃) | White Pulp Board A1 (200 gsm) (500 Sht Per/ Pkt) | 30 ထုပ် |
| (၄) | Art Post Cart 23"x 35" (105 gsm) | 5 ထုပ် |
| (၅) | Binding Cloth (1400mm x 100m) (Red) | 1 လိပ် |
| (၆) | Binding Cloth (1400mmx 100m) (Blue) | 3 လိပ် |
| (၇) | Binding Cloth (1400mmx 100m) (Green) | 1 လိပ် |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၄-၄-၂၀၁၂ရက်မှ ၂၉-၄-၂၀၁၂ရက်အထိ နေ့စဉ်နံနက် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၃၀-၄-၂၀၁၂ရက် နံနက် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**ပြည်တွင်း/ပြည်ပ ပစ္စည်းများ ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ် (၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၂၇၊ ၀၆၇-၄၁၂၃၂၃**








# ကမ္ဘောဇဘောလုံးအသင်း လူရွေးပွဲဖိတ်ခေါ်ခြင်း

ကမ္ဘောဇဘောလုံးအသင်း (KBZ FC) တွင် လူငယ်ဘောလုံးသမားများ ရွေးချယ်နိုင်ရန်အတွက် လျှောက်လွှာတင်ထားသော ဘောလုံးသမားများအား အောက်ပါအစီအစဉ်အတိုင်း ရွေးချယ်သွားမည်ဖြစ်ပါသဖြင့် ဘောလုံးကန်ဝတ်စုံနှင့် ဖိနပ်များ ယူဆောင်လာကြပါရန် မေတ္တာရပ်ခံ အကြောင်းကြားအပ်ပါသည်။

**နေရာ** - ကွင်း(၁) သို့မဟုတ် ကွင်း(၂) သုဝဏ္ဏလေ့ကျင့်ရေးကွင်း၊ ရန်ကုန်မြို့။
**နေ့ရက်** - ၂၀၁၂ခုနှစ် ဧပြီ ၂၁၊ ၂၂ရက် (စနေ/တနင်္ဂနွေ)
**အချိန်** - နေ့စဉ် နံနက် ၇ နာရီ

# မြန်မာ့လက်ရွေးစင် လူငယ်ဂေါက်သီးကစားသမားများ ချန်ပီယံပထမဆုဖလားအပါအဝင် ဆုတံဆိပ်များရရှိ



**ရန်ကုန် ဧပြီ ၁၂**

ထိုင်းနိုင်ငံ ပတ္တရားမြို့ St. Andrew, Rayong Green Valley ဂေါက်ကွင်း၌ ဧပြီ ၃ ရက်မှ ၆ ရက်အထိ ကျင်းပပြီးစီးသွားသော 11th True Visions International Junior Golf Championships 2012 ပြိုင်ပွဲတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၄ နိုင်ငံမှ အားကစားသမား ၂၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြရာ မြန်မာနိုင်ငံမှ ရဲထက်အောင်က အသက်(၁၅-၂၀) သက်တန်း တစ်ဦးချင်းပြိုင်ပွဲတွင် ချန်ပီယံ ပထမဆုဖလားကို ရရှိသည်။ ရဲထက်အောင်၊ ဝေယံလင်း၊ စည်သူရဲရင့်နှင့် ယဉ်မေမျိုးတို့ ပါဝင်သော မြန်မာ့လက်ရွေးစင် လူငယ်အသင်းက အသင်းလိုက် တတိယဆုကို ရရှိသည်။ အသက်(၁၅-၂၀) သက်တန်းမှ စည်သူရဲရင့်နှင့် အသက်(၁၁-၁၂)သက်တန်းမှ ဟိန်းစည်သူတို့က နှစ်သိမ့်ဆုများ ရရှိကြသည်။ **(ဝဲပုံ)**

**ကြိုဆိုနှုတ်ဆက်**

ယင်းပြိုင်ပွဲသို့ အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးမျိုးထွန်း၊ နည်းပြအဖြစ် ဦးချမ်းဟန်နှင့် ကစားသမား ၁၇ ဦးတို့ လိုက်ပါသွားကြသည်။ အောင်ပွဲရ မြန်မာ့လက်ရွေးစင် လူငယ်ဂေါက်သီးအဖွဲ့သည် ဧပြီ ၇ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်၊ အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်နှင့် မိဘဆွေမျိုးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့အလင်း မီးလောင်မှုသတင်းများ

## လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်ရှိ ဖော့ဘူးစက်ရုံ၌မီးလောင် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်ကြရန် သက်ဆိုင်ရာကတိုက်တွန်းနှိုးဆော်

**နေပြည်တော် ဧပြီ ၁၂**

ယနေ့ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်ရှိ YC ဖော့ဘူးစက်ရုံ၌ မီးလောင်မှုဖြစ်ပွားခဲ့ပြီး၊ ညနေ ၃ နာရီ မိနစ် ၄၀ ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရှိရသည်။

မီးလောင်မှု ဖြစ်ပွားရခြင်းမှာ ဖော့ပုံးများအား လျှပ်စစ်မီးဖြင့် အပေါက်ဖောက်ရာမှ မီးကူးစက်လောင်ကျွမ်းခြင်းဖြစ်ကြောင်း၊ မီးလောင်မှုဖြစ်ပွားရာသို့ မီးသတ်ယာဉ် အစီး ၃၀၊ အုပ်ချုပ်မှုယာဉ် ငါးစီးရောက်ရှိပြီး ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့သဖြင့် မိနစ်ပိုင်းအတွင်း မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် မတ်တူးယာဉ် တစ်စီး၊ သွပ်မိုး၊ သံကူကွန်ကရစ်စက်ရုံ အဆောက်အအုံတစ်လုံး၊ စက်ရုံအတွင်းရှိ စက်ပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းဖော့များ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတစ်ဝန်းမီးလောင်ဆုံးရှုံးမှုများ နှစ်စဉ်ဖြစ်ပွားလျက်ရှိရာ ကာယကံရှင်များအတွက်သာမက မြို့၊ ရွာဖွံ့ဖြိုးတိုးတက်မှု၊ ထိုမှ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွင် များစွာထိခိုက်ဆုံးရှုံးမှုဖြစ်ရသည်။

ပူပြင်းသော ကာလဖြစ်သည့်အတွက် မီးအလွယ်တကူ ကူးစက်လောင်ကျွမ်းနိုင်သဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်များကို ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာနှင့် စာစောင်များတွင် မပြတ်ထုတ်လွှင့်သတိပေးလျက်ရှိပြီး မြို့၊ ရွာ၊ ရပ်ကွက်များအတွင်း မီးသတ်တပ်ဖွဲ့ဝင်များက အသိပညာပေးဟောပြောခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်မှု သရုပ်ပြသခြင်း၊ မီးစနစ်တကျသုံးစွဲမှု ရှိ မရှိ အခါအားလျော်စွာ ဝင်ရောက်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

မီးကြွင်းမီးကျန်များ ထားရှိခြင်း၊ လျှပ်စစ်မီးများ အပူလွန်ကဲပြီး မီးလောင်ခြင်း၊ ဆေးလိပ်မီးများ မငြိမ်းသတ်ဘဲ လွှင့်ပစ်ရာမှ မီးလောင်ကျွမ်းခြင်း စသည့် ပေါ့ဆမီးကြောင့် မီးလောင်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် ပြည်သူများအနေဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်ကြပါရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန် YC ဖော့ဘူးစက်ရုံ၌ မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်စဉ်။** (သတင်းစဉ်)



## ဝမ်းတွင်းမြို့တွင် မီးလောင်မှုဖြစ်ပွား

**ဝမ်းတွင်း ဧပြီ ၁၂**

ဝမ်းတွင်းမြို့ အမှတ် ၃ ဗဟိုရပ်ကွက်တွင် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက နေအိမ်တစ်အိမ်တွင် ဝိုင်ယာကြိုးမှရှော့ခ်ဖြစ်၍ မီးလောင်ကျွမ်းခဲ့သည်။ မီးလောင်မှုကြောင့် ငါးပင်သုံးပင် ထရံကာ၊ သွပ်မိုး၊ အုတ်ခင်းတစ်ထပ် အဆောက်အအုံတစ်လုံး၊ သုံးပင်ပတ်လည် အိမ်တစ်လုံးနှင့် ငါးပင် ခြောက်ပင် သွပ်မိုး၊ အုတ်ခင်း ချည်ထည်ဂိုဒေါင်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။ မီးလောင်လျှင်လောင်ချင်း ဝမ်းတွင်း မီးသတ်ကားတစ်စီး၊ သဲတော မီးသတ် ကားတစ်စီး၊ မိတ္ထီလာမီးသတ်ကားနှစ်စီး၊ ဝမ်းတွင်းစည်ပင်မှ ရေသယ်ယာဉ်တစ်စီး၊ ရပ်ကွက်တွင်းမှ ၁၂ ဘီး ရေသယ်ယာဉ်တစ်စီးနှင့် ရပ်ကွက်လူထုက ဝိုင်းဝန်း ငြိမ်းသတ်ခဲ့ရာ မီးမှာ နာရီပိုင်းအတွင်း ငြိမ်းသွားသည်။ မီးလောင်ရာသို့ မိတ္ထီလာခရိုင် အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်၊ ဒုတိယ ရဲမှူးကြီး ဇော်မင်းသန်း၊ ဝမ်းတွင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကိုကိုထွေးတို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ မီးလောင်မှုကြောင့် စုစုပေါင်း ၁၁ ဦးတို့မှာ အိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့သည်။ **(၀၁၂)**

13-4 (13).pmd 1 4/13/2012, 3:07 AM

ထူးထူးခြားခြားကမ္ဘာတစ်လွှား ထူးထူးခြားခြားကမ္ဘာတစ်လွှား ထူးထူးခြားခြားကမ္ဘာတစ်လွှား

# ကမ္ဘာ့အသက်ကြီးဆုံး အမြွှာညီအစ်မနှစ်ဦး



**အီဗီလင် (ဝဲ)နှင့် အီဒစ်ရစ်ချီတို့ကို တွေ့ရစဉ်။**

**လန်ဒန် ဧပြီ ၁၂**

ဗြိတိန်နိုင်ငံမှ အမြွှာညီအစ်မနှစ်ဦးဖြစ်သော အီဒစ်ရစ်ချီနှင့် အီဗီလင်တို့နှစ်ဦးသည် ကမ္ဘာပေါ်တွင် သက်ရှိထင်ရှားရှိနေသော ကမ္ဘာ့အသက်ကြီးဆုံးအမြွှာညီအစ်မအဖြစ်ဂင်းနက်စ်မှတ်တမ်း၌ ဧပြီ ၁၁ ရက်က ဖော်ပြခဲ့သည်။

၎င်းတို့ညီအစ်မနှစ်ဦးသည် ၁၉၀၉ ခုနှစ် နိုဝင်ဘာ ၁၅ ရက်က မွေးဖွားခဲ့သူများဖြစ်ရာ အသက် ၁၀၃ နှစ်ပြည့်ရန် လအနည်းငယ်သာလိုတော့သည့် အမြွှာညီအစ်မနှစ်ဦးဖြစ်သည်။ ယင်းအမြွှာညီအစ်မနှစ်ဦး၏ (၁၀၂)နှစ်ပြည့်မွေးနေ့ကိုစကော့တလန်ရှိအဘာဒင်းရှိုင်းအရပ် နေအိမ်၌ ကျင်းပခဲ့သည်။

**ထွန်းကား**

အီဗီလင်မှာ ဝီလီယံမစ်လီတန်အမည်ရှိ အမျိုးသားနှင့် လက်ထပ်ခဲ့ပြီး သားသမီးလေးဦး ထွန်းကားခဲ့သည်။ ယခုအခါ မြေး ၁၂ ဦး၊ မြစ် ၂၆ ဦးရရှိနေပြီဖြစ်သည်။ အီဒစ်ရစ်ချီမှာလည်း နာသာနီလ်အမည်ရှိ အမျိုးသားတစ်ဦးနှင့် လက်ထပ်ခဲ့ရာ သားသမီးလေးဦး ထွန်းကားခဲ့သည်။ ယခုအခါ မြေးကိုးဦးရရှိပြီး မြစ် ၂၁ ဦးအထိ ရရှိခဲ့ပြီဖြစ်သည်။ အဆိုပါ အမြွှာညီအစ်မနှစ်ဦးမှာ ယခုအချိန်အထိ စကော့တလန်ရှိ အဘာဒင်းရှိုင်းအရပ်တွင်ရှိသော ဘွန်နီတန်အိမ်ကြီးတွင် အတူတကွ စုပေါင်းနေထိုင်လျက်ရှိသည်။ **(အင်တာနက်)**

**အာကာဟိန်း-စုစည်းသည်**

# ကမ္ဘာ့အကြီးဆုံး ငှက်ကုလားအုတ်ဥ

**ဘာလန်ဂီ ဧပြီ ၁၂**

ဆွီဒင်နိုင်ငံ ဘာလန်ဂီမြို့တွင်ရှိသော ငှက်ကုလားအုတ်မွေးမြူရေးခြံတစ်ခြံအတွင်းမှ ငှက်ကုလားအုတ်တစ်ကောင်၏ ဥမှာ ကမ္ဘာပေါ်တွင် အကြီးဆုံးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရကြောင်း ဧပြီ ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)**

အဆိုပါ ငှက်ကုလားအုတ်၏ ဥမှာ အလေးချိန် ၅ ပေါင် ၁၁ ဒသမ ၃၆ အောင်စ (၂ ဒသမ ၅၈၉ ကီလိုဂရမ်)ရှိရာ အခြားငှက်ကုလားအုတ်ဥများထက် အရွယ်အစား နှစ်ဆခန့်ကြီးမားလျက်ရှိသည်။

ယင်းငှက်ကုလားအုတ်မွေးမြူရေးခြံကို ကာစကင်နှင့်ဂန်နားဆာလင်အမည်ရှိ အမျိုးသားနှစ်ဦးတို့က ပိုင်ဆိုင်ခြင်းဖြစ်ပြီး ယခင်က ကမ္ဘာ့အကြီးမားဆုံး ငှက်ကုလား အုတ်ဥ တစ်လုံးမှာ ၄ ပေါင်သာရှိရာ ယင်းဥ၏ စံချိန်ကို ချိုးပြီး ယခုငှက်ကုလားအုတ်ဥက ဂင်းနက်စ်စံချိန်တင်နိုင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**





# ကျောင်းသား ကျောင်းသူဦးရေအများဆုံး စုပေါင်းသင်ခန်းစာလေ့လာမှု ဂင်းနက်စ်စံချိန်တင်

**လန်ဒန် ဧပြီ ၁၂**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ ဂလိုဘယ်အမည်ရှိ မူလတန်းကျောင်းအပါအဝင် အခြားကျောင်းများမှကျောင်းသား ကျောင်းသူများ စုပေါင်း၍ တစ်ချိန်တည်း၌ ကျောင်းသင်ခန်းစာများကို စုပေါင်းပြီး လေ့လာကျက်မှတ်ကြရာ ကမ္ဘာပေါ်တွင် ကျောင်းသား ကျောင်းသူဦးရေအများဆုံး စုပေါင်းစာကျက်မှုအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဧပြီ ၁၁ ရက်က ဖော်ပြခံရသည်။ **(ဝဲပုံ)**

ထိုသို့စုပေါင်းသင်ခန်းစာကျက်မှတ်ရာတွင် မူလတန်းကျောင်းပေါင်း ၂၇ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၇၃၅ဦးတို့က တူညီဝတ်စုံများဝတ်ဆင်ကာ သတ်မှတ်ထားသောသင်ခန်းစာကို စုပေါင်းကျက်မှတ်ကြခြင်းဖြစ်သည်။ အဆိုပါ စုပေါင်းသင်ခန်းစာကျက်မှတ်ပွဲဖြစ်မြောက်ရေးအတွက် ဗြိတိန်ရုပ်ရှင်မင်းသား ဆီမွန်ကာလောနှင့်အဖွဲ့က ကူညီဖြည့်ဆည်း ထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။ မိမိသည် စာပေလေ့လာမှုကိုအားပေးခြင်းဖြစ်ကြောင်း၊ စာပေလေ့လာမှုနှင့်ပတ်သက်ပြီး ဂင်းနက်စ်မှတ်တမ်းတင်မည့်ပွဲများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ယင်းကျောင်းသား ကျောင်းသူများ စုပေါင်းလေ့လာခဲ့သော ကျောင်းသင်ခန်းစာမှာ မစ္စတာ မာပူရာကို ရေးသားသည့် War House စာအုပ်မှ ဟောလိဝုဒ်ရုပ်ရှင်ကားတစ်ကား၏ ကောက်နုတ်ချက်ဖြစ်သည်။ **(အင်တာနက်)**

ကျန်းမာရေးသတင်းသုတ ကျန်းမာရေးသတင်းသုတ ကျန်းမာရေးသတင်းသုတ ကျန်းမာရေးသတင်းသုတ

**အာကာကျော် - စုစည်းသည်**

# ကိုယ်အလေးချိန်လျှော့ကျရေး နည်းဗျူဟာများ

**နယူးယောက် ဧပြီ ၁၂**

ကိုယ်အလေးချိန်လျှော့ချရန် ကြိုးစားနေသော အမေရိကန်အဝလွန်သူအများစုသည် ရိုးရာနည်းများ အသုံးပြုခြင်းဖြင့် အချိန်တိုကာလအတွင်း အောင်မြင်မှုရရှိကြောင်း ဧပြီ ၁၀ ရက်က လေ့လာဆန်းစစ်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။ **(အောက်ပုံ)**

အဝလွန်သူ ၁၅၀၀ ကျော်တို့အား အဆီများလျှော့စားရန်၊ လေ့ကျင့်ခန်းများ ပုံမှန်လုပ်ရန်အတွက် သုတေသီများက ပညာပေးလှုံ့ဆော်ခဲ့ရာ ကိုယ်အလေးချိန် ၅ ရာခိုင်နှုန်းမှ ၁၁ ရာခိုင်နှုန်းအထိ လျှော့ချခဲ့သည်ဟုဆိုသည်။

အဝလွန်သူများအနေဖြင့် ကိုယ်အလေးချိန်လျှော့ချရေးအစီအစဉ်တစ်ခုကို အမြဲမပြတ်ပြုလုပ်သင့်ကြောင်း၊ အဆီလျှော့စားခြင်း၊ လေ့ကျင့်ခန်းပုံမှန်လုပ်ခြင်းနှင့် ကိုယ်အလေးချိန်ကျဆေးဝါးများကို ဆရာဝန်နှင့်ပြသ၍ သောက်သုံးသင့်ကြောင်း၊ ၎င်းအချက်သုံးချက်ကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ကိုယ်အလေးချိန်လျှော့ကျစေနိုင်ကြောင်း ဘော်စတွန်ရှိ ဟားဗတ်ဆေးတက္ကသိုလ်မှ သုတေသီများက ပြောကြားသည်။

**ပြောကြား**

အမေရိကန်နိုင်ငံသား သုံးပုံတစ်ပုံသည် အဝလွန်ကြကြောင်း၊ အဝလွန်သူအများစုသည် ကိုယ်အလေးချိန်လျှော့ချရန် ကြိုးစားနေကြကြောင်း သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာနစ်ကလတ်စ်က ပြောကြားသည်။ အဝလွန်သူတစ်ဦးသည် ကိုယ်အလေးချိန် ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်း ကိုယ်အလေးချိန်လျှော့ချလိုက်သဖြင့် ကျန်းမာရေးအတွက် များစွာအထောက်အကူ ဖြစ်စေနိုင်သလို သွေးဖိအားကိုလည်း လျှော့နည်းကျဆင်းစေကြောင်း သူမက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**



# လက်သည်းဆိုးဆေးများ ဓာတုအဆိပ်အတောက်ဖြစ်နိုင်

**ဆန်ဖရန်ဆစ္စကို ဧပြီ ၁၂**

အလှပြင်ဆိုင်ခန်းများ၌ တွေ့ရသော လက်သည်းဆိုးဆေးအချို့နှင့် အဆိပ်အတောက်ဖြစ်စေသည့် ဓာတုဆေးများ မပါကြောင်း ကြော်ငြာထားသော လက်သည်းဆိုးဆေးများတွင် ဓာတုဆေးများ လွန်စွာပါဝင်နေသည်ကို တွေ့ရကြောင်း ကယ်လီဖိုးနီးယား ဓာတုဗေဒဆိုင်ရာ ထိန်းသိမ်းရေးအဖွဲ့က ပြောကြားသည်။

ကယ်လီဖိုးနီးယား ပြည်နယ် လက်သည်းအလှပြင်ဆိုင် ၄၈၀၀၀၌ အလုပ်လုပ်နေကြသော အမျိုးသမီး ထောင်ပေါင်းများစွာတို့သည် ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် အနေအထားကို လေ့လာတွေ့ရှိရကြောင်း၊ လက်သည်းဆိုးဆေးပုလင်း အများစုမှာလည်း တံဆိပ်ကပ်မထားကြောင်း အမေရိကန် ဆေးဝါးထိန်းချုပ်ရေးအဖွဲ့က ပြောကြားသည်။ လူကို အန္တရာယ်ဖြစ်စေသည့် Toluence၊ Dibyty Phthalate နှင့် Formaldehyde တို့ကင်းစင်ကြောင်း အာမခံထားသည့် လက်သည်းဆိုးဆေးများတွင် ဓာတုဗေဒဆေးဝါးများတွေ့ရကြောင်း၊ ယင်းဓာတုဆိုးဆေးမျိုးသည် ပန်းနာရင်ကျပ်နှင့် အခြားသောနာဖျားမှုများဖြစ်စေနိုင်ကြောင်း ဆေးဝါးထိန်းချုပ်ရေးအဖွဲ့က ပြောကြားသည်။ **(အပေါ်ပုံ)** **(အင်တာနက်)**



# ကမ္ဘာတစ်ဝန်း သွားရောဂါကုသမှု ထိရောက်အောင်မြင်

**အလာစကား ဧပြီ ၁၂**

အလာစကားကျေးလက်ဒေသများအပါအဝင် ကမ္ဘာတစ်ဝန်းမှ သွားအထူးကုဆရာဝန်များသည် အရည်အချင်းပြည့်ဝစွာ ကုသပေးနိုင်ကြောင်း စစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုအပါအဝင် နိုင်ငံပေါင်း ၅၄ နိုင်ငံမှ သွားအထူးကုဆရာဝန်များ၏ ဆေးကုသမှုမှတ်တမ်း ၁၁၀၀ ကျော်ကို အသေးစိတ်ပြန်လည်စစ်ဆေးပြီးနောက် W.K. Kellogg ဖောင်ဒေးရှင်းက အထက်ပါအတိုင်း အစီရင်ခံစာ၌ ထုတ်ပြန်ပေးခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

မင်နီဆိုးတားပြည်နယ် အလာစကားဒေသသည် သွားအထူးကုဆရာဝန်များ ကိုယ်တိုင်သွားရောက်၍ သွားနုတ်၊ သွားဖာလုပ်ပေးခဲ့သော အမေရိကန်နိုင်ငံ၏ တစ်ခုတည်းသော ဒေသဖြစ်သည်။

အခြားသောပြည်နယ်များစွာတွင်လည်း ဆရာဝန်များကိုယ်တိုင်ဒေသတွင်းကွင်းဆင်း၍ သွားဝေဒနာရှင်များအား သွားရောက်ရှာဖွေကုသသည့်အလုပ်ကို လုပ်ကိုင်နေကြပြီဖြစ်ကြောင်း အဆိုပါဖောင်ဒေးရှင်းက ပြောကြားသည်။ **(အင်တာနက်)**



# ရန်ကုန်တိုင်းဒေသကြီး မဟာသင်္ကြန်ပွဲတော် စတင်ကျင်းပ

## ရေကစားမဏ္ဍပ်ပေါင်း (၁၅၀)ကျော်ဖြင့် အတာသင်္ကြန်ရေသဘင်ပွဲတော် နွှဲပျော်

**ရန်ကုန် ဧပြီ ၁၂**

ယနေ့သည် ၁၃၇၃ ခုနှစ် မဟာသင်္ကြန် အကြိုနေ့ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး အတွင်း၌ မဏ္ဍပ်ကြီး၊ မဏ္ဍပ်ငယ်ပေါင်း (၁၅၀)ကျော် ဆောက်လုပ်ကာ အတာရေသဘင်ပွဲ ဆင်နွှဲကြမည်ဖြစ်ပြီး ရေသဘင်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် ကျင်းပကြသည်။



ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ကို နံနက် ၇ နာရီခွဲတွင် စတင်ဖွင့်လှစ်ပြီး ညနေပိုင်းအထိ ယိမ်းအဖွဲ့များ၊ အက၊ အလှ၊ သဘာဝယာဉ်များက ဧည့်ပရိသတ်များအား ဧည့်ခံဖျော်ဖြေကာ ပါဝင်ယှဉ်ပြိုင်ကြသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို နံနက် ၉ နာရီတွင် သာကေတမြို့နယ် ဧရာဝဏ်လမ်း(ကျောက်တိုင်)ထိပ် မဟာသင်္ကြန်မဏ္ဍပ်၌ ကျင်းပရာ တိုင်းဒေသကြီး သစ်တောနှင့်စွမ်းအင်ဝန်ကြီး ဦးကျော်စိုး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းမင်းတို့က မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အဆိုတော်စိမ်းမို့မို့နှင့် အဆိုတော်ဝိုင်းတို့က မန်းတောင်ရိပ်ခိုသီချင်းသီဆို၍ ယိမ်းအဖွဲ့တို့က ကပြဖျော်ဖြေကြကာ ပျော်ရွှင်စွာ ရေကစားကြသည်။ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များတွင် ရေကစားမဏ္ဍပ် (၅၉)ခု ဆောက်လုပ်ကာ အတာရေသဘင်ပွဲကို ပျော်ရွှင်စွာဆင်နွှဲကြမည်ဖြစ်သည်။

ရန်ကုန်အနောက်ပိုင်းခရိုင် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို နံနက် ၉ နာရီတွင် အလုံမြို့နယ် ကမ်းနားလမ်းနှင့် အလုံလမ်းထောင့်ရှိ အဆိုပါမဏ္ဍပ်၌ကျင်းပရာ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်၊ တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦးနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်တို့က မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များတွင် ရေကစားမဏ္ဍပ် (၇၉)ခု ဆောက်လုပ်ကာ အတာရေသဘင်ပွဲကို ပျော်ရွှင်စွာ ဆင်နွှဲကြမည်ဖြစ်သည်။

ရန်ကုန်တောင်ပိုင်းခရိုင် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို နံနက် ၉ နာရီတွင် သန်လျင်မြို့နယ် စည်ပင်သာယာရေးရုံးအဖွဲ့အနီးရှိ ဗဟိုမဏ္ဍပ်၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်းက နှစ်သစ်ကူး အကြိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် မြို့မိမြို့ဖတစ်ဦးတို့နှင့်အတူ ရေသဘင်မဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက ရေပန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များ၊ ဖျော်ဖြေရေးအဖွဲ့များက သင်္ကြန်မိုးသီချင်းကို သံပြိုင်သီဆို၍ မြန်မာ့ရိုးရာအစဉ်အလာမပျက် သပြေခက်ဖြင့် ရေပက်ကစားကြသည်။

ရန်ကုန်တောင်ပိုင်းခရိုင်တွင် မဏ္ဍပ် (၁၁)ခု ဆောက်လုပ်ကာ အတာရေသဘင်ပွဲကို ပျော်ရွှင်စွာ ဆင်နွှဲကျင်းပသွားမည်ဖြစ်သည်။

ထို့အတူ ရန်ကုန်မြောက်ပိုင်းခရိုင် ကိုယ်စားပြု "ရွှေရည်နံ့သာ" ဗဟိုရေကစားမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို နံနက် ၉ နာရီတွင် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းလမ်းဆုံ

*စာမျက်နှာ ၉ ကော်လံ ၁* ◆

**ရေသဘင်မဏ္ဍပ်ဖွင့်**

**ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ် ဖွင့်ပွဲ အခမ်းအနားကျင်းပစဉ်။**

(သတင်းစဉ်)

# မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်နှင့်

## မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၂**

၁၃၇၃ ခုနှစ် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်နှင့် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးရှေ့ရှိ မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်အားပေးပြီး မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး ဒေါ်မြတ်ငွေ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲအောင်နှင့်ဇနီး ဒေါ်ခိုင်မေကြူ၊ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များ၊ မန္တလေးမြို့တော်ဝန် တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး ဦးအောင်မောင်းနှင့်ဇနီး၊ မန္တလေးမြို့ အခြေစိုက် အိန္ဒိယသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတို့မှ ကောင်စစ်ဝန်ချုပ်များနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ အရာထမ်း၊ အမှုထမ်းများ၊ သင်္ကြန်ယိမ်းအက ဝန်ထမ်းလှပျိုဖြူများ၊ မန္တလေးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသူလေးများ၊ သင်္ကြန်ချစ်သူ မန္တလေးမြို့တော်သူမြို့တော်သားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးမြို့တော်ဝန် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးအောင်မောင်းက သင်္ကြန်အကြို နှုတ်ခွန်းဆက်စကားပြောကြားရာ၌ သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များ စုဝေးထွန်းကားရာ နှစ်ပေါင်း ၁၅၀ ကျော် သက်တမ်းရှိသော မန္တလေးမြို့၏ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကြီးကို ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သစ် အခင်းအကျင်းနှင့်အညီ အမျိုးသားရေးသမိုင်းပေးတာဝန်တစ်ရပ်အနေဖြင့် အလေးအနက်ခံယူလျက် ယခုနှစ်တွင်လည်း အစဉ်အလာမပျက် အောင်မြင်အောင် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုနှစ် သင်္ကြန်ပွဲတော်ကြီးတွင် နှစ်ဟောင်းမှ အညစ်အကြေးများကို အတာရေဖြင့် သွန်းလောင်းသန့်စင်၍ မင်္ဂလာနှစ်သစ်အတွက် အတိတ်ကောင်း၊ နိမိတ်ကောင်းများ ဖြစ်ထွန်းစေရန် မေတ္တာရေစင် သွန်းလောင်းပက်ဖျန်းနိုင်ကြပါစေကြောင်းဖြင့် ပြောကြားသည်။

*စာမျက်နှာ ၇ ကော်လံ ၃* ❖



**ကပြဖျော်ဖြေ**

**မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ရှေ့၌ မန္တလေးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ တူညီရောင်စုံဝတ် ယိမ်းအကအဖွဲ့ဝင် ကျောင်းသူများနှင့် ယိမ်းအဖွဲ့များက ကပြဖျော်ဖြေကြစဉ်။**

(သတင်းစဉ်)

13-4 (20).pmd 1 4/13/2012, 3:07 AM